www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# ရင်ဖြင်တနိုး

ချစ်မိုး သည်းသည်းထန်




www.burmeseclassic.com

ပန်း ဆိုင်း နွေကြည်
2015

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆)<br>ချူးစာပေ၊ အမှတ်-၅၂၀(က)၊ အင်းဝ(၄)လမ်း၊<br>တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရှင် (မြ-၁၀၀၉၈)<br>(ရွှေခြသေ့ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | စိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

ချစ်မိုးသည်းသည်းထန်/ရှင်မြတ်နိုး။ ရန်ကုန်။

ချူးစာပေ၊ ၂၀၁၅။

(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ချစ်မိုးသည်းသည်းထန်


**အခန်း ( ၁ )**

မိုးက သဲသဲမဲမဲ ဝုန်းဒိုင်းကြဲအောင် ရွာနေသည်။ သူ ကားကို ဂရုတစိုက် မောင်းနှင်နေရသည့်ကြားမှ သူတွေ့လိုက်တာက ခပ်လှမ်းလှမ်းမှာ သူ့ကားကိုပိတ်ရပ်တားဆီးနေတဲ့ ဆံပင်ဖားလျားမိုးရေတွေစိုရွှဲနေတဲ့ ကောင်မလေးတစ်ယောက်ရပ်နေသည်ဟု ထင်သည်။

ဟုတ်ရဲ့လား ...

ညဥ့်နက်သန်းခေါင်ကြီးမှာ ဘယ်ကမိန်းကလေးလဲ။

နာနာဘာဝသရဲများလား။ သူ့ကားအရှိန်က တုန့်ခနဲရပ်သွားပြီးမှ လူကောင်းတော့မဖြစ်နိုင်ဘူးဆိုပြီး ဆက်မောင်းဖို့ ပြင်လိုက်၏။ မိန်းကလေးက လက်အုပ်မိုးရှိခိုးပြီး ကားရပ်ပေးဖို့ တောင်းပန်နေလျှက် လက်ပြနေသည်။

"ရပ်လို့မဖြစ်ဘူး ... မကောင်းဆိုးဝါးမလေးလား ... အကြံ



www.burmeseclassic.com

www.burmeseclassic.com



အဖန်ကောင်မလေးလား ... ဒီလိုမိန်းကလေးတွေက အများကြီးပဲ”

သူ လုံးဝမရပ်ပေးဖို့ ဆုံးဖြတ်လိုက်ပြီး ကားကိုကွေ့ရှောင် မောင်းလာခဲ့သည်။ မိန်းကလေးက သူ့ကားနောက်ပြေးလိုက်ရင်း လမ်းမပေါ် ခွေလှဲကျသွား၏။ ဒီလိုကျတော့လည်း သူစိတ်ကမရက် စက်နိုင်။ ကားကို ပြန်လှည့်ခဲ့သည်။

“ဘာလဲဟ ... ပြဿနာပဲ ... ”

သည်းသည်းမဲမဲရွာနေတဲ့မိုးက ရုတ်တရက် တိတ်သွားသည်။

“ဟင် ... ”

သူ ကားပေါ်ကဆင်းလိုက်ပြီး လဲကျနေတဲ့မိန်းကလေးနား လျှောက်လာခဲ့သည်။

“ငယ်ငယ်ရွယ်ရွယ်လေးပဲ ... ဘယ်လိုလုပ်ရမလဲ”

ညကလည်း မှောင်မိုက်နေသည်။ လူသူကမရှိ။ သတိလစ် နေတဲ့မိန်းကလေးအား လမ်းမပေါ်ပြစ်ထားဖို့ကလည်း မရက်စက် နိုင်။ ကောင်မလေးအနား ရောက်သွား၏။ ငုံ့ကြည့်သည်။

“မိန်းကလေး ... မိန်းကလေး”

“ဒီမှာ ... ”

မလှုပ်။

သူ အသားကိုကိုင်ပြီး လှုပ်မေးဖို့အခက် မတတ်နိုင်။

“မိန်းကလေး”



BURMESE CLASSIC



“ဒီမှာ အမိ ... ”

“ဟာ ... ”

လူသားစင်စစ်ဆိုတာတော့ သူတဖြည်းဖြည်းယုံကြည်လာမိ သည်။ ဘယ်လိုအကြောင်းနဲ့ ဒုက္ခတွေပင်လယ်ဝေလာရလဲ။ မတတ် နိုင်တော့ဘူး။ ခေါ်လို့မရတဲ့အဆုံး ကားပေါ်ပွေ့တင်ခေါ်လာခဲ့၏။ သူ့ခြံထဲရောက်တော့ ခြံစောင့်ကြီးရဲ့အကူအညီနှင့် ကားထဲမှပွေ့ယူ ထုတ်၍ တိုက်ကြီးထဲခေါ်ဆောင်လာခဲ့သည်။

“မောင်မင်းထင်သော် ... ဒါက ဘာဖြစ်လာတာလဲ”

“နောက်မှရှင်းပြမယ် ... အခု ဒေါ်ညွှာကိုခေါ်ပါ ... မိန်း ကလေးအဝတ်အစားတွေ လဲရအောင်”

“ဟုတ်ကဲ့”

အောက်ထပ်မှာပဲ ဧည့်သည်တွေတည်းဖို့ထားတဲ့အခန်းထဲ ခေါ်ဆောင်လာခဲ့သည်။

“မောင်မင်းထင် ... ဘာဖြစ်လို့လဲ”

“ဒီမှာ ကျွန်တော် နောက်မှရှင်းပြပါ့မယ် ... လောလော ဆယ် မိန်းကလေးကို အဝတ်အစားလဲပေးပါ”

“ဟုတ်ကဲ့”

ဒေါ်ညွှာလဲ ကောင်မလေးက ချောလိုက်တာဟုတွေး၏။ မိမိအဝတ်အစားပွပွကြီးတွေကို လဲပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ညွှာ"

"ရှင်"

"သူ သတိရတဲ့အထိ စောင့်ကြည့်နေပေးပါ"

"ဟုတ်ကဲ့"

မင်းထင်သော်လည်း ကောင်မလေးရဲ့ ရိုက်ဖိုကြီးငယ် အသွယ်သွယ်ကို ဆက်မကြည့်ရဲတော့သဖြင့် အခန်းထဲကနေလှည့် ထွက်လာပြီး အပေါ်ထပ် သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။

"ပြဿနာပဲကွာ ... အလကားနေရင်း အရှုပ်ထုတ်အိမ်သယ် လာမိပြီလား မသိပါဘူး"

မိန်းကလေးက ငယ်ရွယ်နုပျိုနေသည်။ ဆံပင်ရှည်ရှည်တွေ က သူမခန္ဓာကိုယ်လေးတစ်ခုလုံးအား ရစ်သိုင်းနေ၍ ရိုက်ဖိုကြီးငယ် အသွယ်သွယ်က ရေစိုနေတဲ့ အဝတ်အစားတွေကြောင့် မမြင်ချင်မှ အဆုံး။

"ဒီအချိန်ကြီးမှာ လူကောင်းမှ ဟုတ်ပါ့မလားဟဲ့"

သူ့အတွေးတွေ ရှုပ်ထွေးစွာဖြင့် ရင်ပူလာသည်။ မတတ်နိုင် တော့ဘူး ရင်ဆိုင်ရမှာပဲ။ အဝတ်အစားတွေ လဲပြစ်လိုက်သည်။

"မောင်မင်းထင် ... "

"မောင်မင်းထင် ... တံခါးဖွင့်ပါ ... "

အပြင်မှဒေါ်ညွှာ့အသံကြောင့် သူတံခါးထဖွင့်ပေးလိုက်





သည်။

"ဒေါ်ညွှာ ဘာဖြစ်လို့လဲ ... အထိတ်တလန့်နဲ့ ကောင်မလေး သတိရလာပြီလား"

"သတိတော့မရသေးပါဘူး ... ဒါပေမဲ့ ကောင်မလေးခေါင်း မှာ ဒဏ်ရာရှိတယ် ... ကွဲနေတယ်လေ ... "

"ဗျာ ... "

"လာကြည့်ပါဦး ... ဒေါ်ညွှာ ရေသုတ်ပေးရင်း တွေ့တာပါ"

"ဟုတ်လား ... ဒုက္ခပါပဲဗျာ ... လာ သွားကြည့်ရအောင်"

"ဆေးသေတ္တာပါယူလာခဲ့ရင် ကောင်းမယ်ထင်တယ်"

"ယူခဲ့ပါ"

သူက ဆရာဝန်။ ကောင်မလေးဆီရောက်လာသည်။ သေ သေချာချာကြည့်လိုက်တော့ ကောင်မလေးခေါင်းမှာ ကွဲနေတဲ့ ဒဏ်ရာတွေ့လိုက်ရ၏။ မာကျောတဲ့အရာတစ်ခုခုနှင့် ရိုက်မိတဲ့ ဒဏ်ရာ ဖြစ်နိုင်သည်။

"တော်တော်လေးကွဲနေတာပဲ ... မိုးရေတွကြောင့် သွေး မရှိတာ ဒေါ်ညွှာ နည်းနည်းကူညီဦး ... ချုပ်မှဖြစ်မယ်"

"မောင်မင်းထင်"

"ဗျာ"

"ဆေးရုံကြီးကိုသွားတင်လိုက်ရင် ကောင်းမယ်ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကို အမှုပတ်လိမ့်မယ်ကွယ် ... ဒီကလေးမက ဘာပြဿနာတွေ ဖြစ်လာလဲမှ မသိတာဘဲ"

"လောလောဆယ်တော့ ဆေးကုသပေးရမယ် ဒေါ်ညွှာ ... သူသတိရလာမှ မေးမြန်းပြီး လုပ်သင့်တာလုပ်ရမယ်"

"အင်းလေ ... ကလေးမလေးက သနားစရာ ... ချောချော ဖွေးဖွေးစင်စင်လေးပါ"

"သူ့ဒဏ်ရာနားက ဆံပင်တွေ ကပ်ကြေးနဲ့ညှပ်ပြီး ကွက်ရိပ်ရမယ် ... ဒေါ်ညွှာ ကူညီပါဦး ... "

"ဟုတ်ကဲ့"

သူမ ဆံပင်တွေကို ဒေါ်ညွှာက ခြောက်သွေ့အောင်လုပ်ပေးထား၍ ဒဏ်ရာအား ရှင်းလင်းစွာမြင်တွေ့ရသည်။ ဒီမိန်းကလေး အရိုက်ခံထားရတာလား။ ဒဏ်ရာကို ငါးချက်လောက်ချုပ်ရ၏။ သူက ဆရာဝန်မို့ ကံကောင်းသည်။

"အရိုက်ခံထားရတာထင်တယ်နော် မောင်မင်းထင်"

"ဖြစ်နိုင်တယ် ... "

"ဆရာဝန်နဲ့တွေ့လာလို့ တော်သေးတာပေါ့"

"ကျွန်တော် သွေးပေါင်တွေဘာတွေ ချိန်ကြည့်ရမယ် ... စစ်ဆေးကြည့်ရဦးမယ်ထင်မယ်"

လူနာမိန်းမချောလေးတွေ သူ့ဘဝမှာ မဆန်းပေမယ့်





မင်းထင်သော်တစ်ယောက် ဒီကောင်မလေးကျမှ ထိတွေ့ကိုင်တွယ်ရမှာကြောက်ရွံ့တုန်လှုပ်နေရသည်။

"မောင်မင်းထင် ... ဘာရှာနေတာလဲ"

"သွေးပေါင်ချိန်စက်"

"ဒီမှာလေ ... "

"ဟာ ... ဟုတ်သားပဲ"

သူ့ရှေ့မှာရှိနေတာကိုပင် မင်းထင်သော် မတွေ့။ သူ့ခေါင်းထဲမှာ ရှုပ်ထွေးပွေလီ ရှက်ကြောက်နေသည်။ သွေးပေါင်ချိန်ဖို့ပင် ယောင်အအ။ သူ့လက်တွေတုန်ယင်နေ၏။ တော်တော်လေး ထိန်းချုပ်နေရသည်။

"အင်း ... သွေးပေါင် နဲနဲကျနေတယ်၊ ကျန်တာတွေတော့ အားလုံးကောင်းပါတယ် ... "

သူ စိတ်ပူပြီး ဆေးကုသမှုတွေ အလျင်အမြန် လုပ်ပေးထားသည်။

"ဒေါ်ညွှာ စောင့်ရှောက်ထားပေးပါ ... မနက်မိုးလင်းမှ ကျွန်တော် လာကြည့်ပါ့မယ်"

"ကောင်းပါပြီ စိတ်ချပါ မောင်မင်းထင် ... မိုးတောင်လင်းတော့မယ် အနားယူလိုက်ပါဦး ... "

ဟုတ်သားပဲ ... မိုးလင်းတော့မည်။ သူ တရေးမှမအိပ်ရ



www.burmeseclassic.com

www.burmeseclassic.com



သေးပေ။ မိန်းကလေးအား စိတ်ချစေရန် လိုအပ်တာတွေဆေးကုသပေးပြီး ပြန်ထွက်လာခဲ့သည်။ သူ့အိမ်ထဲ ပြန်ရောက်လာခဲ့၏။ စိတ်မောနေသည်။

"ဘယ်ကအရှုပ်ထုတ်လဲ ... ပုံ့ကိုအသိပေးလိုက်ရင် ကောင်းမလား"

ချစ်သူပုံ့ကို သူသတိရလာမိသည်။ ပုံလည်း ဆရာဝန်ပဲ။ အကျိုးအကြောင်း အသိပေးသင့်သည်ဟု ထင်မိ၏။ အသိပေးတိုင်ပင်သင့်သည်ဟု ထင်မိသည်။

"ဟုတ်တယ် ... ပုံ့ကိုအသိပေးရမယ် မိန်းကလေးချင်းပဲ ပိုပြီးမေးမြန်းလို့ ကောင်းပါတယ်"

သူနှင့်ကျောင်းနေဖက် ငယ်သူငယ်ချင်းလည်းဖြစ်ပြီး ဆေးကျောင်းတက်ထဲက ချစ်သူတွေဖြစ်လာကြတဲ့ ဆရာဝန်မလေး မြတ်နိုးပုံနှင့်တိုင်ပင်ဖို့အတွက် ဖုန်းခေါ်လိုက်သည်။

"ကိုယ်ရယ် ... အစောကြီးရှိသေးတယ် ... ဒီမှာပုံအိပ်လို့ကောင်းနေတုန်း တကယ်ပါပဲ ... ညက မအိပ်ရဘူးရှင့် ..."

ပုံက အိပ်ချင်မူးတူး အသံလေးနှင့်ပြောနေသည်။

"ကိုယ်ရော မအိပ်သေးဘူးလား ... ဟယ် ... မိုးတောင်လင်းတော့မယ် ... မနက် ငါးနာရီထိုးနေပြီလေ ..."

"ဟုတ်တယ်ပုံ ... ဒီမှာ ကိုယ့်ဆီအမြန်ဆုံးလာခဲ့ပါ၊ ဒီမှာ





တိုင်ပင်စရာရှိလို့ ..."

"ဘာဖြစ်လို့လဲ ကိုယ်အရေးတကြီးကိစ္စမရှိဘဲနဲ့တော့ ကိုယ်မဆက်ပါဘူး ..."

"ဟုတ်တယ် ... အရေးတကြီးကိစ္စပဲ ..."

"ဒါဆိုလည်း ပုံလာခဲ့မယ်နော် ... အရမ်းအရေးကြီးလို့လားကို ..."

"လာခဲ့ပါ ... ပုံလာမှ ကိုယ်ပြောပြမယ်၊ ဇာတ်လမ်းက ရှည်တယ် ..."

"ကို ... မနေ့က မော်လမြိုင်ကိုသွားတာ ဘယ်အချိန်ပြန်ရောက်လဲဟင် ..."

"ပုံ လာခဲ့ပါ ... ဒီကျမှအဖြစ်အပျက်တွေအားလုံး ကိုယ်ရှင်းပြမယ်"

"အင်း"

ပုံက ချေစပ်သေချာပြီး အလုပ်ကြိုးစားသူဖြစ်သည်။ စာလည်းတော်၏။ သားဖွားမီးယပ် အထူးကုပညာရပ်တွေ ဆက်သင်ဖို့ လုံးပမ်းနေသူဖြစ်၏။ မင်းထင်သော် အိပ်လို့မရ၊ ကောင်မလေးအကြောင်းတွေက သူ့ခေါင်းကို ရှုပ်ထွေးနေစေသည်။ တစ်နာရီလောက်ကြာတော့ ပုံရောက်လာ၏။ အပြေးအလွှား တိုက်ကြီးထဲဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရယ် … ပုံဖြင့်စိတ်တွေပူလိုက်တာ၊ ဘာပြဿနာတွေဖြစ်လာလို့လဲ … "

"ထိုင်ပါဦး ပုံရယ် … ကိုယ်ဖြည်းဖြည်းချင်း ရှင်းပြမယ်နော်"

"မြန်မြန်ရှင်းစမ်းပါ … ဘာတွေဖြစ်လာလဲ"

"ထိုင်ပါ"

ပုံ့လက်လေးကိုဆွဲပြီး သူ့အနားထိုင်စေကာ ညကအဖြစ်အပျက်တွေအားလုံးကို ရှင်းလင်းပြောပြလိုက်ရသည်။

"ဟင် … အခုကောင်မလေးက ဘယ်မှာလဲ … "

"အခန်းထဲမှာ"

"ကိုရယ် … "

ပုံကတော့ ကိုယ့်ကိုလည်း အပြစ်မတင်လိုပေ။ စေတနာကောင်းတဲ့သူပါ။ ရိုးသားစွာ ဒုက္ခရောက်နေတဲ့ မိန်းကလေးအား မရက်စက်နိုင်ဘဲ ခေါ်လာတာ ယုံကြည်သည်။

"ကဲပါလေ … ဖြစ်လာပြီပဲ ဘာတွေပြဿနာတက်လာမှန်းမသိပေမယ့် ပုံ့တာဝန်ထားပါ"

"ကျေးဇူးပဲကွာ … ကိုယ့်မှာလည်း တိုင်ပင်စရာကပုံပဲရှိတာ"

"လာလေ … ကောင်မလေးကို သွားကြည့်ရအောင်ပါ"

သူတို့ ကောင်မလေးအခန်းရောက်တော့ ကောင်မလေးက အိပ်နေဆဲပင်။





"သူပဲပုံ … "

ပုံ သေသေချာချာကြည့်မိတော့ ကောင်မလေးက မိန်းကလေးချင်းပင် မနာလိုဝန်တိုဖြစ်ရအောင် နုပျိုချောမောနေသည်။ အရမ်းချစ်စရာလေးပဲ။ ဘယ်လိုပြဿနာမျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့လာရမှန်းမသိ။ ပုံကတော့ မိန်းကလေးချင်း ကိုယ်ချင်းစာနာပြီး မနာလိုဝန်တို မဖြစ်ပါဘူး။

"ကောင်မလေး သတိရလာမှပဲ အကျိုးအကြောင်းမေးရမယ် သက်ဆိုင်ရာကို အကြောင်းကြားသင့်ရင်လည်း ကြားရမယ် … ကိုယ် အနားယူဦးလေ … ဒေါ်ညွာနဲ့ပုံ နေပေးလိုက်မယ်"

"ကျေးဇူးပါပဲပုံရယ် … မောင်တစ်ယောက်ထဲ ဘာလုပ်ရမှန်းမသိဘူးဖြစ်နေတာ"

"မောင် အိပ်လိုက်ဦး … စိတ်ချပါ၊ အားလုံး ပုံတာဝန်ယူတယ်"

မင်းထင်သော်လည်း တစ်နေကုန် ကားမောင်းပြီး ပြန်လာရတာ မအိပ်ရသေးပေ။ ပုံ ရောက်လာပြီပဲ။ ပုံ့ကို နှုတ်ဆက်ပြီး သူ့အိပ်ခန်းဆီ ပြန်လာခဲ့သည်။ အိပ်ရာပေါ်လှဲအိပ်လိုက်ပေမယ့် မျက်လုံးတွေကြောင်နေ၏။ မိန်းကလေးအကြောင်းကိုပဲ တွေးမိနေသည်။

"ဟာ … မဟုတ်သေးပါဘူး။ အဓိပ္ပာယ်မရှိတာကွာ … မင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်သော် ဘာမဟုတ်တဲ့ကောင်မလေးတစ်ယောက်အတွက် စိတ်တွေအရှုပ်ခံနေသေးတယ် ... ကောင်မလေး သတိရလာရင် သက်ဆိုင်ရာကို အကြောင်းကြားပြီး အပ်ရမယ်"

ကောင်မလေးကို မေ့ပြစ်ဖို့ ကြိုးစားရင်း မျက်လုံးတွေက ကြောင်သထက်ကြောင်လာကာ မျက်နှာနုနုထွင့်ထွင့် ချောချောလေးအား မြင်ယောင်နေသည်။

အခန်း ( ၂ )

"အား ... အီး ... ဟင်း"

"အား ... ကျွတ် ... ကျွတ်"

"ဟင်း ... ဟင်း ... "

"ညီမလေး ... သတိရလာပြီလား"

"အင်း"

"မျက်လုံးလေး ဖွင့်ကြည့်ပါ ... သတိကောင်းကောင်းရလား"

"အင်း"

ကောင်မလေး သတိရလာသဖြင့် ပုံအသေအချာကြည့်မိသည်။ ပြစ်မျိုးမှည့်မထင်ဆိုတာ ဒီလိုမိန်းကလေးမျိုးပဲလား ဘယ်လိုအဖြစ်အပျက်တွေများ ရင်ဆိုင်လာရတာလဲ။

"အား ... အင်း ... ကျွတ် ... ကျွတ် ... အရမ်းနာတယ်"



www.burmeseclassic.com

www.burmeseclassic.com



နာလိုက်တာ ... ”

“ညီမလေး”

“ဟင်”

“မျက်လုံးလေးဖွင့်ကြည့်ပါဦးကွယ်”

“ဟုတ်”

ကောင်မလေးမျက်ဝန်းတွေကို ကာရံထားတဲ့မျက်တောင်ကော့လေးတွေ ဖျတ်ခနဲ ကော့တက်သွားသည်။

“ညီမလေး ... သတိကောင်းကောင်းရပြီလားကွယ်”

“အင်း ... ”

မျက်ဝန်းလေးက ဝိုင်းဝိုင်းစက်စက်နှင့် ညို့မျက်ဝန်းလေးလို့ သတ်မှတ်ရမည် ဖြစ်သည်။

“ကျွန်မ ... ကျွန်မ ဘယ်ရောက်နေတာလဲ”

“မမက ဒေါက်တာမြတ်နိုးပုံပါ ... ညီမလေးကို မမချစ်သူ ဒေါက်တာမင်းထင်သော်က လမ်းမှာတွေ့ပြီး သတိလစ်နေလို့ ဒီကို ခေါ်လာခဲ့တာလေ”

“ရှင်”

“ညီမလေး နာမည် ဘယ်လိုခေါ်လဲ”

“ရှင်”

“နေရပ်လိပ်စာကရော ဘယ်လိုပြောသနာတွေ ရင်ဆိုင်နေရ





လဲ”

“ရှင်”

“ပြန်စဉ်းစားပါဦး ညီမလေးရယ် ... ”

မျက်ဝန်းလေးတွေ ကလယ် ကလယ်နှင့် တွေတွေဝေဝေလေးဖြစ်နေသည်။ ကောင်မလေး အတိတ်မေ့သွားတာမျိုးလား။ ဗိုကျန်းမာရေး စစ်ဆေးတော့လည်း အားလုံးကောင်းသည်။

“ကျွန်မ ... ကျွန်မ ဘာမှမမှတ်မိတော့ဘူး၊ ဘာဖြစ်လို့လဲ သိပါဘူး ... ဒုက္ခပါပဲ ... ကျွန်မခေါင်းတွေ အရမ်းကိုက်နေပါတယ် မမက ဘယ်သူလဲဟင် ... ”

“ဆရာဝန်ပါ”

“နာနေတယ် ... ခေါင်းတွေလည်းကိုက်လိုက်တာ မမရယ် အုံခဲနေတယ် ... ”

“မမ ဆေးထိုးပေးမယ် ... ညီမလေးခေါင်းက ကွဲနေတယ် ဆေး ချုပ်ထားရတယ် ... ဒဏ်ရာဘယ်လိုရတာလဲ”

“ဟင့်အင်း မသိပါဘူး ... ကျွန်မ ဘာတစ်ခုမှ စဉ်းစားလို့မရဘူးဖြစ်နေပါတယ်”

ကျွန်မ ဘယ်သူလဲ။ ဘာဖြစ်လို့ ဒဏ်ရာတွေရခဲ့တာလဲ။ ခန္ဓာကိုယ်မှာလည်း ပွန်းပဲ့ဒဏ်ရာတွေရှိနေသည်။ ကိုက်ခဲနာကျင်နေ၏။ ဘာတစ်ခုမှ စဉ်းစားမရတော့။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စဉ်းစားလို့မရရင်လည်း ခဏလောက်နားနေလိုက်ပါလား ... မစဉ်းစားနဲ့တော့နော် ညီမလေး"

"ဟုတ်"

မမဆရာဝန်မလေးက ချောမောအိစက်နေသည်။ သူမ ဘာကိုမှ စဉ်းစားမရတာဘဲ စိတ်ရှုပ်ထွေးရ၏။ သူမ ဘယ်သူလဲ။ ဒဏ်ရာတွေနှင့် လမ်းမှာလဲနေတာတဲ့။ တွေးလို့ မရတော့ဘူး။ မမရဲ့ ချစ်သူကရော မျက်ဝန်းလေးတွေကို မှိတ်ထားလိုက်သည်။

"ညီမလေး အနားယူနေနော် ... ဘာမှအရေးမကြီးပါဘူး အိပ်နေ ... "

"ဟုတ်"

သူမကို အနားယူခိုင်းနေပေမယ့် သူမ ဘယ်သူလဲဆိုတာသိချင်နေသည်။ တွေးနေမိ၏။ ခေါင်းတွေထဲမှ တဆစ်ဆစ်ကိုက်လာသည်။

"ညီမလေး ခေါင်းမှာဒဏ်ရာရသွားလို့ အတိတ်မေ့သွားတာလဲဖြစ်နိုင်တယ် ... ခေါင်းကို အနားပေးထားတာက အကောင်းဆုံးပဲကွယ်"

ပုံလည်း ကောင်မလေးကိုကြည့်ပြီး သနားနေမိသည်။ ကြည့်ရတာ မိကောင်းဖခင် သားသမီးထဲက ဖြစ်နိုင်၏။ ပုံကိုယ်ချင်းစာမိနေသဖြင့် ကောင်မလေးအား နှစ်သိမ့်ပေးနေမိသည်။





"ညီမလေးအနားမှာ ဒေါ်ညွှာစောင့်နေပေးလိမ့်မယ် အိပ်နေပါ"

"ဟုတ်"

"ဒေါ်ညွှာ အနားမှာပဲနေပေးပါ။ အရေးကြီးရင် ချက်ချင်းလာပြောပါ"

"စိတ်ချပါ ပုံရယ်"

ပုံ့အခန်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။ မောင်နိုးလာ၏။ ပုံ ဧည့်ခန်းမှာပဲထိုင်၍ စောင့်နေလိုက်သည်။

"ကိုယ်မျက်နှာသစ်လိုက်ဦးနော် ... စိတ်ပူပြီး ဆင်းလာတာထင်တယ်"

"ဟင် ... ဟုတ်သားပဲ၊ ကိုယ်လည်း ကောင်မလေးအခြေအနေကို သိချင်တာနဲ့ ဆင်းလာခဲ့တာ"

"ကို"

"ဟင်"

"ကောင်မလေးက အတိတ်ကိုစဉ်းစားလို့ မရဘူးတဲ့လေ"

"ဟာ ... ဒုက္ခပါပဲကွာ"

"အခြေအနေကို ခဏလောက်စောင့်ကြည့်ကြတာပေါ့လေ၊ မောင် မျက်နှာသစ်လိုက်ပါဦး ... ပြီးမှ ကောင်မလေးကိုသွားကြည့်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်သော် မျက်နှာသစ်ဖို့ လုံးဝမစဉ်းစားမိ။ ကောင်မလေးအခြေအနေကို သိချင်ဇောနှင့် အောက်ထပ်သို့ဆင်းလာခဲ့ခြင်းဖြစ်သည်။ ပုံတော့ တစ်မျိုးထင်တော့မှာပဲ။ သူအပေါ်ထပ်သို့ပြန်တက်လာခဲ့၏။ အတိတ်မေ့သွားပြီတဲ့။ ဒီကိစ္စ ဘယ်လိုဆက်ရှင်းရတော့မလဲ။ သူ မျက်နှာသစ် သန့်ရှင်းရေးလုပ်ပြီး အောက်သို့ပြန်ဆင်းလာခဲ့သည်။

"ကောင်မလေးကို သွားကြည့်မလား ကို ... "

"အင်း"

"ကိုယ်လည်း အခြေအနေကို သွားကြည့်လိုက်ပါဦး ... တကယ်ပဲ ခေါင်းကိုထိပြီး အတိတ်မေ့သွားပြီလားဆိုတာလေ"

"အင်း"

ကောင်မလေးအခန်းထဲ ဝင်ကာနီးတွင် သူ့ခြေလှမ်းတွေက တုန့်ဆိုင်း၍ ရင်တွေဒိန်းခနဲ ခုန်သွားသည်။

"ဝင်လေ ကို ... "

"ဪ ... အင်း ... "

အခန်းထဲရောက်တော့ မှိန်းနေတဲ့ကောင်မလေးမျက်ဝန်းတွေက' ပွင့်လာသည်။

"ညီမလေး"

"ရှင်"





"ဒီမှာ ညီမလေးကိုခေါ်လာတဲ့ ဒေါက်တာမင်းထင်သော်ပါ မှတ်မိလား ... "

"ရှင်"

ဒေါက်တာ မင်းထင်သော်ဆိုတာကို သေသေချာချာကြည့်မိသည်။ ခန့်ညားချောမောတဲ့ ယောက်ျားတစ်ယောက်ပဲ။ သူမကို ကယ်တင်လာခဲ့တာတဲ့။ သူမ ဘယ်လိုပဲ စဉ်းစား စဉ်းစားမမှတ်မိပေ။

"ဟင့်အင်း ... ကျွန်မစဉ်းစားလို့ မရဘူး ဒေါက်တာရယ်၊ ကျွန်မ ဘာတွေဖြစ်ခဲ့တယ်ဆိုတာတောင် မမှတ်မိပါဘူး"

"ရပါတယ် ညီမလေးရယ် ... စဉ်းစားလို့မရလည်း မစဉ်းစားပါနဲ့ဦး ... မင်းခေါင်းက ဒဏ်ရာသက်သာအထိပေါ့"

မျက်ဝန်းလေး ကလယ်ကလယ်နှင့် ကောင်မလေးက တောင်းပန်တိုးလျှိုးနေသလိုပင်။ မင်းထင်သော် မဆီမဆိုင်ကောင်မလေးအား သနားပြီး သံယောဇဉ် တွယ်နေမိသည်။

"ဘာမှစိတ်မပူပါနဲ့ ညီမလေး ... ကိုယ်တို့က ဆရာဝန်တွေပါ ... အမိက ကိုယ်က ဦးနှောက်နဲ့အာရုံကြော ဆရာဝန်လေ"

"ဟုတ်"

"တဖြည်းဖြည်းပဲ စဉ်းစားပါ ... မင်းဒီမှာပဲ ခဏလောက်တော့နေပေါ့ ... မင်း သတိပြန်ရမှ တစ်ခုခုစီစဉ်ကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒေါ်ညွှာ စောင့်ကြည့်ပေးထားပါ"

"စိတ်ချပါ မောင်မင်းထင် ... ဒေါ်ညွှာလည်း ကလေးမလေးကို သနားနေတယ်"

သူနှင့်ပုံ ပြန်ထွက်လာခဲ့သည်။ ကောင်မလေးကို အရမ်းကြီး ဖိအားမပေးလိုပေ။ သနားကြင်နာနေမိ၏။ ပုံနှင့်အတူတူ ဆေးရုံကို သွားဖို့ ထွက်လာခဲ့သည်။

"ကို"

"ဟင်"

"ကောင်မလေး တကယ်ပဲ အတိတ်မေ့နေတယ်လို့ထင်လား ... ကိုယ်က ဦးနှောက်နဲ့အာရုံကြော ဆရာဝန်ဖြစ်နေလို့လေ"

"ဖြစ်နိုင်ပါတယ်ပုံ ... စိတ်သောကဝေဒနာတွေ အပြင်းအထန်ခံစားလာရတဲ့သူဖြစ်ရင် ခေါင်းကဒဏ်ရာကြောင့် ဘာမှစဉ်းစားတွေးတောလို့မရတာမျိုး ဖြစ်နိုင်ပါတယ်"

"ပုံက ကြောက်နေတာ ... အဖြစ်အပျက်က အရမ်းဆန်းကျယ်နေလို့လေ ... အရာရာက ယုံကြည်လို့တော့မရဘူး၊ ဒါပေမဲ့ ကောင်မလေးကို အနားပေးထားတာက ကိုယ့်ဆုံးဖြတ်ချက်မှန်ကန်ပါတယ်"

ပုံက စေတနာပြည့်ဝသည့် မိန်းမချောလေးဖြစ်နေသည်





သူကလည်း ဆုံးဖြတ်ချက်က မြန်လွန်း၏။ ပုံ့ကို အားနာရသည်။

"ကောင်မလေးပုံစံက အမှန်ဖြစ်နိုင်ပါတယ် ကိုရယ် ... ပုံလည်း အနီးကပ်စောင့်ကြည့်ပေးမှာပါ"

"ပုံ"

"ဟင်"

"ကိုယ်တို့လက်ထပ်ကြရအောင်"

"ဘာဖြစ်လို့လဲ ကို ... "

"ဘာပဲဖြစ်ဖြစ်လေ ... ကိုယ်တို့နှစ်ယောက် လက်ထပ်သင့်တဲ့အရွယ်ရောက်နေကြပြီ မဟုတ်လား"

"ဘာလဲ ... ကိုယ်က ပုံအထင်လွဲမှာကိုကြောက်နေလို့လား"

"ဘယ်လိုအကြောင်းပဲရှိရှိ ကိုယ်တို့နှစ်ယောက်က လက်ထပ်သင့်နေပြီပဲ"

"ပုံ့အဖေ ကျန်းမာရေးကြောင့်ပါကိုရယ် ... မကြာခင် နိုင်ငံခြားမှာ ဆေးသွားကုရဦးမယ်လေ ပုံလိုက်သွားရလိမ့်မယ်"

သူနှင့်ပုံ လက်ထပ်ဖို့ကိစ္စ ပုံ့ဖခင်ကျန်းမာရေးကြောင့် ရပ်ထားလိုက်ရသည်။

"ပုံကတော့ ကိုယ့်ကိုယုံကြည်ပါတယ် ... ကိုယ်ကတည်ကြည်တဲ့ ယောကျ်ားပဲဟာ ... "

"ကိုယ်က ပုံ့ကိုယုံကြည်စေချင်တယ် ... ပုံ့ကိုအရမ်းချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“ကိုရယ် ... ”

ပုံနှင့်သူ ငယ်ရည်းစားတွေပါ။ အချစ်ကြီးချစ်ခဲ့ပြီး သံယောဇဉ်တွေလည်း ကြီးမားစွာ တွယ်တာခဲ့ကြသည်။

“ပုံ”

“ပြောပါ ကို ... ”

“ဒီကလေးမကိစ္စ ပုံဘာလုပ်ချင်လဲ ပြောနော် ... ”

“ကိုယ်က ကျွမ်းကျင်တဲ့ဆရာဝန်ပါ ... ကိုယ်ပဲဆုံးဖြတ်ပါ။ ကိုယ် ဘာပဲလုပ်လုပ် ပုံထောက်ခံပါတယ်”

“ပုံရယ်”

ပုံ့လက်လေးကို ဆုပ်ကိုင်ရင်း ချစ်မြတ်နိုးသွားရသည်။ ကိုယ်ဆုံးဖြတ်ထားပါတယ်။ ပုံ့အပေါ် ဘယ်တော့မှသစ္စာမဖဲ့ဘူးလို့ ပုံနှင့်လက်ထပ်လိုနေခဲ့၏။ အတိတ်မေ့နေတဲ့ကောင်မလေးအား လိုအပ်သည်ထက် သံယောဇဉ်ပိုပြီး တွယ်ငြိမသွားစေရန် ထိန်းချုပ်ရမည်ဖြစ်သည်။

“ဒီတစ်ပတ်အတွင်း ပုံကဖေဖေနဲ့ နိုင်ငံခြားကို လိုက်သွားရမယ် ... သုံးလလောက်တောင် ကြာမလားဘဲ၊ ပုံ ကိုယ့်ကိုအယုံကြည်ဆုံးနော်”

ပုံနှင့်အဝေးဆုံး ဖြစ်သွားမှာကို စိတ်အပူဆုံးက ကိုယ်ပင်။





ပုံသိနေသည်။ ယောက်ျားပီသလွန်းတဲ့ကို ... တာဝန်ယူရဲ၏။ ထို့ကြောင့်ပင် ပုံ လေးစားချစ်မြတ်နိုးရတဲ့ချစ်သူ ဖြစ်သည်။

“သတိတော့ထားပါ ကို ... ပုံကအဝေးရောက်နေမှာလေ၊ ကိုယ့်ကိုဒုက္ခပေးသွားမှာပဲ ပုံ စိတ်ပူရတာပါ”

“ကိုယ် သတိထားမှာပါပုံ ... မိန်းကလေးတွေကို အကြွင်းမဲ့ကိုယ်မယုံတတ်ပါဘူး ... ပုံကလွဲရင်ပေါ့”

“ပုံ ယုံပါတယ် ကို ... ”

ပုံ့ကို ရန်ကုန်ဆေးရုံကြီးရှေ့မှာ ချပေးပြီး သူကတော့ ဦးနေ့ဝက်နှင့်အာရုံကြောဌာနသို့ ကားမောင်းထွက်လာခဲ့သည်။ ဆေးရုံရောက်သည်နှင့် ညက ထူးထူးခြားခြားဝေဒနာရှင်များ ရောက်လာလားဟု စုံစမ်းစစ်ဆေးကြည့်မိ၏။

ထူးခြားဖြစ်စဉ်မရှိ။

လူနာအသစ် ရောက်မလာခဲ့။

လမ်းပေါ်က ကောင်မလေးအကြောင်း သူမေ့ပြစ်လို့မရတာတော့အမှန်ပင်။ သူ့စိတ်တွေကို ထိန်းချုပ်နေသည့်ကြားမှ ဒေါ်ညွာဆီ ဖုန်းဆက်မိသည်။

“ဒေါ်ညွာ အခြေအနေက ဘယ်လိုလဲ ... ကောင်မလေး သတိရလာပြီလား”

“အတိတ်အကြောင်းတွေတော့ စဉ်းစားလို့မရသေးဘူးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ် မောင်မင်းထင် ... လူကတော့ ကောင်းပါတယ်"

"ကောင်မလေး မနက်စာရော စားရဲ့လား"

"စားပါတယ် ... ကောင်မလေးက ပိုက်ဆံချမ်းသာတဲ့ အသိုင်းအဝိုင်းထဲကထင်တယ် ... စားသောက်တာ နေထိုင်တာ အဆင့်မြင့်တယ်"

"ဟုတ်လား"

"ထပြီး သွားလာနိုင်နေပြီ ... မီးဖိုခန်းထဲဝင်လာတယ်၊ ပေါင်မုန့်ထောပတ်သုတ်စားချင်တယ်တဲ့ ... လုပ်ပေးပါတဲ့ ... "

"ကောင်းပါပြီ ... သူဆန္ဒအတိုင်း လိုက်လျောလုပ်ကိုင်ပေးလိုက်ပါဗျာ ... အခြေအနေကို စောင့်ကြည့်တာ အကောင်းဆုံးပါပဲ"

"ကောင်မလေးက အောက်တန်းမကျဘူး အဆင့်ရှိပါတယ်၊ လူလိမ်လူညာတော့ မဟုတ်နိုင်ဘူး အမှန်အကန်ပါ ... "

"စောင့်ကြည့်ထားပါ ဒေါ်ညာ ... ကောင်မလေးလုပ်နိုင်းတာတွေ လုပ်ပေးပါ"

သူ ဖုန်းပိတ်လိုက်သည်။ သူ့စိတ်က ကောင်မလေးအတွက် ပူပင်ကြောင်းကြမှုတွေ ရှိနေတာတော့ အမှန်ပါပဲလေ။

အခန်း ( ၃ )

"ဒေါ်ဒေါ်"

"ပြောပါ ကလေးမ ... "

"ကျွန်မ ဒီကိုဘယ်လိုများ ရောက်လာရတာလဲ ပြောပြပါလား"

"မောင်မင်းထင် ခေါ်လာတာပါ၊ သမီးလေး ခန္ဓာကိုယ်တစ်ခုလုံး ရေတွေစွတ်နစ်နေတာပဲ ... သတိလစ်နေတယ်၊ မောင်မင်းထင်ကားကို လှမ်းတားရင်း လဲကျသွားတာတဲ့လေ ... "

သူမ လုံးဝမမှတ်မိ။ သူမ ဝတ်ဆင်လာတဲ့အဝတ်အစားတွေကို ကြည့်ချင်သည်ဟု ပြောမိသည်။

"ဟုတ်သားပဲ ... သမီးလေးကြည့်လိုက်ရင် သတိပြန်ရနိုင်တယ်လေ"

"အင်းနော် ... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညာက သူမဝတ်ဆင်လာတဲ့ အဝတ်အစားကိုပြသည်။ ဂျင်းနံပင်နှင့် စပို့ရှပ်အဖြူရောင်လေး သေသေချာချာကြည့်မိ၏။ မမှတ်မိ။ အတွေးထဲမှာ ရိုးတိုးရိပ်တိတ်နှင့် မှတ်မိသလိုလို မမှတ်မိသလိုလို တွေးမရ။ ခေါင်းတွေနောက်ကျိလာ၍ မျက်ခွံတွေကို ပိတ်ပြစ်လိုက်သည်။

"သမီးလေး စဉ်းစားလို့မရတော့ဘူးလား"

"အင်း ... ခေါင်းတွေမူးလာတယ် ... သိသလိုလို မသိသလိုလိုကြီး ... "

"အနားယူလိုက်တော့နော်"

"မမပုံက ဒေါက်တာချစ်သူလားဟင်"

"ဟုတ်တယ်လေ ... ငယ်ချစ်ဦးတွေပါ၊ အရမ်းချစ်ကြတယ်၊ လက်ထပ်ဖို့က ပုံ့အဖေ နေမကောင်းဖြစ်နေလို့ ကင်ဆာလားပဲ၊ နိုင်ငံခြားမှာ ဆေးကုဖို့ ပုံလိုက်ရမယ်လေ ... ဒါကြောင့် လက်မထပ်ဖြစ်တာပါ"

"ချောလိုက်တာ"

"စိတ်သဘောထားလည်း ပြည့်ဝတယ်၊ ပညာလည်းတတ်၊ မိဘတွေကလည်း ချမ်းသာကြတယ်"

"ကျွန်မ ယောင်းမပေါ့နော်"

"ဟုတ်တယ်လေ ... "





"ဒေါက်တာက ကျွန်မအစ်ကိုပေါ့"

"ကောင်းတယ် ... ကောင်းတယ်"

ဒေါက်တာမင်းထင်သော်နှင့် သူမ တွေ့ဆုံခဲ့လို့ပေါ့။ တခြားလူဆိုးလူမိုက်တွေနှင့်တွေ့လျှင် ဘယ်လိုလုပ်ရမလဲ။ မတွေးရဲပေ။

"သမီးလေးရယ် ... ကံကောင်းတာပါပဲ၊ မောင်မင်းထင်နဲ့ တွေ့လို့လေ ... "

"ဟုတ်ကဲ့"

ဒေါက်တာကို အစ်ကိုတစ်ယောက်လိုပဲ သဘောထားရမည်ဖြစ်သည်။ သူမ အတိတ်ကဘာလဲ။ တွေးလိုက်တိုင်း အမှောင်ထုကပဲ အထပ်လိုက် ပြုတ်ကျလာရ၏။ နာကျင်ကြေကွဲရသည်။

"စောစောက ဖုန်းဆက်မေးတာ ဒေါက်တာလားဟင်"

"ဟုတ်တယ် ... စိတ်ပူလို့တဲ့"

"ကျွန်မ နေကောင်းပါတယ်၊ ခေါင်းကဒဏ်ရာကလည်း နာကျင်တာ မရှိတော့ဘူး ... တင်းတင်းလေးပဲဖြစ်နေတာလေ"

"ကလေးမ ဘာများစားချင်သေးလဲ"

"ရပါတယ် ... ကျွန်မ ဘယ်လိုပဲနေရ နေရပါ၊ ဒါပေမဲ့လေ ကျွန်မ စိတ်ထဲမှာ ဒီလိုအကောင်းစားပစ္စည်း အသုံးအဆောင်တွေနဲ့ ရင်းနှီးကျွမ်းဝင်နေသလိုပဲ"

"အဒေါ်လည်း ထင်ပါတယ် ... သမီးလေးက သာမန်မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတော့ မဖြစ်နိုင်ပါဘူးလို့"

"ဒါဆို ... ကျွန်မခေါင်းမှာ ဒဏ်ရာကဘယ်လိုရလာတာလဲ"

သူမ အတွေးတွေထဲမှာ ဒေါက်တာကားနဲ့မျှား တိုက်မိပြီး ခေါင်းမှာဒဏ်ရာရခဲ့တာလားပဲ။ ညသန်းခေါင်ကျော် မိုးရေထဲမှာဆိုတာရော အကြောင်းပြချက်လား ... မဖြစ်နိုင်ပါဘူးလေ။ ဒေါက်တာကိုကြည့်ရတာ လူရိုးလူဖြောင့် တည်ကြည်သန့်ခန့်နေ၏။ မတွေးချင်တော့ဘူး။ ခေါင်းတွေ အုံခဲကိုက်လာသည်။

"သမီးလေး ... "

"ရှင် ... "

"နာမည်ကလည်း ဘယ်လိုခေါ်ရမှန်းမသိဘူး၊ သမီးလေးကိုယ်တိုင် ဘယ်လိုမှ စဉ်းစားလို့မရဘူးလား"

"ဟင့်အင်း"

"အင်း ... ဘယ်လိုနာမည်ပေးရမလဲ၊ တစ်ခုခုပေါ့ ... မေမိုးဆိုရင်ရော ... "

"မေမိုး ... ဟုတ်လား"

"မိုးထဲမှာတွေ့လို့လေ ... ဘယ်လိုလဲ မေမိုးဆိုရင်"

"ကောင်းတယ် ... ကောင်းတယ် ... အရေးကြီးတာက နာမည်တစ်ခုရှိနေဖို့ပဲ ... မေမိုးပဲခေါ်"

တစ်ခါတရံကျတော့လည်း သူမ အတိတ်တွေကို မမှတ်မိ





ဖြင့် ဘယ်ကနေဘယ်လိုအကြောင်းတွေ ရင်ဆိုင်ခဲ့ရမှန်းမသိ၍ စိတ်ညစ်နေသည်။ ကြောက်လည်းကြောက်တယ် ... သူမ စိတ်ထဲမှာ ဘယ်လိုအကြောင်းနှင့်မှန်းမသိဘဲ ထိတ်လန့်ကြောက်ရွံ့နေမိ၏။ မှောင်မိုက်ဝေဝါးလာသည်။

"မေမိုး"

"ရှင်"

"ဟင်း ဟင်း ဟင်း ... နာမည်က ရိုးတယ်နော်၊ မောင်မင်းထင်သိရင် သဘောမှကျပါ့မလား မသိဘူး"

"ကျွန်မမှာ နာမည်မှမရှိတာပဲ ... ကောင်းပါတယ် မေမိုး"

သူမကတော့ မေမိုးကိုကြိုက်နှစ်သက်နေမိသည်။ သူမမှာ နာမည်ရှိချင်တယ်။ အတိတ်ဆိုတာ ရှိချင်၏။ မရေရာတဲ့ဘဝပါ။

"မေမိုးလေး အားမနာနဲ့နော် ... ဒေါ်ညွှာ့ကို ခိုင်းစရာရှိသား"

"ဒေါ်ညွှာ"

"ပြော ... "

"ဒေါ်ညွှာလိုလူမျိုးတွေကိုလည်း မေမိုးရင်းနှီးကျွမ်းဝင်နေသလိုပဲ"

"ဟုတ်မှာပေါ့ ... သမီးလေးအနားမှာ အစေအပါးဆိုတာ ရှိနေမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းနော် …"

"ဘာနိုင်းစရာရှိသေးလဲ"

"ထမင်းစားမယ် …"

"ဒေါ်ညွှာသွားပြင်ပြီး ယူလာခဲ့မယ်"

"ကျွန်မ လိုက်စားပါ့မယ်"

"မေမိုး ထနိုင်လို့လား"

"အင်း …"

"ထကြည့်လေ"

"မေမိုး လက်တွေခြေထောက်တွေက အကောင်းတွေပဲဟာ ကြည့်လေ …"

သူမ ရုတ်တရက်အထတွင် ခေါင်းထဲက ဆစ်ခနဲနာကျင် သွားသည်။

"အား ကျွတ် ကျွတ် …"

"ဘာဖြစ်တာလဲ မေမိုးလေး"

"ခေါင်းကနာတယ်"

"ရုတ်တရက်ကြီး မထနဲ့လေ … စိတ်မြန်လက်မြန် ကော မလေးပဲ"

"ထလို့တော့ရပါတယ်"

သူမ အိပ်ရာထဲမှာ လှဲအိပ်မနေချင်ပေ။ စိတ်ကထပြီး လ





လျှောက်ချင်သည်။

"ရပ့်မလားကွယ် … တော်ကြာ တစ်ခုခုဖြစ်ရင် မောင်မင်းထင် ဆူလိမ့်မယ် … ကလေးမကို အနားယူခိုင်းထားတာ"

ဒေါက်တာက သူမအား ဘယ်လိုအကြောင်းနှင့် ဒီလောက် အထိ ဂရုစိုက်နေရတာလဲ။ မိန်းမချောလေးတစ်ယောက်မို့လည်း ဖြစ်နိုင်။ ဒေါက်တာချစ်သူကလည်း ပညာတတ်ဆရာဝန်မိန်းမချော လေးပဲ။ သူမ သံသယဝင်လာရတာက ဒေါက်တာ့ကြောင့် သူမဒဏ် ရာရခဲ့ခြင်းလား။

သူမထသည်။

"ကျွန်မမှာ အားပြည့်နေပါတယ်၊ ခေါင်းကဒဏ်ရာပဲနာကျင် တာပါ … မူးလည်း မမူးတော့ဘူး"

"ကဲပါ … သမီးလေးရယ်၊ စိတ်လက်ပေါ့ပါးအောင်နေပါ"

ဒေါ်ညွှာကလည်း သူမအား အရမ်းကိုဂရုစိုက်လွန်း၍ သံသယတွေဝင်လာရသည်။ အစားအသောက်တွေကအစ သူမနှင့် ရင်းနှီးကျွမ်းဝင်နေ၍ သူမကိုယ်သူမ ချမ်းသာကြွယ်ဝတဲ့အသိုင်း အဝိုင်းကဟုထင်မိသွားသည်။ ညနေစောင်းမှ ဒေါက်တာ ပြန် ရောက်လာ၏။ မမပုံ မပါပေ။

"ပွဲဖေဖေ ကျန်းမာရေးဖောက်လာလို့ မလာနိုင်ဘူးဒေါ်ညွှာ"

"မေမိုးလေးက ရွှင်လန်းတက်ကြွပြီး အစားတွေလည်းစား

www.burmeseclassic.com

www.burmeseclassic.com



တယ်"

"မေမိုးလေး ဟုတ်လား ..."

"ဒေါ်ညာ ပေးထားတာပါ ... မေမိုးလို့ မိုးထဲမှာတွေ့လို့ လေ"

"မေမိုး"

"ကျွန်မလည်း ကြိုက်ပါတယ် မေမိုးလေး ..."

"ကောင်းပါတယ် ... ကိုယ်က မင်းနာမည်သတိရလာတာ လားလို့"

"ဒေါ်ညာ ပေးတာလေ"

သူမကို ဒေါက်တာက ရဲရဲတင်းတင်းပင် မကြည့်ရဲတာ ဘာ ကြောင့်လဲ။ သူမကို ဒဏ်ရာရစေတာ ဒေါက်တာများလား။ သံသ တွေ ဝင်လာသည်။

"မေမိုး"

"ရှင်"

"မင်းခေါင်းက ဒဏ်ရာ ဘယ်လိုနေသေးလဲ"

"သက်သာပါတယ်"

"တော်သေးတာပေါ့ ... မင်းကိုသွေးပေါင်ချိန်ကြည့်ရမယ်"

"ဟုတ် ..."

ဒေါက်တာ့လက်တွေ တုန်ယင်နေသည်ဟု ထင်သည်။





ဘာကြောင့်လဲ ...

ချစ်သူရှိနေတဲ့ ယောက်ျားတစ်ယောက်အနေနှင့် ပြီးတော့ ဆရာဝန်တစ်ယောက် ဖြစ်လျှက် လူနာကိုစမ်းသပ်တာ တွန့်ဆုတ် နေသည်။

"ဒေါက်တာ ဘာကိုကြောက်နေတာလဲ ... ဒေါက်တာ့ ကြောင့် ကျွန်မဒဏ်ရာရထားတာလားဟင် ..."

မေးကြည့်ချင်သည်။ ဒေါက်တာက ငြင်းမှာပါ။ ရှင် ... လိမ်လှူညာလား။ ပြန်စဉ်းစားသည် မရ၊ ခေါင်းထဲမှာနောက်ကျိ ဝေလာသည်။

"အား ... ကျွတ် ... ကျွတ်"

"ဘာဖြစ်လို့လဲ မေမိုး"

"ခေါင်းကိုက်တယ် ... မူးလိုက်တာ"

"မင်း ဘာမှမစဉ်းစားသင့်ဘူးမေမိုး ... ခေါင်းကိုအနားပေး ထားသင့်တယ်"

"ဒေါက်တာ"

"ပြော"

"ကျွန်မ ဘယ်သူလဲဆိုတာ အရမ်းသိချင်ပါတယ်၊ ကျွန်မ ဘာဖြစ်လို့ ဒဏ်ရာရတာလဲ အရမ်းသိချင်ပါတယ်"

"ကိုယ်တွေ့တော့ မင်းမှာဒဏ်ရာရထားပြီးပါပြီ ... မိုးရေထဲ

www.burmeseclassic.com



မှာ မင်းကားကို လှမ်းတားတယ်၊ ကိုယ်တောင် မသက်ာလို့ ရပ် မပေးခဲ့ဘူး … ရှောင်မောင်းလာခဲ့တာပါ … မင်းလဲကျသွားလို့ နောက်ကြောင်းပြန်လှည့်ပြီး ကားပေါ်တင်ခေါ်ခဲ့တာပါ”

သက်သေလည်း မရှိဘူး။ သူမကတော့ ဒေါက်တာပြောသမျှ လက်ခံရတော့မည်ဖြစ်သည်။ သူမ လက်မခံချင်။ ညဉ့်နက်သန်းခေါင် မိုးရေထဲ သူမ ဘာဖြစ်လို့ ထွက်လာခဲ့ရတာလဲ။

ပြီးတော့လဲ … ဒဏ်ရာတွေနှင့် ဖြစ်နေသည်။

“တဖြည်းဖြည်းချင်း မင်းအမှတ်ရလာမှာပါ … စိတ်မပူပါနဲ့”

“ဟုတ်”

မင်းထင်သော်လည်း ဘာဖြစ်လို့မှန်းမသိဘဲ မေမိုးဟု ဒေါ်ညွှာ နာမည်ပေးထားတဲ့ ကောင်မလေးရှေ့မှာ ကတုန်ကယင်နှင့် လက်တုန်ခြေတုန် ခန္ဓာကိုယ်ကပါ တဆတ်ဆတ်တုန်ယင်လာရသည်။

ကောင်မလေးက ဘယ်လိုထင်မလဲ။

သူ့ဂုဏ်သိက္ခာအတွက် အတတ်နိုင်ဆုံး တည်ငြိမ်ဖို့ ကြိုးစားရသည်။

“ပုံ ရောက်လာမှ မင်းကိုဆေးထိုးပေးလိမ့်မယ် မေမိုး … စိတ်ကို အတည်ငြိမ်ဆုံးထားပါ၊ တစ်စုံတခုပေါ့ … မင်းမှတ်မှတ်ရရ မြင်တဲ့အကြောင်းအရာတစ်ခုခုနဲ့ ဆုံသွားရင် သတိပြန်ရလိမ့်မယ်”





“ဟုတ်ကဲ့”

ကောင်မလေးအား သောက်ဆေးတွေ ညွှန်ကြားနေသည်။ ဒေါ်ညွှာအား ဂရုတစိုက် စောင့်ရှောက်ရန် ထပ်ကာထပ်ကာ မှာကြားနေမိ၏။ နောက်မှ သူသတိပြန်ရပြီး ထွက်လာခဲ့သည်။

“မင်းထင်သော် … အမိပ္ပာယ်မရှိလိုက်တာကွာ၊ ဒီကောင်မလေးကိုမှ ဘာဖြစ်လို့များ တုန်လှုပ်နေရတာလဲ … ပုံသိသွားရင် ပြဿနာ”

ပုံကိုတော့ သူဘယ်လိုအကြောင်းနဲ့မှ သစ္စာမဖောက်နိုင်။

ချစ်သည်။

သူ ထိန်းချုပ်ရမယ်။

အခန်းထဲ ပြန်ဝင်လာခဲ့၏။ မေမိုးတဲ့လား။

ကောင်မလေး ဘယ်လိုအခက်အခဲမျိုးတွေနှင့် ရင်ဆိုင်ဖြတ်သန်းလာရလဲဆိုတာ သိချင်လာသည်။

“မေမိုး … မေမိုး … မင်းလေးက ညို့ယူဖမ်းစားနိုင်တဲ့ အလှတွေပိုင်ဆိုင်ထားတယ် … ကိုယ်နဲ့ တွေ့ခဲ့လို့ပေါ့ကွာ”

ကောင်မလေးအကြောင်းတွေကို ဘယ်လိုပဲထိန်းချုပ်ထားပါစေ ပြောမိနေသည်။ တွေးမိနေ၏။

ပုံကို ဘယ်လိုလုပ်ရမလဲ။ စေတနာ ပြည့်ဝလွန်းသည်။

ချစ်ဖို့ကောင်းတဲ့ မိန်းကလေး …



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်လုံး သစ္စာကြီးမားစွာ နေထိုင်၍ချစ်သူဘဝကို ဖြတ်သန်းခဲ့ကြ၏။ ပညာရေးကိုပဲ အာရုံအထူးစိုက်ကြသဖြင့် လူကြီးဆန်စွာပဲ နေထိုင်ကြသည်။

"ကို ... "

"ဟင်"

"ဘာဖြစ်လို့ ငုတ်တုတ်ကြီးထိုင်နေရတာလဲ"

"ဟင် ... ပုံ ... "

"ကောင်မလေးကို ကျွန်မ ဝင်ကြည့်ပြီးပါပြီ၊ ဆေးတစ်လုံး ထိုးပေးခဲ့တယ် ... ကျန်းမာရေးကောင်းလာပုံပဲနော်"

ပုံရောက်လာတာကိုပင် သူလုံးဝမသိ။ အတွေးတွေ ရှုပ်ထွေးနေသည်။

"ကိုယ်စိတ်ပူတယ် ... ကောင်မလေးက ဘယ်လိုကိစ္စတွေ ဖြစ်လာလဲဆိုတာ စဉ်းစားနေမိတယ် ... ဘယ်ကမိန်းကလေးလဲ"

"ပုံကလည်း နိုင်ငံခြားကိုသွားရတော့မယ် ... ဖေဖေ့အခြေအနေ နည်းနည်းလေးဆိုးသွားတယ်"

"ကိုယ်တို့လက်ထပ်ရမယ် ... ပုံ့ဖေဖေ နေကောင်းပါစေလို့ ဆုတောင်းနေရမယ်"

"ကိုရယ် ... "

ပုံ့ကို ဖက်ထားမိသည်။ ကိုယ့်စိတ်တွေ မကြည်လင် မသန့်ရှင်းတော့ဘူး။



ကိုယ် သစ္စာမဲ့ပါဘူး ...

ကိုယ် တာဝန်ယူရဲတဲ့ ယောကျာ်းကောင်းတစ်ယောက်ပဲ ဖြစ်ချင်တာပါ။

ပုံ့နဖူးပေါ်မှာ ဝဲကျနေတဲ့ဆံနွယ်လေးများကို ဖယ်ရှားသပ်တင်ပေးရင်း တယုတယလေး ပြုလုပ်ပေးနေသည်။ မင်းထင်သော် နှင့်ပုံတို့က လူကြီးအချစ်တွေပဲရှိ၏။

အလွန်အကျွံတွေ မရှိကြ။

လုပ်ငန်းခွင်တွေ ဝင်ကြရပြီဖြစ်သဖြင့် အတွေ့အထိပင် နည်းသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

မေမိုး ခေါင်းမှဒဏ်ရာက သက်သာသွားသဖြင့် ခြံထဲအထိ ဆင်းလာခဲ့သည်။ သူမနှင့်ခြံကျယ်ဝန်းအကျယ်တွေက မစိမ်းသလို ပင်။

သူမက သူဌေးသမီးလား ...

တွေးလို့မရဘူး။

သူမ လက်လေးတွေက နုဖတ်နေ၏။ ဒေါက်တာကရော ရိုးသားရဲ့လား။ သူမအား ကားနှင့်တိုက်မိတာလား။ သူမအားခေါ် လာတာလည်း ဖြစ်နိုင်သည်။

"ကျွန်မ ဘယ်သူလဲဟင် ... သိချင်လိုက်တာ မိဘတွေက ရော ..."

သူမ ခြံထဲမှာရှိတဲ့ ခုံတန်းပေါ်မှာထိုင်ရင်း သူမအတိတ် အကြောင်းတွေကို စဉ်းစားနေမိသည်။





"မေမိုး ..."

"ဟင် ဒေါက်တာ ..."

"မင်းအပြင်တောင် ထွက်လာနိုင်ပြီလား"

"ဟုတ်"

"ဒီနေ့ ကိုယ်က အနားရတဲ့နေ့လေ ... မင်းအပြင်ထွက်ချင် လား"

"သွားချင်တယ်"

"အိုကေ ... ထ ..."

"ဟုတ်"

ကောင်မလေးကို အပြင်ခေါ်သွားပြီး ဘယ်ကလည်းဆိုတာ စုံစမ်းဖို့ဖြစ်သည်။

"မင်းအတွက် အဝတ်အစားတွေ ဝယ်ရမယ်လေ"

"ဟုတ်"

သူမကိုတွေ့ကာစက ဝတ်စုံလေး တစ်စုံပဲဝတ်ရသည်။

"ဒေါက်တာ"

"ပြော"

"ကျွန်မကို သတင်းစာကြော်ငြာတွေ ဘာတွေမှာ ကြော်ငြာ မထည့်ကြဘူးလား"

"ဟုတ်တယ် ... မတွေ့ရသေးဘူး။ ဘာအကြောင်းတွေလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းအဖြစ်အပျက်တွေက အရမ်းစိတ်ဝင်စားစရာ ကောင်းပါတယ်၊ ထူးဆန်းတယ် မေမိုး ... ”

“ဟင်း ဟင်း ဟင်း ... ဟုတ်တယ်”

သူမလည်း ရယ်မောလိုက်သည်။ စိတ်ညစ်စရာတွေက ဘာတွေလဲ။ မေမိုးဆိုတဲ့ နာမည်လေးပဲ ပိုင်ဆိုင်သွားရသည်။

“ကားပေါ်တက်လေ မေမိုး ... ”

“ဟုတ်”

မင်းထင်သော်လည်း စောစောထပြီး မေမိုးကိုခေါ်၍ အပြင်ထွက်ဖို့ စိတ်ကူးရလာသည်။ စိတ်ပြေလက်ပျောက်ပါ။

ကောင်မလေးနှင့်ပတ်သက်၍ လူပျောက်ကြော်ငြာမထည့်တာလည်း စဉ်းစားစရာ ဖြစ်နေ၏။

မေမိုး မင်းဘယ်ကလဲ ...

ရှိုးသားတာလား ... မရိုးသားတာလား။ ဖြစ်ချင်ရာဖြစ် မေမိုးကို စောင့်ရှောက်ထားချင်သည်။

“မေမိုး ... ဝယ်ချင်တာဝယ်နော် ... ကိုယ့်ကိုအားနာစရာ မလိုဘူး”

“ကျွန်မကလည်း လူတွေကို အားမနာတတ်သလိုပဲ လိုချင်တာဝယ်မယ်နော် ဒေါက်တာ ... ”

မေမိုး ကြိုက်တာက တန်ဖိုးကြီးကြီးအဝတ်အစားတွေ ဖြစ်





နေသည်။ အဝတ်အစားအသုံးအဆောင်တွေ လိုက်ကြည့်ရတာ မေမိုး ပျော်လာ၏။ မေမိုးနဲ့မစိမ်းသလိုပင် တစ်ခုတော့ရှိတယ်။ မမပုံနဲ့ နဲနဲကြီးတဲ့ မိန်းမချောတွေကိုဆိုလျှင် သူမစိတ်ထဲကနေ မနှစ်သက်သလိုကြီးဖြစ်ရသည်။

“ဒေါက်တာ”

“ပြောလေ မေမိုး”

“မေမိုးလေ ... ဒီလိုမိန်းမမျိုးတွေ တွေ့လိုက်ရရင် ဒေါသထွက်ပြီး မုန်းတီးနေသလိုပဲ”

“ဟုတ်လား မေမိုး ... ”

“အင်း ... ”

“တစ်ခုခုတော့ ဆက်စပ်ရမယ်”

မေမိုးဆိုတဲ့ ကောင်မလေးက ဆင်းဆင်းရဲရဲထဲကတော့ မဖြစ်နိုင်ပေ။ သူမ ဝယ်ယူတဲ့ပစ္စည်းတွေအားလုံး အဆင့်မြင့်နေသည်။

“မေမိုး ဝယ်ချင်တာဝယ်နော် အားမနာနဲ့ ... ”

“အင်း ... ကျေးဇူးပဲ”

မေမိုးလည်း သူမကိုဘာဖြစ်လို့ လူပျောက်မကြော်ငြာရတာလဲ။ ဒေါက်တာနဲ့တွေ့တာက ရန်ကုန်မြို့နှင့်မဝေးတော့တဲ့ မဝေးပြေးလမ်းမကြီးပေါ်မှာဖြစ်သည်။ ဘယ်မြို့ကဖြစ်နိုင်လဲ ဘယ်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဒေါ်ပွလာရ၏။ ဒေါက်တာက ဝယ်ချင်တာဝယ် [illegible] တစ်ချက်အတွေးတွေဝင်နေတယ်။ မစဉ်းစားနဲ့တဲ့။

ပြီးတော့ ... သူမစိတ်ထဲမှာ မမပုံလိုမျက်နှာမျိုးနှင့်လည်း ရင်းနှီးနေသလိုလို။ သူမအပေါ် မမပုံဘယ်လောက်ပဲ စိတ်သဘောထားဖြူစင်နေပါစေ မေမိုး မနှစ်သက်မိ။ ဘာကြောင့်လဲမသိ။ သူမလိုအပ်တာတွေ ဝယ်သည်။

"ဝယ်လို့ပြီးပါပြီ ဒေါက်တာ"

"မေမိုး ကျေနပ်လား"

"ကျေနပ်တယ် ... အခုလို အပြင်ထွက်လိုက်ရတော့ ပျော်တယ်"

"ကောင်းတယ် ... ကောင်းတယ် ... မေမိုးပျော်မှဖြစ်မယ်လေ ... မြန်မြန်ကျန်းမာရေးကောင်းမှဖြစ်မယ်"

မေမိုး မျက်နှာလေးပေါ်မှာ အပြုံးလေးတွေမြင်တွေ့ရတာပင် မင်းထင်သော် စိတ်ချမ်းသာနေရသည်။ ဘာဖြစ်လို့မှန်းမသိဘဲ မေမိုးအပေါ် သံယောဇဉ်တွယ်လာရ၏။ လိုအပ်တဲ့ပစ္စည်းတွေဝယ်ပြီး စားသောက်ဆိုင်ရောက်တော့လည်း သူဘယ်တုန်းကမှ မလုပ်ဖူးတဲ့ ချစ်သူပုံကိုပင် မလုပ်ခဲ့တဲ့အလုပ်ကို လုပ်မိနေသည်။

"မေမိုးလေး ဘာစားချင်လဲ"

"ဟိုဟာ ... "





သူမလက်ညှိုးထိုးတဲ့နေရာကိုကြည့်လိုက်တော့ ဘဲကင်အကောင်တွေ။

"မေမိုးက ဘဲကင်စားချင်တာလား"

"အင်း"

"ပြီးတော့ရော ... "

"ဟိုဟာ ... "

"ဟန်ဘာဂါလား"

"အင်း"

"အကောင်းကြိုက်တဲ့ မေမိုး"

"ဟုတ်တယ်နော်"

မေမိုး အမြဲတမ်းပဲ အကောင်းဆုံးတွေပဲ နှစ်သက်သည်။

"မေမိုး"

"ရှင်"

"မင်းအသက်ကိုရော မှတ်မိလား"

"ဟင့်အင်း ... ဒီအစားအစာတွေကို မေမိုးကြိုက်ပေမယ့် ဘယ်လိုခေါ်ရလဲဆိုတာ မေ့နေတယ်"

"ဖြစ်မှဖြစ်ရလေကွာ"

မင်းထင်သော် ရင်ထဲမှာ မေမိုးအတွက် ခံစားရသည်။ သနားနေမိ၏။ သူ စားစရာတွေကို တစ်ခုချင်း နာမည်တွေပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ကဲ့သို့ မျက်ဝန်းလေး ကလယ် ကလယ်နှင့် လိုက်မှတ်နေတာတော့ ဖြူစင်သည်။

"ခေါက်ဆွဲကြော် ... ကြာဆံကြော် ဝက်လက်ပေါင်း ဝက်ဂုတ်သားကင်သုပ် ... "

"မေမိုးတို့ မှာတာတွေက အရမ်းများနေပြီထင်တယ်၊ တော်လောက်ပါပြီနော် ... "

ဟုတ်သားပဲ ...

သူက စေတနာတွေ ရေစီးကမ်းပြိုလိုက်၍ စားစရာအမျိုးအမည်တွေ အမယ်အများကြီးမှာလိုက်မိသည်။ မေမိုး သတိပေးမှ ရပ်ရသည်။ မင်းထင်သော် လွန်တယ်။ မေမိုးအပေါ် စေတနာတွေ ပိုလွန်းနေ၏။ မဟုတ်သေးပါဘူး ... မင်းထင် သတိပြန်ထားနေရသည်။

"နောက်မှ တဖြည်းဖြည်း မေမိုး မှတ်ပါ့မယ် ... အားလုံးလဲ မေမိုးနဲ့အလွယ်တကူ ရင်းနှီးနေပါတယ်"

"အင်း ... မေမိုးက ချမ်းသာကြွယ်ဝတဲ့အခြေအနေကနေ ရောက်လာတာပဲဖြစ်နိုင်တယ်"

"ပြန်တော့မယ်"

"မေမိုး အပြင်မှာနေချင်သေးလား ... ကိုယ့်ကိုအားမနာနဲ့နော်"





"ကျွန်မ ပြန်ချင်လို့ပါ"

"အိုကေ ... "

ဒေါက်တာက သူမသဘောဆန္ဒတွေအတိုင်းပဲ ဖြစ်နေစေသည်။ အမှားတစ်ခုခုများ လွန်ကျူးထားလို့လား။ မေမိုးကိုများ ဒေါက်တာ့ကားနဲ့ တိုက်မိလိုက်တာလား တွေးကြည့်မိနေသည်။

"မေမိုး"

"ဟင်"

"ထလေ ... ငွေရှင်းပြီးပြီ ... ပြန်ချင်တယ်ဆို"

မေမိုးက တွေတွေလေးထိုင်နေ၍ သူသတိပေးရသည်။

"အင်း ပြန်မယ် ... "

မေမိုးနှင့်သူ တွဲလျှက် အပြင်ထွက်လာတော့ သူ့ရင်တွေခုန်လာသည်။ ဘာဖြစ်လို့မှန်းမသိ။ မေမိုးကို သူသံယောဇဉ်တွယ်မိလာ၍ ရင်တုန်ပန်းတုန်လည်း ဖြစ်ရသည်။ ခြံထဲပြန်ရောက်တော့ ပုံရောက်နေသည်။

"ကိုယ်တို့ ပြန်လာပြီလား"

"ပုံရောက်နေတာလား ... ဒီမှာလေ မေမိုးအတွက် အဝတ်အစားအသုံးအဆောင်တွေ ဝယ်ပေးတာ"

ပုံ့ကိုတွေ့တော့ သူမျက်နှာပူသွားကာ အားနာရသည်။ ပုံကတော့ အမူအယာမပျက်ခဲ့။ ကောင်းတယ် ကို ... ပုံမအားလို့ပါတော့



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသေးသည်။

"ပြစမ်း ညီမလေး ... ဘာတွေလာတာလဲ"

မေမိုးကိုဖက်ပြီး ပုံက တိုက်ထဲဝင်လာသည်။

"အမလေး ... တော်လိုက်တာ အရမ်းလှတဲ့ဝတ်စုံလေးတွေ မေမိုး အရွေးတော်တယ်"

မမပုံက သဘောကောင်းချင်ယောင်ဆောင်နေတာလား။ သူမအား ဖော်ရွေလွန်းနေသည်။ မိန်းမချောလေးတစ်ယောက်ကို ချစ်သူနှင့်စိတ်ချထားနေ၏။ သူတို့တွေအားလုံး ပြစ်မှုတစ်ခုခုကို လွန်ကျူးထားကြလို့လားပဲ။ မေမိုးကတော့ သံသယတွေ ဝင်လာရသည်။

"မမပုံက မကြာခင် ဖေဖေနဲ့လိုက်သွားရမယ် ညီမလေး ... သတိတွေပြန်ရလာပြီဆိုတဲ့ သတင်းပဲ ကြားချင်ပါတယ်"

"ဟုတ်ကဲ့"

"မေမိုးလေး အရမ်းကျန်းမာသွားပါပြီ၊ စဉ်းစားစရာတွေကို ခဏဖယ်ထားလိုက်ပါ ... စိတ်ပျော်သလိုနေပါ"

"ဟုတ်"

"ကဲ ... မေမိုးလေး အနားယူပါ၊ ကိုယ်နဲ့စကားပြောလိုက်ဦးမယ်နော်"

"ဟုတ်"





ကိုယ် ရှိရာသို့ ပုံရောက်လာသည်။

"ပုံ"

"ကို"

"မေမိုးလေး စိတ်ပြေလက်ပျောက်ဖြစ်အောင်ပါ၊ ကိုယ်လေ မေမိုးကို အမြန်ဆုံးသတိပြန်ရစေချင်တယ် ... ဘဝမှန်ကို သိစေချင်တာပါ"

"ကောင်းပါတယ် ကိုရယ် ... ပုံလိုက်ပေးရမှာပါ၊ ဖေဖေ့ကြောင့်ပါ ... အမြန်ဆုံးထွက်ရတော့မယ်၊ ကိုယ့်ကို ပုံယုံကြည်ပါတယ်"

ကိုယ့်ကို ပုံယုံကြည်သည်။ ပုံ သဝန်လည်း မကြောင်တတ်ပါဘူး။ ကိုယ်က ပညာရေးပဲ အဓိကထားသူဖြစ်ကြောင်း ပုံသိနေ၏။ ကိုယ့်တာဝန်လည်း သိတတ်သည်။

"ပုံ စိတ်ပူတာကလေ ... ကောင်မလေး ဘယ်လိုပြဿနာများ ရင်ဆိုင်လာရလဲဆိုတာပဲ၊ ကိုယ့်အပေါ် အမှုပတ်မှာကိုပဲလေ"

"စိတ်မပူပါနဲ့ပုံ ... ပြန်လာရင် ဖေဖေကျန်းမာရေးကောင်းပြီး ကိုယ်နဲ့ပုံ အမြန်ဆုံးလက်ထပ်ကြမယ်နော်"

"အင်း"

"စိတ်ချသွားနော်ပုံ ... ဖေဖေအတွက်က အရေးကြီးပါတယ်၊ နောက်ဆံမတင်းစေချင်ဘူး၊ ကိုယ့်ကိုယုံတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ် ... ကိုယ့်ဘက်က ဘယ်တော့မှစတင်သွားမှာမဲ့ဘူးဆိုတာပါ"

ချစ်သူကိုမွေ့ဖက်၍ အနမ်းလေးပေးလိုက်သဖြင့် ပုံကျေနပ်သွားသည်။

"ကို"

"ပြောလေ ပုံ ... "

"စဉ်းစားစရာကလေ မေမိုးကို လူပျောက်ကြော်ငြာမထည့်တာပဲ မရှာကြဘူး ... အံ့ဩစရာပဲ"

"အကြောင်းတစ်ခုခုတော့ရှိမယ်လို့ ကိုယ်ထင်တယ်၊ မကြာခင် မေမိုးအတိတ်ကို ပြန်သတိရမှာပါ"

"အကြောင်းတစ်ခုခုရှိရင် ကျွန်မဆီ ဖုန်းဆက်ပါနော်"

"ကောင်းပါပြီ ပုံရယ် ... ကိုယ့်ကိုစိတ်မပူနဲ့၊ ပုံ နိုင်ငံခြားရောက်ရင် ကိုယ် ညတိုင်းဖုန်းဆက်ပါ့မယ်"

"ပုံလည်း ဆက်မယ်လေ"

ပုံ စိတ်မချတာ မဟုတ်ပေမယ့် သဝန်ကြောင်တာမျိုးမဟုတ်တာတောင် ဘာဖြစ်လို့မှန်းမသိဘဲ ကိုယ်နှင့်အဝေးဆုံးကိုရောက်သွားမှ စိတ်ပူသလိုလို။ ဒါပေမဲ့ ... ပုံ အဲဒီလိုအောက်တန်းကျတဲ့စိတ်ဓာတ်မျိုးမကြိုက်။ မေမိုးလေးက စွဲမက်စရာ ချောမောလွန်းသည်။





"ပုံ ပြန်တော့မယ်"

"နေပါဦး ပုံရယ် ... ဘာဖြစ်လို့ ဒီလောက်အထိ ပြန်ချင်နေရတာလဲ"

"ဖေဖေက ပုံရှိနေမှဖြစ်မယ်"

"ကိုယ်ကထမင်းလက်ဆုံစားပြီးမှ ပြန်စေချင်တာပါ"

"နောက်မှနော် ... "

ပုံ ပြန်မယ်ပြင်နေတုန်းရှိသေးတယ်။ မေမေ့ဆီမှ ဖုန်းလာသည်။

"သမီးပုံ အမြန်ပြန်လာပါ၊ သမီးဖေဖေ မောနေတယ်"

"ဟုတ်ကဲ့မေမေ ... ပုံ အခုပဲရောက်လာမှာပါ"

"ကိုယ်လိုက်ပို့ပေးမယ်ပုံ ... အန်ကယ့်အခြေအနေလည်း ကိုယ်လိုက်ကြည့်ချင်တယ်"

"လိုက်ပို့လေ ... ပုံကားမောင်းနိုင်မှာ မဟုတ်တော့ဘူး"

"စိတ်မပူနဲ့ ... နိုင်ငံခြားမှာ နှလုံးခွဲစိတ်ကုလိုက်ရင် ကောင်းသွားမှာပါ ပုံရယ် ... "

ပုံ့ကို နှစ်သိမ့်ပေးရင်း သူကိုယ်တိုင်ကားမောင်းလိုက်ပို့ခဲ့သည်။ အန်ကယ်က မောနေ၏။ နှလုံးမကောင်းသူပါ။ ခွဲစိတ်ကုသရမည် ဖြစ်သည်။

"အန်ကယ်မြတ် ... ဘာမှအားမငယ်ပါနဲ့နော်၊ နှလုံးခွဲ



www.burmeseclassic.com

www.burmeseclassic.com



ကြောတွေ လဲပြစ်လိုက်ရင်ကောင်းသွားမှာပါ"

"ဟုတ်ပါတယ်ကွယ် ... အန်ကယ်အမြန်ဆုံးသွားချင်ပါတယ် ... သားနဲ့သမီးတို့ရဲ့ မင်္ဂလာပွဲကိုလည်း အောင်မြင်စေချင်ပါတယ်"

"အန်ကယ်မြတ် နေကောင်းဖို့ပဲ ဆုတောင်းပါတယ် ... လိုအပ်ရင် ကျွန်တော်ကိုယ်တိုင် နိုင်ငံခြားကို လိုက်ခဲ့ပါ့မယ်"

"မလိုပါဘူးကွယ် ... သမီးပါတာပဲ၊ ဟိုမှာလဲ သားဆရာဝန်ရှိတယ်လေ"

အန်ကယ်မြတ် မောလာ၍ မင်းထင်သော် စကားမပြောတော့ဘဲ အနားယူစေကာ ပွဲ့ကိုအားပေးပြီး ပြန်လာခဲ့သည်။

အခန်း ( ၅ )

မေမိုး စဉ်းစားနေမိသည်။ သူမ မိဘအသိုင်းအဝိုင်းတွေကလည်း လူပျောက်ကြော်ငြာ မထည့်ကြ။

ဘာဖြစ်လို့လဲ ...

သူမအတိတ်က ဘာတွေလဲ။ ဒေါက်တာ့အိမ်မှာတော့ မေမိုးသည် စိုးစွာလိုလေသေးမရှိ နေထိုင်ရသည်။ မပုံလည်း သူမအားဖုန်းနှင့်ဝင် နှုတ်ဆက်၍ ပြန်သွား၏။ ဒေါက်တာက သူမအား ပို၍ဂရုစိုက်လာသည်။

"မေမိုးလေးရဲ့ ကျန်းမာရေးအခြေအနေက အားလုံးကောင်းသွားပါပြီ၊ အထဲမှာပဲ ကုတ်မနေနဲ့နော် ... အပြင်ထွက်ရမယ်"

"ဒေါက်တာ"

"ပြော"

"မေမိုး မိသားစုဝင်တွေက ဘာဖြစ်လို့များ လူပျောက်မတိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြတာလဲဟင်"

"အဲဒါတော့ ကိုယ်လည်းမသိဘူး မေမိုးရယ် … စဉ်းစားစရာပဲ၊ ကိုယ်လည်း အမြဲတမ်းစုံစမ်းနေပါတယ်"

"ဒေါက်တာနဲ့တွေ့ဆုံခဲ့တဲ့နေရာလေးကို မေမိုးသွားကြည့်ချင်တယ်"

"ရပါတယ် … သွားကြမယ်လေ"

မေမိုးနှင့်တွေ့ခဲ့တဲ့နေရာကို သွားချင်သည်ဆို၍ မင်းထင်သော် လိုက်ပို့ရသည်။ အဲဒီနေရာမှာ မေမိုးကို တစ်ယောက်ယောက်ကတွေ့ပြီး ပြန်ခေါ်သွားမှာလည်း စိုးရိမ်နေမိသေး၏။ ဒါပေမဲ့လဲ မေမိုးရဲ့ဘဝအမှန်တွေသိရန် လိုအပ်သည်။

"ည ၁၂ နာရီလောက်မှာပဲ မေမိုး မိုးကအရမ်းရွာနေတယ်။ ကိုယ့်ကားကို လမ်းလယ်ခေါင်မှာရပ်ပြီးတားတာပါ"

"ညဉ့်နက်သန်းခေါင်ကြီးပဲ … မေမိုး ဘာကြောင့်ဒဏ်ရာတွေနဲ့ အဝေးပြေးလမ်းမကြီးပေါ် ရောက်နေရတာလဲ၊ ဒေါက်တာ လိမ်ညာပြောနေတာတော့ မဟုတ်ပါဘူးနော်"

"မေမိုးက ကိုယ့်ကိုမယုံသင်္ကာဖြစ်နေတာလား"

"မေးကြည့်တာပါ"

မေမိုးက သူ့ကိုအထင်လွဲနေတဲ့ပုံစံလေး ဖြစ်နေသည်။ အမှတ် ၃ လမ်းမကြီးပေါ် ရန်ကုန်နှင့်မနီးမဝေး။





"ကိုယ့်ကိုယုံပါမေမိုး … ကိုယ် အဲဒီလောက်အထိ တာဝန်မမဲ့ပါဘူး။ မင်းလဲကျသွားလို့ ကိုယ်စိတ်ပူပြီး ပြန်ကြည့်ခဲ့တာ"

"အင်း"

သူ ကားကိုဂရုတစိုက် မောင်းနှင်ရင်း မေမိုးမျက်နှာလေးအားမသိမသာကြည့်မိသည်။ ယောကျ်ားလေးတစ်ယောက်ရဲ့ရင်ကို စွဲယူလှုပ်ခတ်နိုင်သော မိန်းမချောလေးပါ။ နှုတ်ခမ်းနီမဆိုးဘဲ သဘာဝအလှပန်းရောင်းလေး ပြေးနေသည်။ မင်းထင်သော်စိတ်တွေ ဒီကောင်မလေးအပေါ် တိမ်းညွှတ်သလို ဖြစ်နေတာ သဘောမကျမိ။ သူ့ လက်ထပ်မှာက ချစ်သူပုံပဲ။ မိုးပြေးလေးက တဖွဲဖွဲကျလာသည်။

"မိုးပေါက်တွေတောင် ကျလာပြီမေမိုး … တိမ်မဲတွေအုပ်ဆိုင်းလာပြီး ကိုယ်တို့ဆက်သွားမလား"

"သွားချင်တယ် … မေမိုးတစ်ခုခုကို အမှတ်တရတွေ့ရမလားလို့ပါ … ဒေါက်တာတွေ့တဲ့နေရာနဲ့ မဝေးတဲ့မြို့လေးမှာ မေမိုးနေတာဖြစ်မယ်"

"ဖြစ်နိုင်တယ်"

"ဆက်သွားမယ်"

"အိုကေ"

မေမိုးဆန္ဒတွေကို သူဖြည့်စွမ်းပေးချင်သည်။ တစ်ခါတလေ

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးအတိတ်ကို သတိရပြီး သူ့ကိုထားခဲ့မှာကိုလည်း စိတ်ပူမိနေ၏။

အဓိပ္ပာယ်မရှိဘူး မင်းထင်သော် ...

လုံးဝမဖြစ်သင့်ဘူး။

ပုံက နိုင်ငံခြားကို အရေးတကြီးထွက်သွားရမည်ဖြစ်သည်။

မိုးပေါက်တွေက တစ်စတစ်စ ပြင်းပြင်းကျလာ၏။ သဲသဲမဲမဲပင်။ သူ စိတ်ပူမိသည်။

"မေမိုးကိုတွေ့တုန်းကလည်း မိုးတွေအရမ်းသည်းနေလား ဟင်"

"ဟုတ်တယ် မေမိုး ... "

သူမ စဉ်းစားသည်။ သတိရတော့မလိုလိုနှင့်စဉ်းစားမရ။ မိုးထဲရေထဲ သူမက ဘာဖြစ်လို့များ ဒဏ်ရာတွေနဲ့ထွက်ပြေးလာခဲ့ရတာလဲ။ အတိတ်က ဝေဝါးနေသည်။ မိုးဘယ်လောက်ပဲ ထန်နေပါစေ ထိုနေရာအား သူမသွားချင်နေခဲ့၏။

မိုးကောင်းကင်ကြီးတစ်ခုလုံး မဲမှောင်အုံ့ဆိုင်းနေသည်။

"ကျွီ ... "

"ဟင် ... ဘာဖြစ်လို့လဲ ဒေါက်တာ"

"မိုးက အရမ်းသည်းထန်နေတယ်"

"ဆက်သွားမယ်"





"အန္တရာယ်များမလား"

"ကျွန်မ ဆက်သွားချင်တယ်၊ မိုးကိုခံစားချင်တယ် ... ကျွန်မနေတဲ့မြို့လေးအနီးအနားရောက်ရင် အတိတ်ကိုသတိရနိုင်မလားလို့ပါ"

"ကောင်းပြီလေ ... မေမိုးဆန္ဒပါပဲ၊ ကိုယ်မောင်းနိုင်ပါတယ်"

မိုးရေပေါက်တွေက သူ့ကားမှန်ကို ခုန်ပေါက်ပြေးဆင်းလာသည်။ ပတ်ဝန်းကျင်က ဝေဝါးနေ၏ မမြင်ရ။ မေမိုးကတော့ အပြင်ဘက်ကိုပဲ စူးစိုက်ကြည့်နေသည်။ သတိနှင့်ကားကိုမောင်းလာရင်း မေမိုးကိုတွေ့ခဲ့တဲ့နေရာလေး ရောက်လာ၏။ သူ ကားကိုလမ်းဘေး ထိုးရပ်လိုက်သည်။

"ဒီနေရာမှာပဲ မေမိုး"

"ဟင်"

သူမ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ လယ်ကွင်းပြင်ကြီးက တမျှော်တခေါ်။ သူမ ဘယ်ကနေရောက်လာရတာလဲ။ မြို့ရွာလည်း နီးနီးနားနား မရှိဘူး။

"ဒီနေရာမှာ ကျွန်မကိုတွေ့တာဟုတ်လား ဒေါက်တာ"

"ဟုတ်တယ် မေမိုး ... "

"စဉ်းစားလို့တောင် မရတော့ဘူး"

ပတ်ဝန်းကျင်မှာ မြို့ရွာမရှိဘဲနှင့် သူမ ဘယ်လိုလုပ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာရတာလဲ ဒေါက်တာတိုက်လာတာပဲ ဖြစ်နိုင်သည်။

"ကိုယ့်ကို မသက်ာတဲ့မျက်လုံးတွေနဲ့ မကြည့်ပါနဲ့မေမိုး။ တကယ်ပါ ... မင်းက ကိုယ့်ကားကိုတားနေတာပါ"

"အား ... ကျွန်မ ဘာမှစဉ်းစားလို့တောင် မရတော့ဘူး။ ခေါင်းတွေမူးလာပြီ"

"ဆက်နေဦးမလား"

"ပြန်ချင်တယ်"

မေမိုး ခေါင်းတွေမူးဝေနောက်ကျိလာသည်။ စဉ်းစားမရ မေမိုး မုန်းတယ်။ ဒေါက်တာကိုလည်း မယုံမကြည်ဖြစ်လာ၏။ ကြောက်လာသည်။

"ဒေါက်တာ ဘာဖြစ်လို့လဲဟင်"

"စက်ကနှိုးလို့မရတော့ဘူး ... မေမိုး ကိုယ့်ကိုမယုံမကြည် မလုပ်ပါနဲ့ ... ကားက ဘာဖြစ်သွားလဲမသိဘူး"

"နှိုးကြည့်ပါဦး ဒေါက်တာ"

"ဖွတ် ... ဖွတ်"

"ဒုက္ခပါပဲကွာ"

"ဒေါက်တာ ... ကားအကောင်းကြီးက ဘာဖြစ်လို့ စက်နှိုးလို့မရတာလဲ"

မေမိုး အသံလေးက မာမာလေးဖြစ်လာသဖြင့် သူထိတ်





ထိတ်ပြာပြာဖြစ်သွားသည်။ ဒုက္ခပါပဲ ... သူ့ကို တစ်မျိုးထင်မှာလည်း နိုးရိမ်လာ၏။ မေမိုးစိတ်ထဲမှာ သံသယတွေ ပြည့်နှက်လျှက် မျက်ဝန်းအကြည့်တွေကပါ မာထန်နေသည်။ အော်ဟစ်လိုက်ရင် ဖြိုသနာတက်သွားနိုင်သည်။

"မိုးတွေရွာလာတော့မယ် ဒေါက်တာ ... ကြောက်တယ်၊ အမြန်ပြန်ကြရအောင်ပါ"

"မေမိုး"

"ရှင်"

"မင်း ဘာတစ်ခုမှသတိမရဘူးလားကွာ"

"မသိဘူး ... ကျွန်မက ဒေါက်တာစကားတွေကိုပဲ ယုံကြည်ရတာလေ"

"ကိုယ့်စကားတွေက အမှန်တွေပါ။ ညီမလေး လုံးဝသံသယမဝင်ပါနဲ့ ... ကိုယ်ကလူကြီးလူကောင်း ဆရာဝန်တစ်ယောက်ပါ မေမိုး"

ဒေါက်တာကိုတော့ သူမယုံကြည်မိသလိုပင်။ သံသယတွေ ဝဲရှိတာပါ။ ခက်နေတာက မေမိုး ဘာကိုမှစဉ်းစားမရတာကိုပင်။

"စက်ပဲနှိုးပါ"

"ဟုတ်ပါပြီ ..."

သူ ကားစက်ကိုနှိုးသည်။ မရ။ သူကိုယ်တိုင်လည်း မိန်းမပျို



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်နှင့် ဒီလိုအခြေအနေမျိုးမှာ အတူတူမနေလိုပေ။ စိတ်ညစ်လာ၏။ ချစ်သူပုံ့ကို သတိရလာသည်။ လှမ်းခေါ်လိုက်ရင် ကောင်းမလားဘဲ။ ပုံက ဖခင်ကျန်းမာရေးကြောင်း သွားလာဖို့ခက်ခဲ၍ မခေါ်တော့ပါဘူး။

"ဝေါ ... ဝေါ"

"မိုးတွေရွာလာပြီ ဒေါက်တာ"

"ဂျိန်း ... ကျလိမ်း ... "

"အမလေး"

မေမိုးက ကြောက်လန့်တကြား အော်ဟစ်လျှက် လက်ဝါးတွေနှင့်သူမနားနှစ်ဖက်ကို ပိတ်ထားသည်။

"မကြောက်ပါနဲ့ မေမိုးရယ် ... ကိုယ်ရှိပါတယ်၊ ကိုယ်တို့ အမြန်ပြန်နိုင်ဖို့ ကိုယ့်သူငယ်ချင်းကို လှမ်းခေါ်ပါ့မယ်"

"အမြန်ခေါ်ပါ ဒေါက်တာ ... မေမိုး ကြောက်တယ်"

"ကောင်းပါပြီ မေမိုး ... မကြောက်နဲ့နော် ... "

"ဟုတ်"

သူ့ဖုန်းကိုဆက်ဖို့လုပ်တော့ သူ့မိတ်ဆွေဖုန်းတွေအားလုံး ဆက်သွယ်ရေးဧရိယာပြင်ပပဲ ဖြစ်နေသည်။

"အရေးထဲကွာ"

"ဒေါက်တာ ဖုန်းဆက်လို့မရဘူးဆိုတာ မဖြစ်နိုင်ဘူးနော်၊





မေမိုး သိတယ် ... ရအောင်ဆက်ပါ"

"ဂျိန်း ... ဂျလိမ်း"

"အား"

"မေမိုး ... "

မေမိုးက ကြောက်လန့်တကြားနှင့် ငယ်သံပါအောင် အော်ဟစ်ပြီး သူ့ရင်ခွင်ထဲ အတင်းတိုးဝင်လာသဖြင့် သူလည်းအကြောက်ပြေစေရန် ဖက်ထားလိုက်သည်။

"ကြောက်တယ် ... ကျွန်မအရမ်းကြောက်တာပဲ၊ မိုးကြိုးပစ်တာကို ကြောက်တယ်"

ကိုယ့်ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေးနားဝင်ခိုလိုက်ပါမေမိုးရယ်။ ကိုယ့်ကိုယုံကြည်ပေးပါလား။ မေမိုးအပေါ် သူသံယောဇဉ်ကြီးစွာ တွယ်မိသွားတာ သိလိုက်ချိန်တွင် အထိတ်တလန့်နှင့် မေမိုးအား သူ့ရင်ခွင်ထဲကနေ ဖယ်ထုတ်ပြစ်လိုက်ဖို့ ကြိုးစည်မိသွားသည်။

"ပုံရယ် ... ကိုယ်လေ ကံကြမ္မာကိုပဲ အပြစ်တင်ရမလားဘဲ၊ မေမိုးကိုချစ်သွားမိနေတယ် ... မဖြစ်သင့်ဘူးလေ၊ ပုံက ကိုယ့်ငယ်ချစ်ဦးပါ၊ အရည်အချင်းတွေရှိပြီး စိတ်စေတနာပြည့်ဝဖြူစင်သူပါ"

ပုံ့ကို သတိရသည်။ ဖခင်၏ကျန်းမာရေးကြောင့် ပုံနှင့်သူတို့ အားစက်နေခဲ့သည်။ ချစ်သူချင်းတွေ့ဖို့အချိန်က မရှိခဲ့။ သူတို့အသက်အရွယ်တွေက ရင့်ကျက်တည်ငြိမ်သင့်ပြီဖြစ်ပေမယ့် သူ့ဘဝက



www.burmeseclassic.com

www.burmeseclassic.com



သစ္စာမဲ့ချင်နေသည်။

"မေမိုး"

"မေမိုး"

"ဟင်"

မေမိုးက သူ့ရင်ခွင်ထဲမှာ နှစ်ခြိုက်စွာအိပ်မောကျနေသည်။ နုဖတ်ဖူးညွန့်နေတဲ့ မျက်နှာလေးကို သူစိုက်ကြည့်မိနေ၏။ အပြင်မှာ မိုးကသည်းသည်းထန်ထန် ရွာသွန်းလျှက် မိုးမှောင်ကြီးကျနေသည်။

"မေမိုးရယ် ... မင်းလေးနဲ့ဘာဖြစ်လို့များ ကံကြမ္မာကတွေ့ဆုံခွင့်ပေးရတာလဲကွာ"

ပုံနှင့်က ချစ်သူတွေဖြစ်ကြပေမယ့် ရင်ခုန်ခံစားမှုတွေ မရှိခဲ့။ လက်ထပ်သင့်တဲ့ မိန်းကလေးအဖြစ်ပဲ သူရွေးချယ်ခဲ့သည်။

"ကိုယ်တို့လက်ထပ်ကြမယ် ပုံရယ်နော် ... "

"ဖေဖေ့ကျန်းမာရေးကြောင့်ပါ ကိုရယ် ... ပုံလက်မခံနိုင်သေးပါဘူး၊ အိမ်ထောင်ရေးကိစ္စတွေကို ပုံတာဝန်ကျေနိုင်မှာမဟုတ်သေးဘူး"

ပုံက ငြင်းပယ်ခဲ့သည်။ သူ နားလည်ပေးခဲ့သည်။ အချစ်ထက် သစ္စာတရားက အရေးကြီး၏။ ကံကြမ္မာကြောင့်လား။ ပုံနှင့်ရေစက်တွေမရှိတာလား။ ဟာ ... မဟုတ်သေးပါဘူး။ ပုံက သူလက်ထပ်သင့်တဲ့မိန်းမ။ အချစ်တွေကို စွန့်ပြစ်ရမယ်။ သူက လူကြီး





လူကောင်း ဂုဏ်သိက္ခာကြီးသူ။

"မေမိုးက ကိုယ့်ညီမလေးအရွယ်ပဲ သန့်ရှင်းရမယ် ... "

မေမိုး အိပ်ပျော်နေတာပဲ သူ စိတ်အေးရသည်။ မိုးတွေရွာနေသော်လည်း မိုးထစ်ချုန်းသံက ငြိမ်သက်သွား၏။ သူ့ရင်တွေက ထိန်းချုပ်ထားသည့်ကြားမှ တဒိန်းဒိန်းခုန်လျှက်။ သူနှင့်ပုံတို့ ငယ်စဉ်က ကျောင်းတက်ကြတဲ့အကြောင်းတွေ ဆရာဝန်တွေဖြစ်ကြပြီးမှ ချစ်သူဘဝမှာ ဂုဏ်သိက္ခာတွေ ထိန်းသိမ်းနေထိုင်ရတဲ့ဘဝတွေကို ပြန်၍စဉ်းစားသည်။

"ကိုယ် လက်ထပ်မှာက ပုံပါ။ သေချာတယ် ... ကိုယ့်ဘဝနဲ့လက်တွဲဖော်က ပုံပဲဖြစ်မှာပါ"

သူ့စိတ်တွေက မရေမရာပြတ်သားတဲ့ ဆုံးဖြတ်ချက်မရှိ။ မေမိုးမျက်နှာလေးကကို ကြည့်မိရင်း ဖူးဖူးရွရွနှုတ်ခမ်းသားလေးကို နမ်းပြစ်ချင်သည်။

"ဒုက္ခပါပဲကွာ ... မင်းထင်သော်ရာ၊ မင်းဘာတွေဖြစ်နေတာလဲ ... သမာဓိမရှိလိုက်တာ၊ မင်းရဲ့ကိုယ်ကျင့်သိက္ခာတွေ ထိန်းစမ်းပါ တစ်သက်လုံး မင်းတန်ဖိုးထားခဲ့တဲ့အရာလေ ... "

သူ့စိတ်ကို သူပြန်၍ထိန်းချုပ်ပစ်သည်။ အကြည့်တွေကို လွှဲပစ်လိုက်သည်။ သူ့ဘက်က သန့်စင်ရမယ်။ ပုံကို သစ္စာမမဲ့နိုင်ဘူး။ သူပေါ် မရက်စက်နိုင်။ သူ့သွေးတွေ ပွက်ပွက်ဆူနေသဖြင့် အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အေးစက်စေရန် ဆရာဝန်ဆိုသော ဂုဏ်သိက္ခာနှင့်ထိန်းသိမ်းရသည်။

"အချစ်ဆိုတာ ဘာလဲ မေမိုး ... မင်းသိလား။ ကိုယ့်မှာ ချစ်သူပုံရှိနေခဲ့ပေမယ့် ကိုယ့်အချစ်တွေကို မသိဘူးလို့ပြောရင် ကိုယ် လိမ်ညာပြောဆိုတာပဲဖြစ်လိမ့်မယ်လို့ မင်းစွပ်စွဲမှာပါ"

မိုးကပြန်၍ တိတ်ဆိတ်ငြိမ်သက်သွားသည်။ သူ့ရင်ခွင်ထဲက မေမိုးခန္ဓာကိုယ်လေးအား အသာဖယ်၍ ထိုင်ခုံနောက်မှာ အသာ အယာမှီထားပေးလိုက်၏။ သူ့ကားကို စက်နှိုးဖို့ပြန်ကြိုးစားတော့ ဝူးခနဲ နိုးသွားသဖြင့် ...

"ဟူး ... ဒီကားကလည်းကွာ ... ဒေါက်တာမင်းထင်သော်ကို ရင်ခုန်လိုက်ဖို့အောင် တော်တော်လုပ်တာပဲ"

သူ သဘောကျစွာ ပြုံးပြစ်လိုက်မိသည်။

အခန်း ( ၆ )

"ကို ..."

"ဟင် ... ပုံ"

"ပုံ သွားရတော့မယ်"

"ကိုယ်လိုက်ဖို့ လိုသေးလား ပုံ"

"မလိုပါဘူးကိုရယ် ... အားလုံး ပုံတာဝန်ယူနိုင်ပါတယ်၊ ကိုလည်း တာဝန်တွေရှိသေးတယ်လေ ... ပြီးတော့ မေမိုးလည်းရှိတယ်"

"မေမိုးက အရေးမကြီးပါဘူး၊ ပုံပဲအရေးကြီးတယ်၊ အန်ကယ့်အတွက် အားကိုးရာ ပုံတစ်ယောက်ထဲရှိတာလေ"

ပုံကိုတွေ့တော့လည်း မင်းထင်သော် သနားမိသည်။ တစ်ဦးတည်းသောသမီးဖြစ်နေ၏။ ဖခင်အပေါ် တာဝန်ကျေလွန်းတဲ့သမီးပါ။ မေမိုးအပေါ် ရစ်သိုင်းငြိတွယ်နေတဲ့ သူ့နှလုံးသားသည်ယောခြဲ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတွေကို ဖြတ်တောက်ပြစ်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"ပုံ"

"ဟင်"

"ကိုယ့်ကိုယုံကြည်ရဲ့လား"

"ကိုရယ် … မေးနေစရာလိုသေးလို့လား။ ပုံအကြွင်းမဲ့ယုံကြည်တယ် … ဖေဖေက လူ့လောကကြီးထဲမှာ ဆက်နေနိုင်ဖို့ အာမခံချက်မရှိတော့ဘူးလေ … ပုံက ကိုယ့်ကိုတောင် အားနာမိပါတယ်"

ကိုယ့်ရင်ခွင်ထဲသို့ ပုံတိုးဝင်မိသည်။ အခုနေ ကိုယ့်ဘက်က သစ္စာမဲ့သွားရင်တောင် အပြစ်ရှိသူကပုံပါ။ ချစ်သူကို ဘယ်လိုမှ ဂရုမစိုက်နိုင်တဲ့ဘဝ။ ဖေဖေ့အတွက် ပုံရဲ့အာရုံစူးစိုက်မှုတွေ အချိန်ပြည့်ပေးထားချင်နေခဲ့သည်။ မေမိုးရောက်လာတာလည်း ပုံအရမ်းကျေးဇူးတင်ပါတယ်။ ကိုယ့်ရဲ့အထီးကျန်မှုတွေကို အဖော်အဖြစ်ရောက်ရှိလာချင်းဖြစ်သည်။

"မေမိုးအတွက်လည်း ကိုယ့်မှာတာဝန်ရှိပါတယ်၊ ကိုယ်အပြည့်အဝ တာဝန်ယူပါနော် … ပုံဘက်က လုံးဝရိုးစင်းပါတယ်။ ချစ်သူအပေါ် တာဝန်မကျေနိုင်တာကပုံလေ"

"ပုံရယ်"

ချစ်သူအား သူ တင်းကျပ်စွာပွေ့ဖက်ထားမိသည်။ ဝုဏ်





သိက္ခာတွေနဲ့လက်ထပ်ဖို့ဆန္ဒနှင့် ဆုံးဖြတ်ချက်တွေသာရှိပြီး တယုတယချစ်တင်းနှောနေထိုင်ခြင်း မရှိကြ။ ဝေးရမယ်ဆိုတော့လည်း ရင်တွေနာကျင်သည်။

"ပုံ သွားပါ … စိတ်အေးလက်အေးသွားနော်၊ လိုအပ်ရင် ကိုယ့်ကိုခေါ် … ပုံတစ်ယောက်ထဲ ကြိတ်မှိတ်မဖြေရှင်းပါနဲ့"

"အင်း"

"ပုံ့ဘက်က အဆင်သင့်ဖြစ်ရင် ကိုယ်တို့လက်ထပ်ကြမယ်၊ ကိုယ်လက်ထပ်မယ့် မိန်းကလေးက ပုံတစ်ယောက်ထဲပဲနော် … စိတ်ချ … "

"ကိုယ့်ကို ပုံယုံကြည်ပါတယ် … ပုံအရမ်းလည်းချစ်တယ်"

"ပုံရယ် … "

"မေမိုးကို သွားတွေ့ကြရအောင်နော် ကို … "

"သွားလေ"

မနေ့က မိုးမိလာ၍ မေမိုး နေမကောင်းဖြစ်နေသည်။

ဒေါ်ညွာ စောင့်ရှောက်ပေးနေ၏။ ပုံနှင့်အတူ မေမိုးအခန်းထဲဝင်လာခဲ့ကြသည်။

"မေမိုး ဘယ်လိုနေသေးလဲ ဒေါ်ညွာ … "

"အဖျားကျသွားပါပြီ မောင်မင်းထင် … "

"အင်း … "



www.burmeseclassic.com

www.burmeseclassic.com



"မေမိုးလေး နိုးပြီလား"

မေမိုး လက်လေးကိုပုံက တယုတယ ဆုပ်ကိုင်လိုက်၍ မေမိုး မျက်တောင်ကော့လေးလေ ဖျတ်ခနဲ ပင့်တက်သွားသည်။

"မေမိုး"

"ရှင် ... မမပုံ"

"အအေးမိသွားလို့ထင်တယ်"

"ဟုတ်"

"အသာလေးနေ ... မမပုံ စမ်းသပ်ပေးမယ်နော်"

"ဟုတ်"

မေမိုးအား ပုံသနားကြင်နာမိသည်။ အတိတ်မေ့နေသူလေး ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်လာရတာလဲ။ လမ်းပေါ်မှာဒဏ်ရာတွေနှင့် လဲပြိုကျနေသည်။

"အင်း ... အဖျားနည်းနည်းပဲရှိတာပါ ... အခုကျသွားပြီပဲ၊ စိတ်မပူနဲ့နော် ညီမလေး ... ဖြည်းဖြည်းချင်း ညီမလေးအတိတ်တွေကို သတိပြန်ရလာမှာပါကွယ်နော် ... "

"မမပုံက ကြင်နာတတ်လိုက်တာ၊ အရမ်းလည်းလှတယ်၊ ဒေါက်တာတို့နှစ်ယောက်က လိုက်ဖက်တယ် ... "

"ညီမလေးရယ် ... အရမ်းကိုမြှောက်တတ်နေတာပါလား။ မမပုံ ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး"





"ဒေါက်တာကလဲ မမပုံကို အရမ်းချစ်တယ်၊ မေမိုးသိတာပေါ့နော် ... "

"ကောင်မလေး တော်တော်အပြောကောင်းတယ်နော်"

"မေမိုး တကယ်ပြောတာ သိလား ... "

ဒေါက်တာ ဝုဏ်သိကျော်ကို တဖြည်းဖြည်းနှင့်မေမိုး ယုံကြည်လာသည်။ လေးစားလာရ၏။ မေမိုးကို အချိန်မရွေးစော်ကားလို့ရပါလျက်နှင့် စောင့်ရှောက်ပေးနေခဲ့သည်။ မမပုံလည်း စိတ်သဘောထား ပြည့်ဝလွန်း၏။ ချစ်သည်။

"ဒေါက်တာနဲ့မမပုံတို့ လက်ထပ်ရင်လေ မေမိုး သတို့သမီးအရံလုပ်မယ်နော် ... "

"အိုကေ ကျေးဇူးပဲ ... မမပုံကလေ ... မေမိုးကို ရှေ့ကနေ ဦးကြိုပေးစေချင်တယ် ... ညှို့ပရိသတ်တွေ ဘယ်လောက်များ မှင်သက်မိပြီး ... ချောလိုက်တာ ... လှလိုက်တာ ... နတ်သမီးလေးသားလို့တောင် ထင်သွားနိုင်တယ်နော် ... "

"ဟင်း ဟင်း ဟင်း ... ဟုတ်တာ မှန်တာတွေပြောတော့လည်း လက်ခံရမှာပေါ့လေ ... "

"ကောင်မလေး စကားတတ်တယ် ... ချစ်လိုက်တာ"

မေမိုး ပါးပြင်လေးကို မမပုံက လိမ်ဆွဲရင်း ချစ်စနိုးစသည်။ ဒေါက်တာနဲ့ရော မမပုံနဲ့ပါ ဆုံတွေ့ရ၍ မေမိုး ကံကောင်းသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညွှာက ပြောပြသည်။

"မေမိုး"

"ရှင်"

"ညနေကျရင် မမပုံ နိုင်ငံခြားခရီးထွက်ရမယ်၊ မမပုံဖေဖေရဲ့ ကျန်းမာရေးကြောင့်လေ ... "

"ဟုတ်ကဲ့"

"ညီမလေး ကျန်းမာအောင်နေနော် ... ညီမလေး အတိတ်တွေပြန်သတိရစေဖို့ နိုင်ငံခြားမှာ သမားတော်ကြီးတွေနဲ့ တိုင်ပင်မယ်၊ ဆေးတွေပို့ပေးမယ်နော် ... ဘာမှစိတ်မပူနဲ့ သိလား"

"ကျေးဇူးတင်ပါတယ် မမပုံရယ် ... မေမိုးလေ အတိတ်ကိုတော့ ပြန်သတိရချင်တယ်၊ အကူအညီပေးပါနော်"

"စိတ်ချ ... ဒေါက်တာရဲ့ ညွှန်ကြားမှုအတိုင်းနေထိုင်နော်၊ ကျန်းမာရေးကို ဂရုစိုက်ပါ၊ ဒေါ်ညွှာလည်း စောင့်ရှောက်ပေးပါ"

"မေမိုးလေးကို သံယောဇဉ်တွယ်နေလို့ ဒေါ်ညွှာလည်း အရမ်းဂရုစိုက်နေပါတယ် ပုံရယ် ... မေမိုးလေးအတွက် မပူပါနဲ့ ပုံအဖေအတွက်သာ ဂရုစိုက်ပါ"

ငွေကြေးပြည့်စုံချမ်းသာပြီး ပညာတတ်မိန်းကလေးဖြစ်ပေမယ့် ပုံကအဆင့်အတန်းမခွဲခြားတတ်။ ဒေါ်ညွှာကို အဒေါ်တစ်ယောက်ကဲ့သို့ သဘောထားဆက်ဆံသည်။





"ပုံ ပြန်မယ်နော် ... ဖေဖေ့အတွက်လိုအပ်တာလေးတွေ လုပ်ဆောင်ပေးရဦးမယ်၊ ညီမလေး မေမိုးကိုရော ဒေါ်ညွှာကိုရော နှုတ်ဆက်ပါတယ် ... ပုံ ပြန်ရမယ်"

"ဟုတ်ကဲ့ မမပုံ ... အားလုံးအဆင်ပြေချောမွေ့ပါစေလို့ မေမိုး ဆုတောင်းနေမယ်နော်"

"ဒေါ်ညွှာလည်း ပုံ့ဖေဖေ ကျန်းမာရေးပြန်ကောင်းဖို့ ဆုတောင်းပေးပါတယ်ကွယ်"

"အားလုံး ကျေးဇူးပဲ"

ပုံ ပြန်သွားသဖြင့် မင်းထင်သော်လည်း ပုံနောက်ပြေးလိုက်ခဲ့သည်။ ချစ်သူအပူသောကတွေနှင့် ဗျာများနေတဲ့အချိန်တွင် သူသည်း ချစ်သူ့ပုံအနားမှာ ရှိနေသင့်သည်။

"ပုံ"

"ဟင်"

"ကိုယ်လည်းလိုက်မယ်လေ ... ပုံအနားမှာ ကိုယ်နေပါရစေ မြန်မာပြည်ကနေ ထွက်သွားတဲ့အထိ ... "

"ကိုယ့်သဘောပဲလေ ... ပုံအပြစ်မတင်ပါဘူး၊ ပုံဖေဖေအတွက် ကိုယ်အများကြီး လုပ်ပေးခဲ့တယ်လေ ... ကိုယ်လိုးဝအားနာကျေပါတယ်"

"ပုံရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပုံလက်လေးကို ဆုပ်ကိုင်ထားမိသည်။ ကိုယ်လက်ထပ်မှာ ပုံပါ။ အဲဒါကို ကတိပေးပါတယ်။ ကိုယ့်ဘဝတစ်လျှောက်လုံးရဲ့ လက်တွဲဖော်က ပုံတစ်ယောက်ထဲပဲရှိပါတယ်။ သူ့စိတ်တွေ ယိမ်းယိုင်ဝေဝါးမသွားစေရန် ထိန်းချုပ်ဖို့ ဆုံးဖြတ်ထားသည်။ ပုံတို့တိုက်ကို သူလိုက်လာခဲ့၏။ ယောက္ခမလောင်းကြီးက ယဲ့ယဲ့လေးပဲရှိနေသည်။

"ပုံ … အန်ကယ့်အခြေအနေက နိုင်ငံခြားကိုထွက်သွားလို့ ရမလား"

"ရပါတယ်ကို … ကျောက်ကပ်ပျက်စီးတဲ့သူက ဒီလိုပဲလေ၊ ဖေဖေ့အသက်ကို ပုံရအောင် ကယ်ချင်တယ်"

"ကိုယ်လည်း လိုက်ခဲ့မယ်"

"ဟင့်အင်း … ပုံလက်မခံဘူး၊ ပုံတို့အခြေကျသွားမှ ကိုယ် လိုက်ခဲ့နော် … ဒီမှာ ကိုယ့်တာဝန်တွေ ဘယ်လောက်အထိရှိနေတယ်ဆိုတာ ပုံသိတယ်လေ … "

ချစ်သူရဲ့ သိနားလည်မှုကိုလည်း သူကျေးဇူးတင်မိသည်။ ချစ်သူပုံရဲ့လက်ကို ဆုပ်ကိုင်ထားပြီး အနမ်းလေးချွေဖို့ကျတော့ သူ တွန့်ဆုတ်နေသည်။

"ဖေဖေ့ကိုသွားတွေ့ကြရအောင်နော် ကိုယ် … "

ပုံ ဖေဖေ့အနားရောက်တော့ ယောက္ခမလောင်းကြီးက





လေသံသဲ့သဲ့ဖြင့် တောင်းပန်သည်။

"အန်ကယ် တောင်းပန်ပါတယ်ကွာ … သမီးလေးကို စောင့်ရှောက်ပေးပါ … မင်းတို့လက်ထပ်ပွဲက အန်ကယ့်ကြောင့်ပျက်ပြားသွားရတာလေ … စိတ်မကောင်းဘူး"

"စိတ်မကောင်းမဖြစ်ပါနဲ့ အန်ကယ်ရယ် … ကျွန်တော် တောင် အနီးကပ်ပြုစုချင်တာပါ၊ ပုံက လက်မခံလို့လေ … ကျန်းမာအောင်စိတ်ချမ်းသာအောင်ပဲနေပါ … ပုံ့အတွက် စိတ်ချပါနော်"

"ကျေးဇူးပဲကွာ … "

ပုံဖေဖေက အငြိမ်းစား အင်ဂျင်နီယာမှူးကြီးပါ။ မထင်မှတ်ဘဲ ကျောက်ကပ်ဝေဒနာ ခံစားလာရပြီး အိပ်ရာပေါ်လဲခဲ့ရသည်။

"အန်ကယ့်မှာက ရောဂါတွေစုံတယ် … သမီးဆန္ဒကြောင့်ပါ၊ အန်ကယ် သေချင်ပါတယ်လေ"

"ဖေဖေကလဲ ဘာတွေပြောနေတာလဲ … သမီးကိုဘာဖြစ်စေ ချင်နေလို့ ရှုန်ပြစ်ထားခဲ့ချင်ရတာလဲ … အားတင်းထားပါ၊ သမီးအတွက် အားမပူနဲ့၊ ကိုယ့်လိုယောက်ျားတစ်ယောက်ကို သမီးချစ်သူအဖြစ် ရွေးချယ်ထားရတာလေ … "

ပုံလက်လေးကို သူတင်းတင်းကျပ်ကျပ်လေး ဆုပ်ကိုင်ထားသည်။ ကိုယ့်ကိုယုံကြည်ပေးပါဆိုတဲ့ သဘောပင်။

"မောင်မင်းထင်သော်ကို ယုံကြည်ပါတယ် … စိတ်လည်းချ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... အားကိုးပါတယ်လေ ... ”

ပုံနှင့်သူ အပြင်ပြန်ထွက်လာကြပြီး နိုင်ငံခြားထွက်ဖို့ကိစ္စ လိုအပ်တာတွေ စီစဉ်သည်။ ပုံအနားမှာနေ၍ လိုအပ်တာတွေ ဂရုတစိုက်လုပ်ဆောင်ပေးနေခဲ့၏။ ပုံတို့သားအဖကို လေယာဉ်ကွင်းပို့ဖို့အထိ စီစဉ်ထားပြီးကာမှ ဒေါ်ညွှာဆီက ဖုန်းလာသည်။

“မောင်မင်းထင်သော် ... ဒီမှာ မေမိုးလေ အဖျားတွေအရမ်းတက်နေတယ် ... ကိုယ်တွေပူခြစ်တောက်ပြီး သတိတောင်လစ်ချင်နေတယ် ... ဒေါ်ညွှာ ရေပတ်တိုက်ထားတယ် ... ပုံအတွက် အလုပ်ရှုပ်နေမှာမို့ ဖုန်းမဆက်ချင်ပါဘူး ... ဒေါ်ညွှာ ဘာဆက်လုပ်ရမှန်းမသိလို့ပါ”

“ဟုတ်ကဲ့ ... ခဏလေး စောင့်ကြည့်ပေးထားပါ။ ကျွန်တော် အခုပဲ ပြန်လာခဲ့ပါ့မယ်”

သူ စိတ်တွေပူပြီး အလောတကြီးထွက်လာဖို့ပြင်ပြီးမှ ပုံ့ကို သတိရသွားသည်။ သူကိုယ်တိုင်လေဆိပ်ကို လိုက်ပို့ပေးမယ်လို့ ကတိပေးထား၏။ ပုံကတော့ မေမိုးလေးဆီပဲ သွားပါ။ နိုင်ငံခြားထွက်ဖို့က အားလုံးစီစဉ်ထားပြီးသားမို့ စိတ်မပူဘဲသွားခိုင်းနေသည်။

“ကိုရယ် ... ဘာမှနောက်ဆံမတင်းစမ်းပါနဲ့ ... မေမိုးလေးဆီပဲသွားပါနော် ... ပုံလည်း စိတ်ပူတယ်၊ ကိုယ်တိုင်သွားကြည့်ချင်တာပါ ... အချိန်မရလို့ ... ”





“ဒါဆိုလည်း ကိုယ်သွားမယ်ပုံ ... အန်ကယ်ကိုတော့ ပုံပဲ ကြည့်ပြောလိုက်တော့နော် ... ”

“စိတ်ချပါ ... သွားလေ”

ပုံကို အားနာပါးနာနှင့်ပင် သူခြင်းဆန်ဖို့ မေ့လျော့သွားသည်။ မေမိုးအတွက် ခေါင်းမီးတောက်မတတ် ပူလောင်သွားမိ၏။ တစ်ခုခုဖြစ်သွားမှာလည်း စိတ်ပူနေသည်။

“မေမိုး ဘာမှမဖြစ်ပါစေနဲ့ ... ကိုယ် မင်းအနားကို အမြန်ဆုံးရောက်လာပါ့မယ်”

ဒေါ်ညွှာဆီ ဖုန်းဆက်ပြီး မေမိုးအခြေအနေကို စက္ကန့်မလပ်အမြန်းမိနေသည်။ အဖျားနည်းနည်းလေး ကျသွားပါပြီဆိုတာတောင် သူ့စိတ်ကမအေးနိုင်။ ပုံကိုလည်း မေ့သွား၏။ ကားကိုသာ အမြန်နှုန်းတင်၍ မောင်းနှင်မိလေသည်။

www.burmeseclassic.com

အခန်း ( ၇ )

"ရှင် ... ရှင် ... ဘာလာလုပ်တာလဲ ထွက်သွား ... ထွက်သွား ... လူယုတ်မာကြီး ... "

သူရောက်သွားတော့ မေမိုးက ကယောင်ကတမ်းနှင့်အော်ဟစ်နေသည်။ အဖျားတွေလည်း တက်နေ၏။ ဒေါ်ညွှာက မနက်ကမှ အဖျားတွေကြီးလာတာတဲ့။ ပြန်ကျပြီးမှ ပြန်တက်လာတာ အဖျားတွေကြီးလွန်းသည်ဟုပြောသည်။

"ကောင်မလေး မအိပ်ဘူး ... တစ်ခုခုကို ထိတ်လန့်နေသလိုပဲ ... ကယောင်ကတမ်းနဲ့ ထွက်ပြေးဖို့တောင်ကြိုးစားတယ် မောင်မင်းထင် ... သတိတွေများ ပြန်ရပြီလားပဲ"

မေမိုး သတိရသွားရင် သူနဲ့ဝေးသွားမှာလားဟု မဆီမဆိုင်တွေးနေသည်။ ဘာဆိုင်လဲ ... သွားသင့်ပါတယ်။ ဒီကောင်မလေးအပေါ် သံယောဇဉ်တွယ်လို့ လုံးဝမဖြစ်ပါဘူး။ စိတ်တွေလွတ်လို့မ





ဘူး။ သူ လူနာဟုပဲ သတ်မှတ်ထားသည်။

"ဟင်း ... ဟင်း ... ဟီး ... ဟီး ... "

သူ စမ်းသပ်ပြီး မေမိုးအား ဆေးတစ်လုံးထိုးပေးလိုက်သည်။

"ကျွန်မ အသားကိုမထိနဲ့နော် ... ရှင်တို့လူယုတ်မာတွေ၊ ဖယ် ... ဖယ် ... "

"မေမိုး သတိထားလေ ... ဒေါက်တာက သမီးကိုဆေးထိုးပေးတာပါ"

ဒေါ်ညွှာက အတင်းချုပ်ထားပေးပြီး ဆေးထိုးရသည်။

"ဒက်ဒီရေ ... ကယ်ပါဦး ... လူယုတ်မာကြီးက မေ့ကိုစော်ကားတော့မယ် ... ရှင် ... ရှင် ... "

"မေမိုး"

"မေမိုး"

"သတိထားနော်"

"အား ... "

"မေမိုး"

မေမိုးက အတင်းကုန်းရုန်းထနေသဖြင့် သူပွေ့ဖက်ထိန်းချုပ်ထားလိုက်ပြီး အိပ်ဆေးတစ်လုံးပါ ထိုးပေးလိုက်၍ ငြိမ်ကျသွားသည်။

"ဒီကောင်မလေးကို တစ်ယောက်ယောက်ကစော်ကားဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြီးစည်လို့ ထွက်ပြေးလာတာထင်တယ်”

“ဖြစ်နိုင်တယ် ဒေါ်ညွှာ”

ပြန်ပြီး အိပ်ပျော်သွားတဲ့ မေမိုးကို ကြင်နာစွာကြည့်မိသည်။ ချောမောလှပလွန်းတဲ့ မျက်နှာလေးပေါ်မှာ သောကရိပ်တွေ လွှမ်းခြုံနေ၏။ သူမနာမည်မှာ မေဆိုတာ ပါနေနိုင်သည်။

“မေတဲ့ ... ဒေါ်ညွှာတို့ပေးတဲ့ နာမည်နဲ့အကိုက်ပဲ မောင်မင်းထင်”

“အင်း”

“သနားစရာကောင်းလိုက်တာ”

“ဒေါ်ညွှာ”

“ပြောလေ”

“မေမိုးကို ဂရုစိုက်ပါ ... နိုးလာရင် အတိတ်ကိုပြန်သတိရနိုင်တယ် ... တစ်ခုခုဖြစ်ရင်လည်း ကျွန်တော့်ဆီ အမြန်လာပြောပါ”

“ပုံရော”

“မတတ်နိုင်တော့ဘူး ... ကျွန်တော် လိုက်မပို့နိုင်ဘူးထင်တယ် ... ဒီကောင်မလေးကိစ္စက ရှိနေသေးတယ်လေ”

“ဟုတ်ပါတယ် ... စိတ်ချ ... မောင်မင်းထင် ... မေမိုး ဒေါ်ညွှာ တာဝန်ယူပါတယ်”

သူ ထွက်လာခဲ့သည်။ ပုံကတော့ လေဆိပ်ကို ထွက်သွား





လောက်ပါပြီ။ စိတ်မာပြီး ပြတ်သားတဲ့ပုံက သူ့ကိုနှုတ်ဆက်စကားတွေပြောနေမှာမဟုတ်တော့။ ဖခင်ကျန်းမာရေးကိုပဲ အာရုံစိုက်တော့မှာ သေချာသည်။

“ပုံရေ ... ကိုယ်အတ္တကြီးတာလား၊ ပုံထက် မေမိုးက အဓိကသားဆိုတာတောင် ကိုယ်မခွဲခြားနိုင်လောက်အောင် တွေဝေနေရပြီ”

ပုံကိုလည်း တောင်းပန်ချင်သည်။ မေမိုး အတိတ်ကို သတိရသွားမှာကိုလည်း မဆီမဆိုင် စိုးရိမ်နေသလို သူ့နှလုံးသားတွေထဲမှာ နစ်နာကျင်နေ၏။ မေမိုး နိုးထလာမှာ သူကြောက်သည်။

“ကိုယ့်စိတ်တွေရဲ့ ပြောင်းလဲမှုကို ကြိုးစားထိန်းချုပ်နေပါတယ်ပုံ ... မလွဲမသွေ ကိုယ်လက်ထပ်မှာကပုံပဲ ... ”

သေချာရဲ့လား ... လောလောဆယ်တော့ မေမိုးက သူ့နှလုံးသားအပြည့်နေရာယူ လွှမ်းမိုးနေသည်။ ဝန်ခံရမှာပဲ။ မေမိုးသား ... မင်းကို ဘယ်လိုလူကများ စော်ကားခဲ့တာလဲ။ ဒဏ်ဒီတဲ့ မိုးရဲ့အသိုင်းအဝိုင်းက သာမန်မဖြစ်နိုင်။ ချမ်းသာကြွယ်ဝသည့် မှုကိုထဲတွေ ဖြစ်နိုင်သည်။

“ဒေါက်တာ့ကို မေ့မသွားပါနဲ့ ... အတိတ်ကို ပြန်မသွားပါနဲ့ မေရယ် ... ”

သူ့ရင်တွေ ဘာဖြစ်လို့များ ဒီလောက်အထိ နာကျင်ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ။ မေမိုးနှင့်သူ ဘယ်လိုမှမပတ်သက်ခဲ့။ သူမှာ လက်တွဲဖော်ရှိနေသည်။

"မင်းလေးပျောက်သွားမှာကို အကြောက်ဆုံးက ကိုယ်ဖြစ်နေတယ်"

တစ်ချိန်လုံး မေမိုးအတွက် စိတ်ပူပြီးအတွေးတွေ ပြည့်နှက်နေသည်။

"မောင်မင်းထင် ... မောင်မင်းထင် ... လာပါဦး ... မေမိုးလေး သတိရနေပြီ"

"ဟုတ်ကဲ့ ဒေါ်ညွှာ"

ဒေါ်ညွှာလာခေါ်သဖြင့် သူအပြေးအလွှားထွက်လာခဲ့သည်။ အခန်းထဲမှာ မေမိုးက ငုတ်တုတ်လေးထိုင်နေ၏။ ကြောက်ရွံ့ထိတ် လန့်နေပုံရသည်။

"မေမိုး"

"ဟင်"

"ဘာဖြစ်လို့လဲ ... မင်းအတိတ်ကို သတိပြန်ရပြီလား မေမိုး"

"ရှင် ..."

"စိတ်ကိုငြိမ်ငြိမ်လေးထားပါ ဒေါက်တာ့ကိုသိလား"

"အင်း"

"မင်းသတိရတာတွေကို ပြောပြပါဦး မေမိုး"





မေမိုးအကြည့်တွေက သူ့ဆီ ဆတ်ခနဲရောက်လာသည်။

"စိတ်ကိုငြိမ်ငြိမ်ထားပါ ဒေါက်တာရှိပါတယ် ... အားမငယ်နဲ့ ကြောက်လည်းမကြောက်နဲ့ ..."

"ဒေါက်တာ"

"ပြော ..."

"ကျွန်မလေ ... ကျွန်မကို လူတစ်ယောက်က ဓော်ကားဖို့ကြံစည်နေတာ သိလာသလိုပဲ"

"ဟုတ်ပြီ ... စိတ်ကိုငြိမ်ငြိမ်လေးထား၊ ဖြည်းဖြည်းချင်း စဉ်းစား ..."

မေမိုး အသိကဝေဝါးသွားပြန်သည်။ သူမ နာမည် မေဆိုတာသိရမိ၏။ သူမကို ယောက်ျားတစ်ယောက်က တွန်းထိုးဖက်ယှက်၍ အိပ်ရာပေါ် လှဲချသည်။

"အား ... ကျွန်မတွေးလို့မရတော့ဘူးဒေါက်တာ ... ကျွန်မကို ယောက်ျားတစ်ယောက်က အဓမ္မကျင့်ကြံဖို့ ကြိုးစားတာတော့ သိရပဲ"

"မေမိုး ယောင်တဲ့စကားထဲမှာ ဒက်ဒီဆိုတာလည်းပါတယ်၊ ဒါကို လာကယ်ပါ ဒက်ဒီရယ်တဲ့ ..."

"ဟုတ်လား ..."

ဒက်ဒီ ... သူမစဉ်းစားသည်။ စိတ်ထဲမှာ ရင်းနှီးကျွမ်းဝင်

www.burmeseclassic.com



သလိုလို ... ဒက်ဒီ ... ဘယ်သူလဲ။ သူမ စိတ်ကနာကြည်းလာသည်။

"ဒက်ဒီဆိုတာ ဘယ်သူလဲ"

"စဉ်းစားလို့မရဘူး"

"မေမိုးရယ်"

"ကျွန်မ အိပ်မက်ထဲမှာလားပဲ ... အဲဒီလူကို တွန်းဖယ်ပြီး ကျွန်မထွက်ပြေးလာတယ်"

"ဟုတ်ပြီ ... ဆက်စဉ်းစား ... "

"ဟင့်အင်း ... မသိတော့ဘူး၊ အား ... ခေါင်းတွေအရမ်း လာတယ် ... မေမိုးစိတ်တွေ ဝေဝါးလာတယ်၊ ကြောက်တယ် ဒေါက်တာရယ် ... "

"ဘာမှကြောက်စရာမရှိပါဘူး မေမိုးရယ် ... ဒီမှာလုံခြုံ တယ် ... မေမိုး အနားယူတော့ ... ဒေါ်ညွှာက မေမိုးအနား စောင့်ရှောက်ပေးနေတာပဲကွယ်"

"အင်း"

ဒေါက်တာ့ကိုတော့ ယုံပါတယ်။ မေမိုးကို ရိုးသားစွာစော ရှောက်ထားသည်။ ဒေါက်တာ့ချစ်သူကလည်း စိတ်သဘောထ ပြည့်ဝလွန်း၏။

မေမိုး က်ကောင်းသည်။

"အိပ်တော့နော် ... ကလေး ... "





"ဝါး ... အိပ်ချင်တယ်"

"အိပ် ... အိပ် ... မေမိုး ဘာအကြောင်းမှ တွေးစရာမလို ဘူး အိပ် ... "

"ဟုတ် ... "

မေမိုးသည် အပြစ်ကင်းစင်သော ကလေးတစ်ယောက်ကဲ့ သို့အိပ်ပျော်သွားသည်။ သူ ကြင်နာစွာကြည့်မိနေ၏။ ပုံ့ကို မေ့လျော့ နေသည်။

"ဒေါ်ညွှာ"

"ရှင်"

"အိပ်ပါစေ ... အဖျားတော့ကျသွားပြီ၊ တဖြည်းဖြည်းနဲ့ စိတ်ကို သတိရလာမှာပါ ... အရမ်းကြီး မစဉ်းစားခိုင်းတော့နဲ့ နော် ... "

"မောင်မင်းထင်သော်ရယ် ... ကလေးမလေးကို သနား တယ် ... ဘာတွေများ ရင်ဆိုင်ဖြတ်သန်းလာခဲ့ရလဲ"

ဒေါ်ညွှာအား သေသေချာချာအပ်ပြီး ပြန်ထွက်လာခဲ့သည်။ ဖုန်းဆက်၏။

သွားပြီ ... ဆက်သွယ်မှု ဇရိယာပြင်ပတဲ့။

စိတ်မောမိသည်။

"ပုံ ... ကိုယ် ဘာတွေလုပ်မိနေလဲ၊ မေမိုးနဲ့ကြာ သံ



www.burmeseclassic.com

www.burmeseclassic.com



ယောခြေဉ်ငြိတွယ်နေတာ ကိုယ်ဝန်ခံပါတယ် ... ”

မေမိုးကို ဘယ်သူကများ စော်ကားခဲ့တာလဲ။ သူ အိပ်စက်မရ။ မျက်လုံးတွေ ကြောင်စီနေသည်။

“မေ ... မေတဲ့လား ... ဖခင်ကရော မေ့ကိုကာကွယ်စောင့်ရှောက်နိုင်စွမ်း မရှိဘူးလား”

သူကိုယ်တိုင် မေ့အကြောင်းတွေကို သိချင်သည်။ ပုံတို့လိုက်ပါသွားရမယ့် လေယာဉ်ရော သူ့စိတ်တွေ တွေပြားနေသည်။

“မေမိုးကို ယောကျာ်းတစ်ယောက်က စော်ကားဖို့ ကြံစည်တယ် ... မေ့အိပ်မက်ထဲမှာထင်တယ်”

သူ အိပ်မရ။ မေ တစ်စုံတစ်ယောက်ကြောင့် မေဒုက္ခရောက်လာပုံပင်။ ညက တိတ်ဆိတ်ငြိမ်သက်နေပေမယ့် မေ့အကြောင်းတွေ စဉ်းစားရင်း သူ့စိတ်တွေ မငြိမ်သက်နိုင်။ ညဉ့်နက်မှ အိပ်ပျော်သွားသည်။ သူ အိပ်ရာကနိုးတော့ နေအတော်မြင့်နေ၏။ မျက်လုံးတွေကို အားယူဖွင့်ရင်း မေမိုးကို သတိရသွားသည်။

“မေမိုး ... နေမှကောင်းရဲ့လား ... ဒေါ်ညွှာက အားနာပြီး လာမခေါ်တာလည်း ဖြစ်နိုင်တယ်”

သူ ထလိုက်သည်။ မျက်နှာသစ်ပြီး အဝတ်အစားလဲ၍ အပြင်ထွက်လာခဲ့၏။

မေမိုး နိုးနေသည်။





“မေမိုး”

“ဒေါက်တာ”

“နေကောင်းရဲ့လား”

“ဟုတ်”

“ညကရော အဖျားတွေတက်သေးလား မေမိုး ... ”

“ဟင့်အင်း”

“ဟုတ်ပါပြီ ... အဖျားတွေ ကျသွားပြီပဲ ... အစားစားနော်”

“မနက်ကပဲ ဒေါ်ညွှာက မေမိုးစားချင်တာတွေ ကျွေးပါတယ်”

မေမိုးမျက်နှာလေးက ကြည်လင်ဝင်းပနေသည်။ သူ စိတ်အေးသွားရ၏။ စိတ်အားငယ်သွားမှာ သူမလိုလားပေ။ လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေ လုပ်သည်။

“အားလုံး အိုကေပဲ ... မနေ့က အအေးမိသွားတာပါ။ ဘယ့်ကို နဖတ်နေတဲ့ ကောင်မလေးပဲ”

မေမိုး ခေါင်းလေးကိုပုတ်၍ နောက်ပြောင်မိသည်။ ချစ်စရာကောင်းတဲ့ မိန်းကလေး သနားစရာ။ မေမိုး ပြုံးနေသည်။

“ပျော်ပျော်ရွှင်ရွှင်နေနော် ... နောက်နေ့ မေမိုးနဲ့ဈေးဝယ်ထွက်ဦးမယ်နော်”

“ဟင့်အင်း ... ဘာဖြစ်လို့လဲဆိုတော့လေ မေမိုးကြောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ် … မေမိုးကို စော်ကားဖို့ကြံတဲ့ အဖြစ်အပျက်တွေ မေမိုးစိတ်က စွဲနေလို့ပါ"

"အဲဒါ အိပ်မက်ပါ … ဒီအကြောင်းတွေပဲ တွေးနေရင် မေမိုး ပိုပြီးခေါင်းနောက်မယ်လေ"

"ကျွန်မ အပြင်မထွက်ချင်ဘူး … "

"ကောင်းပြီ … အိမ်ထဲမှာပဲ အနားယူနော်"

"ဟုတ်"

မေမိုး စိတ်ထဲမှာ တဖြည်းဖြည်းနှင့်ဝေဝေဝါးဝါး သတိရသလိုပင်။ ဒက်ဒီ့ပုံစံကို စဉ်းစားနေမိသည်။ သူမ ယောင်ယမ်းအော်ဟစ်တဲ့အထဲမှာ ဒက်ဒီဟုပါနေ၏။ ဒက်ဒီ … ဘယ်သူလဲ။ သိလာသလိုလိုနှင့် စဉ်းစားမရ။ ဒေါက်တာက ဆေးတိုက်သည်။

"တစ်နေ့နေ့ မင်းအကြောင်း တစ်စုံတရာ တိုက်ဆိုင်လာရင် အတိတ်ကိုသတိရလာမှာပါ … အဲဒီအချိန်ကျရင် ကိုယ့်ကိုလုံးဝမေ့သွားလိမ့်မယ်"

"မေမိုးလေ … ဒေါက်တာနဲ့ မမပုံရော ဒေါ်ညွှာကိုရော မေ့မသွားချင်ပါဘူး … မေမိုး အတိတ်ကကြောက်စရာကောင်းလိမ့်မယ် … တစ်ခါတလေ ဝေဝါးပြီး ကြောက်ရွံ့တုန်လှုပ်လာတယ် မေမိုး အတိတ်ကိုတောင်ပြန်သတိမရချင်တော့ပါဘူး … ဒေါက်တာ့ညီမလေးအဖြစ်ပဲ နေပါရစေနော်"





"မေမိုးရယ် … နေပါ … အစ်ကိုတစ်ယောက်အနေနဲ့ တစ်သက်လုံးပြုစုပေးချင်ပါတယ် … မမပုံ ပြန်ရောက်လာရင် ကိုယ်နဲ့ လက်ထပ်မယ် … မေမိုး ပန်းကြိုပေးရမယ်လေ … "

"ဟုတ်"

"မင်း ပျော်ပျော်နေပါ ညီမလေးရယ် … အစ်ကို ဝမ်းသာချင်တယ်"

"အတိတ်ကို သတိရပြီး မေမိုး ပြန်သွားရရင်လည်း ဒေါက်တာနဲ့မမပုံတို့ မင်္ဂလာပွဲကို မေမိုး တက်ဖြစ်အောင်တက်မယ်၊ ဒေါက်တာနဲ့မမပုံကို အရမ်းသဘောတူတယ်"

"အစ်ကိုတို့ မင်္ဂလာပွဲမှာ ညီမလေး မရှိလို့မဖြစ်ဘူး … ပါရမယ်နော် … "

"အင်း … "

"ကောင်မလေး … "

"ရှင် … "

"အနားယူတော့"

"မေမိုး … ခြံထဲခဏဆင်းချင်တယ်"

"ဆင်းလေ … "

"ဒေါက်တာရော ဆေးရုံသွားရမှာလားဟင်"

"ဟုတ်တယ် … နည်းနည်းနောက်ကျရင်လည်း ရပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မမိုးလေးနဲ့အဖော် လိုက်ပေးရမလား"

"နေပါစေ ... ဆေးရုံပဲသွားပါဒေါက်တာ ... မေမိုး တစ်ယောက်ထဲနေချင်တယ်"

"မေမိုးလေးသဘောပဲ ... ကိုယ်ဆေးရုံသွားဖို့ ပြင်ဆင်လိုက်ဦးမယ်နော်"

မေမိုး အခန်းထဲ ဒေါ်ညွှာ ပြန်ရောက်လာ၍ မေမိုးကိုအပ်ပြီး သူဆေးရုံကိုသွားဖို့ ပြင်ဆင်သည်။

အခန်း ( ၈ )

မေမိုး ခြံကြီးထဲဆင်းပြီး စနစ်တကျ စိုက်ပျိုးထားတဲ့ပန်းပင်တွေကို လိုက်ပြီးကြည့်နေမိသည်။ အဖိုးတန် ပန်းတွေချည်းပဲ။ မေမိုးစိတ်ထဲမှာ ပန်းတွေကိုနှစ်သက်သဘောကျလျက် ရှိနေ၏။ စိတ်ကရင်းနှီးနေသည်။

"မေမိုး"

"ရှင်"

"သမီးက ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းထဲကဖြစ်နိုင်တယ် ... ဒီလိုခြံကြီးကို သမီးစိတ်က မစိမ်းဘူးနော်"

"အင်း ... ဟုတ်တယ် ဒေါ်ညွှာ ဖြစ်နိုင်တယ် ... မေမိုး ဒီလိုခြံကြီးမျိုးနဲ့ နေခဲ့ဖူးသလိုပဲ"

"အေးကွယ် ... ဖြည်းဖြည်းတော့ သတိပြန်ရလာမှာပါ၊ မေမိုးဘဝမှာ တကယ့်ကို အမှတ်တရအဖြစ်အပျက်တွေနဲ့ကြုံတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အခါလေ ... "

"အင်း ... "

"ဒီပန်းတွေထဲမှာ မေမိုး ဘယ်ပန်းကို အနှစ်သက်ဆုံးလဲ ကွယ်"

"နှင်းဆီပန်းတွေကိုလေ"

"ဟုတ်လား"

"မေမိုး ဒီမှာခဏထိုင်မယ်နော် ... အရမ်းစိတ်ကြည်နူးမိလို့ ပါ"

"ထိုင် ... ထိုင်"

သူမ နှင်းဆီပန်းတွေနားမှာရှိနေတဲ့ ခုံတန်းလေးပေါ်မှာထိုင် သည်။

"မောင်မင်းထင်လည်း နှင်းဆီပန်းတွေကို အရမ်းနှစ်သက် တယ် မေမိုးလိုပဲလေ ... ကြည့်စမ်း ... အရောင်အသွေး ဘယ် လောက်စုံလဲ ... တကယ့်ကို တယုတယစိုက်ထားတာပါ၊ သူလည်း အရမ်းပင်ပန်းလာရင် ဒီခုံတန်းလေးပေါ်မှာ ထိုင်တတ်တယ်"

"ဒေါက်တာကလား"

"ဟုတ်တယ် သမီး ... "

"မမပုံကရောဟင်"

"ပုံက စိတ်ကူးယဉ်မဆန်ဘူး မေမိုး လက်တွေ့ကျတယ်၊





အလှအပတွေကို မခံစားဘူး အလုပ်ပဲ ... "

"မမပုံလည်း ချောပါတယ် ... ဒေါက်တာက အရမ်းချစ်မှာ ပဲနော်"

"သူတို့နှစ်ယောက်က ဣန္ဒြေသိက္ခာတွေနဲ့ ချစ်ကြတာ မေမိုး ရဲ့ ... တည်ငြိမ်တယ်၊ အလုပ်တာဝန်တွေနဲ့တွေ့ဖို့တောင် အချိန် မပေးနိုင်ကြဘူးလေ"

"ဟုတ်လား"

"တီ ... တီ"

"တီ ... "

ကားတစ်စီး ဟွန်းသံကြားရပြီး ခြံစောင့်ကြီးက တံခါးဖွင့် ပေးလိုက်သည်။ ခြံထဲသို့ အဝါရောင်ကားလေး ဝင်လာ၏။ ကား ပေါ်ကနေ ခေတ်မီဆန်းပြားစွာ ဝတ်ထားတဲ့ မိန်းမတစ်ယောက် ဆင်းလာသည်။

"မေမိုးလေး ... ဒီမှာခဏလောက် ထိုင်နေဦးနော် ... ဧည့်သည်လာလို့ ဒေါ်ညွှာဧည့်ခံလိုက်ဦးမယ်"

"သူ ... သူက ဘယ်သူလဲဟင်"

"ပုံရဲ့အဒေါ်အငယ်ဆုံးလေ ဒေဝီနိုင်တဲ့ ... ပွဲကိစ္စလာတာ ထင်တယ် ... ခဏလေး ... "

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညာက ပြေးထွက်သွားသည်။ မေမိုးအကြည့်တွေက ထိုမိန်းမကြီးထံ စူးစိုက်စွာကြည့်မိနေ၏။ ဒေါ်ညာက တိုက်ထဲဝင်နိုင်းတာမဝင်ဘဲ ခြံထဲမှာပဲ ရပ်စကားပြောနေသည်။

"ဒီ ... ဒီမိန်းမကြီးကို ငါကောင်းကောင်းသိနေသလိုပဲ၊ တရင်းတနှီးကိုသိနေတာပါ ... ဒေါ်ဒေဝီနိုင်တဲ့ ... ဒေါ်ဒေဝီနိုင်"

မေမိုး ခေါင်းတွေချာချာလည်သွားပြီး ဒေါ်ဒေဝီနိုင်ဆိုတဲ့နာမည်ကိုလည်း တရင်းတနှီးသိနေသည်။

"ဒေါ်ဒေဝီနိုင် ... ဒေါ်ဒေဝီနိုင် ... ရှင် ... ရှင် ... ကျွန်မရဲ့မိထွေးပဲ"

သူမကိုယ်သူမ အံ့ဩတုန်လှုပ်စွာ ဒေါ်ဒေဝီနိုင်အား မှတ်မိနေလေသည်။ သေသေချာချာကြည့်လေ အတိတ်ကအဖြစ်အပျက်တွေအားလုံး ထင်ထင်ရှားရှား မှတ်မိလာလေပဲ။

ဘုရားရေ ... မေမိုး အတိတ်ကို သတိရလာသည်။

"ဒက်ဒီ့ နောက်မိန်းမ ဒေဝီနိုင်ပဲ ... ဟုတ်တယ် ... ရက်စက်ယုတ်မာတဲ့ မိန်းမကြီး ..."

ခေါင်းတွေမူးနောက် ရီဝေလာသဖြင့် ခဏလေးမျက်လုံးတွေကို မှိတ်ထားရသည်။

"ရှင် ... ရှင်ကြီးက ကျွန်မ အမုန်းဆုံးမိန်းမပဲ ..."

မေမိုး မိထွေး ဒေါ်ဒေဝီနိုင်ကို ထင်ထင်ရှားရှားပင် မှတ်မိ





သာသည်။

"ဒက်ဒီ ... ဒက်ဒီ ... မေ့ကိုရက်စက်တဲ့ ဒက်ဒီ ..."

သူမနာမည်က မေနှင်းမှုံလွှာဆိုတာပါ သိလာသည်။ သူမအသိတွေထဲမှာ အတိတ်အကြောင်းတွေကို ကောင်းကောင်းကြီးမှတ်မိလာ၏။ နာကြည်းကြေကွဲဖွယ်ရာတွေ ပြည့်နှက်နေတဲ့အတိတ်တွေပါ။

"မေမိုး"

"ဟင်"

"သမီးလေး ဘာတွေစဉ်းစားနေတာလဲ ... မျက်နှာလေးနီးနီး တင်းမာနေသလိုပဲ"

"ကျွန်မ နားတော့မယ်နော် ဒေါ်ညာ ... အိပ်ချင်လို့ပါ"

"ကောင်းပါပြီကွယ် ... အိပ်နော် ... ဒေါ်ညာလည်း ညစာအတွက် သွားစီစဉ်ရဦးမယ်"

"ဟုတ်"

ဒေါ်ညာ ထွက်သွားမှ အတိတ်အကြောင်းတွေကို မေမိုးတွေးမိနေခဲ့လေသည်။ မာမီကျန်းမာရေးချို့တဲ့နေချိန်တွင် ဒက်ဒီမှာ အငယ်အနှောင်းမိန်းမတစ်ယောက် ရှိနေကြောင်း မာမီသိခဲ့၏။ တဖြည်းဖြည်းနှင့် ဒက်ဒီက မာမီ့အနား မကပ်တော့။

"မာမီ ဘာမှစိတ်ဓာတ်မကျပါနဲ့ ... မေ ပြဿနာရှာပြစ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းမယ် ... ”

“မေ ... ”

“ပြောလေ မာမီ”

“နေပါစေတော့ကွယ် ... မာမီက ကျန်းမာရေးမှမကောင်းတော့တာ ... ဒက်ဒီ ပျော်သလိုနေပါစေ၊ ပြဿနာ မရှာစမ်းပါနဲ့ကွယ် ... ”

မာမီက မေ့ကိုစိတ်မချ။ ဒက်ဒီ့ကိုစွ ထားလိုက်ပါ မာမီခွင့်လွှတ်ပါတယ်တဲ့။ မေမိုးလည်း ဒက်ဒီ့ကို အပြစ်မတင်လိုပေ။ မိသားစု တာဝန်ကို ကျေပွန်တဲ့ ဒက်ဒီပါ။ မေ့ကိုလည်း ချစ်သည်။

“မာမီက လူ့လောကကြီးထဲမှာနေရဖို့ အချိန်သိပ်မရှိတော့ဘူးကွယ် ... ဒက်ဒီပျော်သလိုနေပါစေ ... ဒက်ဒီနောက်မိန်းမယူရင်လည်း သမီးအမေပဲနော် ... သင့်မြတ်အောင်နေပါ”

မာမီ စိတ်မကောင်းဖြစ်မှာစိုး၍ မေလက်ခံခဲ့သည်။ ဒက်ဒီကိစ္စ မသိချင်ယောင်ဆောင်နေခဲ့၏။ မာမီတောင် မသေသေးဘူး ဒက်ဒီက နောက်မိန်းမ ဒေါ်ဒေဝီနိုင်အား တရားဝင်လက်ထပ်၍ တိုက်ကြီးပေါ် ခေါ်တင်ခဲ့သည်။

“ဒေဝီ့ကို ဒက်ဒီလက်မထပ်လို့ မရတော့ဘူးသမီး ... ဒေဝီ အရှက်သိက္ခာအတွက်ပဲလေ ... ဒက်ဒီက ဂုဏ်သိက္ခာကြီးတဲ့ လုပ်ငန်းရှင်ကြီးလေ ... ”





မေ သတင်းကြားရတာကတော့ ဒေါ်ဒေဝီနိုင်က ဒက်ဒီအား ထောင်ချောက်ဆင်၍ အမိဖမ်းပြစ်လိုက်ခြင်းဖြစ်သည်။

“မေ ... မာမီ့စကား နားထောင်ပါ၊ ဒက်ဒီ့ကို ပြဿနာမရှာပါနဲ့နော် ... ဒက်ဒီ နောက်မိန်းမကိုလည်း မိထွေးလို့ မသတ်မှတ်နဲ့ အမေလို သတ်မှတ်ပြီး သင့်မြတ်အောင်နေနော် ... မာမီက သေလူပါ”

မာမီက နှလုံးကြီးပြီး အသက်ရှူဖို့ပင် အခက်အခဲရှိပြီး အောက်စီဂျင်ဗူးနှင့်နေထိုင်ခဲ့ရသူပါ။ ဒက်ဒီ ရက်စက်တယ်။ နောက်မိန်းမကို တိုက်ကြီးထဲခေါ်တင်တယ်။ ပြီးတော့လည်း ကြောက်နေသည်။

“မေ ... သမီးကို မာမီဒေဝီနဲ့ မိတ်ဆက်ပေးမယ်၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ဒေဝီက သမီးအမေပဲ ... ”

သူမလည်း မငြင်းဆန်ခဲ့။ မာမီ စိတ်ချမ်းသာစေဖို့ ဒေါ်ဒေဝီနိုင်ကို မိခင်အဖြစ်လက်ခံလိုက်သည်။ ဒက်ဒီ မိတ်ဆက်ပေးတော့ ကောင်းမွန်စွာ ဆက်ဆံခဲ့၏။ မိထွေးက ဒက်ဒီ့ရှေ့မှာ ပြုံးနေပေမယ့် ကွယ်ရာမှာတော့ မေ့ကို တင်းတင်းမာမာ အဖက်မတန်သလို ဆက်ဆံခဲ့သည်။

“နင့်အဖေကို ငါထောင်ထဲပို့ပြစ်လို့ရတယ်သိလား ... ငါ့ကို လျှော့တွက်မထားနဲ့၊ မကြာခင် နင့်အဖေက သူ့ပိုင်ဆိုင်သမျှတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ငါနာမည်နဲ့လွှဲပေးရလိမ့်မယ် ... နင် ကန့်ကွက်ဖို့မစဉ်းစားနဲ့ ... နင့်ဘဝပါ ဖျက်ဆီးပြစ်ရလိမ့်မယ်နော် မေနှင်းမှုံလွှာ ... "

မေ ဘာတတ်နိုင်တော့မှာလဲ။ ဒေါ်ဒေဝီနိုင်ရဲ့မာယာထောင်ချောက်ထဲ ဒက်ဒီတိုးဝင်မိသွားသည်။ သတင်းတွေက စုံနေ၏။ ဒက်ဒီ့အတွက် မေ ငြိမ်သက်စွာ ခေါင်းငုံ့ခံနေခဲ့သည်။ ဒက်ဒီရဲ့နောက်မိန်းမ ဒေါ်ဒေဝီနိုင် ရောက်ပြီး တစ်ပတ်အကြာတွင် မာမီအောက်စီဂျင်ပိုက်ကို ကိုယ်တိုင်ဖြုတ်၍ သေချင်းတရားကို ရွေးချယ်သွားခဲ့သည်။

"မာမီ ... ဘယ်လိုဖြစ်ရတာလဲ မာမီရယ် ... သမီးကိုတစ်ယောက်ထဲ စိတ်ချပြီး ထားခဲ့တာလားဟင်"

မာမီ သေဆုံးချိန်တွင် အောက်စီဂျင်ပိုက်ပြုတ်တဲ့ကိစ္စ ဒက်ဒီက ဘယ်သူမှမပြောရန် ပိတ်ပင်တားဆီးခဲ့သည်။

"ဒီကိစ္စ လျှို့ဝှက်ထားရမယ် သမီး ... ဒက်ဒီ့ဂုဏ်သိက္ခာအတွက်ပါ ... စစ်လားဆေးလားတွေလုပ်ရင် ဒက်ဒီ့နာမည်ပျက်မယ်နော် သမီး ... မာမီလည်း သေသွားပြီလေ ... "

"ဟုတ်ကဲ့ပါ ဒက်ဒီရယ် ... "

ဒက်ဒီ ဘာကြောင့်များ တားဆီးနေခဲ့ရတာလဲ။ မာမီအောက်စီဂျင်ကို ဘယ်သူလာပြီးဖြုတ်ခဲ့တာလဲ။ ဒေါ်ဒေဝီနိုင်လား မာမီကိုယ်တိုင်လားမသိရ။ ပြဿနာတွေလည်း မတက်စေချင်တော့





၍ မေ ရှောင်နေတတ်ခဲ့သည်။

"မေနှင်းမှုံလွှာ ... ညည်းကိုပြောထားချင်းမယ် ... လင်ရှာပါ"

"ရှင်"

"ညည်းယောကျ်ားရှာဖို့ ပြောတာ ... အဖေကို အားကိုးနေလို့ မရဘူးနော်"

"ကျွန်မအသက်က ... "

"အသက်ကို ထည့်မပြောနဲ့ ... ညည်းလင်ရှာချင်ရှာ၊ ဒါမှ ဟုတ် ငါရှာပေးရလိမ့်မယ်"

ဒက်ဒီကွယ်သည်နှင့် မေ့အား နည်းမျိုးစုံနှင့် ညှင်းပန်း၏။ င်ရှာဖို့ ပြောခဲ့သည်။ ဒက်ဒီ့ကို အသိပေးတော့ မေပဲဆူပွက်ခံလိုက် ဒရိုင်ဘာနဲ့ကြိုက်နေလို့တဲ့ မိထွေးရဲ့ ဝုံးချောစကားကို ဒက်ဒီ ကြည်သည်။

"ဒေဝီ မမှားဘူးမေ ... မိဘရဲ့ဂုဏ်သိက္ခာကို ငဲ့ပါ ... ဘာ ကိုတောက်နဲ့ ဝေးဝေးနေလိုင် ... "

"ဒက်ဒီ ... "

"ဘာမှလာပြောမနေနဲ့ ... ဒက်ဒီဂုဏ်သိက္ခာကို ထိခိုက်လာ တော့ အမွေဖြတ်ရလိမ့်မယ်"

ဒက်ဒီက ဒေါ်ဒေဝီနိုင့်စကားတွေပဲ အကြွင်းမဲ့ယုံကြည်လက် သည်။ တစ်နေ့ မိုးတွေသည်းထန်စွာ ရွာသွန်းနေတဲ့ည။ မေ့ဘဝရဲ့

www.burmeseclassic.com



ပြီး နိုးထလာတော့ အခန်းတစ်ခန်းထဲ ရောက်နေ၏။ သူမအနားမှာ ရောက်နေတာက ဒရိုင်ဘာကိုတောက်။

"ရှင် ... ရှင် ... ဘာလုပ်တာလဲ ... ကျွန်မကို ဘာလုပ်မလို့ လဲ"

"ချစ်လို့လေ ... မင်းကိုလက်ထပ်ပြီး သူဌေးကြီးသမက် ရာထူးယူမလို့ ..."

"ကျွန်မကို ဒက်ဒီက အမွေဖြတ်မှာပါ။ ရှင့်အတွက် ဘာ အကျိုးကျေးဇူးမှ မရှိနိုင်ဘူး"

"ရှိတယ်လေ ... မင်းကအရမ်းချောမောလှပ အိစက်နေ နုနုထွတ်ထွတ် မိန်းကလေး ... ငါးမရလည်း ရေချိုးပြန်ရမယ်လေ မင်းမိထွေး ဒေါ်ဒေဝီနိုင်က တာဝန်ပေးထားလို့ပဲ ..."

မေ ကြောက်လာသည်။ အရက်တွေ အလွန်အကျွံမူးနေ ဒရိုင်ဘာ အစော်ကားကို မခံနိုင်။ မေသတ္တိရှိရှိ ရင်ဆိုင်ဖို့ပဲ ဆုံးဖြ လိုက်သည်။

"မေနှင်းမှုံလှာလေးကို နှစ်ကိုယ်တူအိပ်စက်ခွင့်ရရင်လည်း ဒရိုင်ဘာကိုတောက် ... မထိနိုက် မနစ်နာပါဘူးကွာ ... နော်"

မေ ဘာမှစဉ်းစားမနေတော့ဘဲ ရှေ့မှာရှိနေတဲ့ ပန်းအိုး ကောက်ယူ၍ ကိုတောက် ခေါင်းကိုရိုက်ချပြစ်လိုက်သည်။

"အား ... မသာမလေး တော်တော်ရက်စက်တယ် ...





သေတော့"

မေ ပြေးထွက်လာခဲ့သည်။ ကိုတောက်က သူမအား ပန်းအိုး အကွဲစဖြင့် ပြစ်ပေါက်လိုက်ရာ ခေါင်းကိုထိသွားသဖြင့် မေလဲကျ သွားသည်။ ဒါပေမဲ့ ... သူမ သတ္တိရှိရှိဖြင့် ဆက်ပြေးထွက်လာရာ သမ်းပေါ်မှာ ပစ်လဲကျသွားတော့၏။ မေ နာကျင်တဲ့ ဝေဒနာတွေ ကို ကြိတ်မှိတ်ခံစားရင်း မိုးရေထဲမှာ ဆက်ပြီး ပြေးလာခဲ့သည်။

"ဒက်ဒီရေ ... ကယ်ပါဦး ... သမီး အရမ်းကြောက်တယ်၊ သမီး သေတော့မယ်ထင်တယ်"

မိုးတွေက သဲသဲထန်ထန် ရွာသွန်းနေသည်။ သူမ ကြောက် ကြောက်လန့်လန့်နှင့် မရပ်ရဲဘဲ ဆက်၍ပြေးထွက်လာခဲ့၏။ လမ်း ပေါ်မှာ ကားတစ်စီးတွေ့၍ တားမိသည်။ မရပ်ပေးဘဲ ဆက်မောင်း သွားသဖြင့် သူမ ဘယ်လိုမှမဟန်နိုင်။ လမ်းမပေါ် ပြစ်လဲကျသွား တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

မေ အတိတ်တွေကို ပြန်၍သတိရလာသည်။ သူမအား ရက်ရက်စက်စက် ကိုယ်ချင်းစာနာမှုကင်းမဲ့စွာဖြင့် ဒရိုင်ဘာနှင့်ညားစေချင်တဲ့ ဒေါ်ဒေဝီနိုင်။ ရှင်ကြီးတူမ လက်ထပ်မယ့်လူကြီးလူကောင်းပညာတတ် သူဌေးကို ကျွန်မ အရယူပြရလိမ့်မယ်။ ဒေါက်တာ မင်းထင်သော်ကို မေလက်ထပ်ဖို့ ကြိုးစားမယ်။ မမပုံကတော့ တန်ဆာခံပေါ့။ မတတ်နိုင်ဘူးလေ။ ဒေါ်ဒေဝီနိုင်ကို လက်တုန့်ပြန်ဖို့ ဆုံးဖြတ်ထားသည်။

"မေမိုး ..."

"ရှင်"

"သမီးနေကောင်းရဲ့လား ... မောင်မင်းထင်သော်ကို လှမ်းခေါ်လိုက်ရမလားကွယ်"

"ဟင့်အင်း ... မခေါ်ပါနဲ့၊ ဒေါက်တာ ပြန်လာမှာပဲ ကျွန်မ





ခေါင်းလေးနည်းနည်းမူးနေတာပါ"

"အနားယူလိုက်နော် ... ဒေါ်ညွာ အနားမှာရှိတယ်"

"ဒေါ်ညွာ"

"ဟင်"

"မမပုံရဲ့ အဒေါ်ဆိုတာ အရမ်းချမ်းသာလားဟင် ... ယောက်ျားရောရှိလား"

"ရှိတယ် ... ဦးပန်းတိုင်တဲ့၊ အရမ်းချမ်းသာတယ် ... အိမ်ထောင်ရှိတယ်ဆိုလားပဲ ... ဒေါ်ညွာကတော့ အကျင့်စရိုက်ကို ကြိုက်လို့ သိပ်မရောဘူးလေ"

"ဟုတ်လား"

ဦးပန်းတိုင်ဆိုတာက မွေဒက်ဒီပါ။ တစ်ခါတရံမှ လာတတ်တာတဲ့။ ဆွေမျိုးထဲမှာ အဆင်းရဲဆုံး ပညာမတတ်ဆုံးတဲ့။

"ဒေါ်ဒေဝီနိုင်က မိဘအမွေတွေကိုလည်း ဖြုန်းသုံးပစ်တယ်၊ ရုပ်ရည်ချောမောသလောက် အကျင့်ပျက်တယ်၊ ဆွေမျိုးတွေက အမျိုးဖြတ်ထားတာလေ"

"ကံကောင်းတယ်နော် သူဌေးကြီးနဲ့မှ ညားသွားတယ်"

"အပိုင်ချိုင်လိုက်တာပဲနေမယ် ... မောင်မင်းထင်ဆီအရင်က ပိုက်ဆံလာလာချေးတယ်၊ အခုတော့ အစ်ကိုနိုင်ငံခြားသွားတာ အကျိုးအကြောင်းသိချင်လို့တဲ့ ... ပုံနဲ့တော့ လုံးဝမခြားဘီ



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

မတတ်နိုင်တော့ဘူး မမပုံရေ။ ကျွန်မ ဆုံးဖြတ်လိုက်ပြီ။ ဒေါက်တာက ကျွန်မခင်ပွန်းပဲ ဖြစ်စေရမယ်။

ဒေါ်ဒေဝီနိုင်က ဒရိုင်ဘာနှင့် ညားစေချင်တာမဟုတ်လား။ ဒေါ်ဒေဝီနိုင်ကို အသာစီးရမှုဖြစ်မည်။ သူမ အတိတ်တွေကို မေ့ချင်ယောင်ဆောင်နေသည်။

"ဦးပန်းတိုင်ကိုတော့ မတွေ့ဖူးသေးဘူး ... သူများလင်ကို အရယူရမလားဆိုပြီး ဒွေမျိုးဖြတ်ထားတာလေ"

"အင်းနော်"

"မေမိုး"

"ရှင်"

"အိပ်နော် ... အနားယူပါ။ သူများအကြောင်းတွေကို စိတ်မဝင်စားနဲ့ ... ခေါင်းရှုပ်ပါတယ်"

"ဟုတ်"

မေ့အတိတ်တွေအားလုံးကို ပြန်ပြီးထင်ထင်ရှားရှားသတိရပြီ။ ဒါပေမဲ့ ဆက်၍မေ့ချင်ယောင် ဆောင်ရမည်။ တကယ်တော့ မေမိုး အချစ်ဆိုတာကို တစ်ကြိမ်တစ်ခါမျှ ခံစားဖူးခြင်းမရှိပေ။ စိတ်ကျန်းမာရေးကြောင့် အနီးကပ် ယုယပြုစုနေခဲ့ရသည်။ ပညာရေးတစ်ဝက်တစ်ပျက် မိထွေးကြောင့် ဖြစ်၏။ နာကျင်သည်။





"အားမငယ်နဲ့နော် မေမိုးလေး ... ဦးနှောက်အားပြည့်မှ အတိတ်ကို ပြန်သတိရမှာလေ ... မေမိုးလေး မိဘတွေက ကြွမ်းသေ ဒေါ်ညွှာပြောခဲ့တယ် သူဌေးတွေပဲ ..."

မေ မျက်ဝန်းတွေကို မှိတ်ထားလိုက်သည်။ ဒေါ်ညွှာ့ကိုလည်း အားနာတယ်။ ဒေါက်တာနဲ့ မမပုံကိုလည်း သနားတယ်။ မမပုံက ဒေါ်ဒေဝီနိုင်နဲ့မှ ဆွေမျိုးလာတော်နေတာပဲ။ ဒေါက်တာ့ကို အရယူပြီးမှ ဒေါ်ဒေဝီနိုင် သိစေရမယ်။ သူမ အိပ်မရ။

"အချစ်ဆိုတာ ဘာလဲဟင် ဒေါက်တာ မေ မသိခဲ့ပါဘူး ... အခီ ငုတ်တုတ်နဲ့ ဒက်ဒီ့ကို အမိဖမ်းပြီး တိုက်ပေါ်တက်နေဝံ့တဲ့ အတျွင့်ပျက်တဲ့ မိန်းမဘဝကို မေ အရမ်းမုန်းတီးခဲ့ပါတယ်"

ဒေါက်တာက လူလွတ်။ မမပုံနှင့်လူသိရှင်ကြားပင် စေ့စပ်ထားခြင်းမရှိသူ။ ဘာဖြစ်လဲ ... မေရဲ့ဖူးစာရှင် ဖြစ်နိုင်သည်။

"မေ တောင်းပန်ပါတယ် မမပုံ အနူးအညွတ်ပါနော် ... မေ့အမှာက အားကိုးတွယ်တာရာ မရှိဘူး ... ကြည့်လေ သမီးတစ်ယောက်လုံး ပျောက်သွားတာတောင် ဒက်ဒီက လူပျောက်မတိုင်ဘူး မရှာဘူးလေ"

ဒေါ်ဒေဝီနိုင်ကြောင့်ပဲ ဖြစ်သည်။ အကျင့်ယုတ်လွန်း၏။ မေ မလွှတ်နိုင်။ ဒရိုင်ဘာတစ်ယောက်လက်ထဲ မညှာမတာ အပ်လိုက်သည်။ သူမဘဝကို ချောက်ကမ္ဘားကြီးအောက် တွန်းပြီးပြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏။ မေ စိတ်ကို နိုင်မာအောင် တင်းပြစ်လိုက်သည်။ သူမ မှေးခဲ့ အိပ်ပျော်သွားခဲ့၏။ ဒေါက်တာကတော့ ဆေးရုံက တာဝန်ပြီးတာနှင့် သူမအနားရောက်လာသည်။

"မေမိုး"

"ရှင် ... ဒေါက်တာ"

"ခေါင်း ကြည်ရဲ့လား"

"ဟုတ်"

"မေမိုး ဘာလုပ်ချင်လဲ"

"ဒေါက်တာ"

"ပြော"

"ကျွန်မလေ တစ်ချို့တစ်ဝက်ကို သတိရတယ် ... ကျွန်မ နာမည်က မေပန်းမှုံလွှာပါ ... "

"ဟုတ်လား ... ဒါဆို မေပေါ့၊ နောက်ရော ... "

"ဒက်ဒီရှိတယ် ... မာမီသေသွားတယ်၊ ကျွန်မဒက်ဒီနောက် မိန်းမယူတယ်ထင်တယ် ... ကျွန်မ ထွက်ပြေးလာခဲ့တာ"

"မင်းဒက်ဒီရော ရတာရော ... "

"မသိဘူး ... ကျွန်မမိုးရေထဲမှာ ပြေးနေတယ် ... ဒါပဲ ဒေါက်တာ ... "

သူမက ခေါင်းမူးဟန်ဖြင့် မျက်နှာလေးမဲ့သွားသဖြင့်





ဒေါက်တာက ပျာပျာသလဲနှင့် သူမ ခန္ဓာကိုယ်လေးအား ထိန်းမတ်သည်။

"အား ... မူးတယ် ... မူးလိုက်တာ ဒေါက်တာရယ် ... ကျွတ် ... ကျွတ်"

"မေ"

"မေ ... "

သူမ ခန္ဓာကိုယ်လေးက ဒေါက်တာ့ရင်ခွင်ထဲ လဲပြိုကျသွားသည်။

"မေ ... မေ ... သတိထားဦးလေ၊ အရမ်းမူးနေလား"

"အင်း ... ကယ်ပါဦး ဒေါက်တာ ... မေ ... မေလေ ... အားငယ်တယ် ... "

"မေ ... "

ဒေါက်တာ့ခန္ဓာကိုယ်အား မေ တင်းတင်းကျပ်ကျပ်လေး ဖက်တွယ်ထားမိသည်။ မာယာထောင်ချောက်က စတင်ပြီပဲ။

"မေ ... မေ ... သတိထားလေ ... အိပ်ရာပေါ်လှဲအိပ်ပေးမယ်နော် ... ကိုယ် ရှိပါတယ်"

သူမလက်တွေက မလွှတ်။ ဒေါက်တာရင်ခွင်ထဲမှာ အချိန်အတော်ကြာ နားခိုမှိန်းမောနေပြစ်မိသည်။ သူမကို အိပ်ရာပေါ်လှဲချ ဆေးနေရင်း မေလက်တွေက ဖယ်ရှားမရ၊ နှစ်ယောက်သားထပ်



www.burmeseclassic.com

www.burmeseclassic.com



လျှက် ဖြစ်လဲကျခဲ့သည်။

"မေ ... မေရယ် ... "

သူမ သတိလစ်နေဟန် မတုန်မလှုပ်။ ဒေါက်တာ့မျက်နှာကြီးက သူမမျက်နှာလေးပေါ် နီးကပ်စွာ အုပ်မိုးနေလေသည်။ မေ့ရင်တွေ တဆတ်ဆတ်တုန်လှုပ်လာရ၏။ မေ့ဘဝမှာ တစ်ကြိမ်တခါမှ ယောကျ်ားတစ်ယောက်နှင့် အနီးကပ်မနေထိုင်ဘူးခဲ့။ အချစ်ဆိုတာလားပဲ ... မေ ရင်တုန်လိုက်တာ။

"မေ"

"ဟင်"

"ကိုယ် ဆေးစစ်ပေးမယ်နော် ... အားနည်းလို့ထင်တယ်ခဏလေး ... "

ဒေါက်တာရဲ့ အကြင်နာတွေကို မေ ထူးဆန်းစွာခံယူနှစ်သက်မိသွားသည်။ မိန်းကလေးတစ်ယောက် အားကိုးမှီတွယ်နားခိုသင့်တဲ့ယောကျ်ားကောင်းတစ်ယောက်က ဒေါက်တာမင်းထင်သော်ပဲ။

"မေ ... အားတွေပြည့်ပါတယ်၊ ဘာမှမဖြစ်ဘူး ... ခေါင်းတွေအရမ်းသုံးလို့ထင်တယ်၊ ကောင်မလေး ဘာတွေစဉ်းစားနေလဲ"

"မေလေ ... "

"ပြော ... "





"အတိတ်အကြောင်းတွေကို စဉ်းစားနေမိတယ်၊ ပြန်သိချင်တယ် ... မေ့ဒက်ဒီကိုတောင် ရေရေရာရာမသိဘူး။ အားငယ်လာသလိုပဲ"

"မေရယ် ... ကိုယ်ရှိပါတယ်၊ ဘာတွေများအားငယ်နေရတာလဲကွာ"

"တစ်ခါတလေ မေ့အတိတ်ကို သတိမရချင်ဘူး ... ဒေါက်တာ့ကို မေ့သွားရင် ဘယ်လိုလုပ်မလဲဟင် ... "

"မေ"

"တကယ်ပါ"

ဒေါက်တာ့မျက်ဝန်းတွေက ဝင်းလဲ့တောက်ပလျှက်။ အကြင်နာတွေ လျှမ်းနေသည်။ မေ သိနေ၏။ ဒေါက်တာကိုယ်တိုင်က မေ့ကိုချစ်နေတယ်ဆိုတာပါ။ မေ့စိတ်တွေ မလုံမလဲဖြစ်ရသည်။

"မမပုံချစ်သူဆိုတာ မေသိသိကြီးနဲ့နော် ... မလုပ်သင့်ဘူးထင်တယ် ... မေ အသိရှိစမ်းပါ ... "

မေ သတိပြန်ပေးရသည်။ မမပုံက မေ့ကိုကြည်ဖြူစွာလက်ခံပေးခဲ့သူပါ။ ဒေါက်တာက မေ့ကျေးဇူးရှင် အသက်သခင်။ သူမသမ်းမပေါ် ပြေးနေရင်း ကားတစ်စီးကိုတားတာ မရပ်ပေးခဲ့။ သူမသမ်းမပေါ် လဲကျသွားခဲ့သည်။

"မေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"စဉ်းစားနေပြန်ပြီလား ... ကောင်မလေးမျက်နှာလေး ညှိုးသွားပြီကွာ"

သူကိုယ်တိုင် မေ့အား ပွေ့ဖက်ချော့မြှူပေးနေချင်သည်။ မထင်မှတ်ဘဲ ကောင်မလေးခန္ဓာကိုယ် အိအိစက်စက်လေးအား ပွေ့ဖက်ထားမိသွား၏။ ရင်တွေခုန်ရသည်။ မေ့နဖူးပေါ်က ဆံစလေးများကိုပင် ပွတ်သပ်တင်ပေးမိသည်။

"အတိတ်တွေကို မစဉ်းစားနဲ့တော့ ... ကိုယ့်ကိုမေ့ပစ်မသွားချင်ဘူး မဟုတ်လားမေ"

"အင်း ... ဒေါက်တာ့ကို အားကိုးပါတယ်၊ ဒေါက်တာ့မှာသာ ချစ်သူမမပုံ ရှိမနေရင်လေ ... "

"မေ ... ဘာဖြစ်လဲ"

"ဟင့်အင်း ... ဘာမှမဖြစ်တော့ပါဘူး"

ဒေါက်တာ့လက်တွေက သူမပခုံးလေးကို သိုင်းဖက်လျက် သူမနဖူးဆံစလေးများကို ဖယ်ရှားပင့်တင်ပေးနေသည်။ မေ ရင်ခုန်ရ၏။ မေ့ကို ကြင်နာပေးမယ့်သူ တစ်ယောက်တစ်လေမှ မရှိတော့ ငယ်ငယ်က မိဘတွေရဲ့ အကြင်နာတွေ အချစ်တွေကို ပြည့်ဝစွာရခဲ့၏။ ဒေါ်ဒေဝီနိုင်ကြောင့် ပျောက်ဆုံးသွားရသည်။

"ဒေါက်တာ"





"ပြောလေ မေ ... "

"မေ သက်သာသွားပါပြီနော် ... မြို့ထဲဆင်းချင်တယ်"

"ရတယ်လေ ... ကောင်းတယ် မေ ... ဆင်းကြမယ်၊ ကိုယ်နဲ့လား ... "

"အင်း"

မေ့စိတ်တွေ ပျော်ရွှင်ကြည်နူးနေစေရန် သူအပြည့်အဝ ဖြည့်ဆည်းပေးချင်သည်။ ကိုယ့်ကို ခွင့်လွှတ်ပါပုံရယ်။ ကိုယ်လေ မေပန်းမှုန်လှလှလေးကို ချစ်မိသွားတယ်။ ကိုယ်လက်ထပ်သင့်တဲ့ မိန်းကလေးက မမဆိုတာကိုတော့ ဘယ်လိုမှ မမေ့ပြစ်ခဲ့ပါဘူး။ မေ့ကို ပေးမနေခဲ့သည်။

"ဒေါက်တာနဲ့ညစာ အတူတူစားချင်တယ်"

"အိုကေ ... ရတာပေါ့"

"ဒေါက်တာ့ကို အားနာပါတယ်၊ တစ်ခါတလေ မေအရမ်း အားငယ်ကျန်သလို ခံစားရတယ် ... ဒေါ်ညာကလဲ မေ့ကို ပြုစုစောင့်ရှောက်ပေးပါတယ်"

"မေ့ကို ကိုယ်နားလည်ပါတယ် ... မေရင်ဆိုင်ဖြတ်သန်းနေခဲ့ရတဲ့ ဘဝက ခက်ခဲတယ်လေ ... မေ နေထိုင်ခဲ့တဲ့နေရာလေးကို သိရှိသတိရရင်တောင် ကိုယ်ဆက်သွယ်လို့ရတယ်"

"ဟုတ်ပါတယ် ... မေ စဉ်းစားမရတာက စိတ်ညစ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တော့မညစ်ပါနဲ့ကောင်မလေးရယ် ... ပျော်အောင်နေ ပါ ... အတိတ်ကို သတိမရလည်း ကိုယ်ညီမလေးအဖြစ်နေလို့ရပါ တယ်"

ကိုယ့်ညီမလေးတဲ့လား။ မေက လောဘကြီးပြီး ဒေါက်တာ ရဲ့ချစ်ဇနီးဘဝအထိ စိတ်ကူးယဉ်မျှော်မှန်းထားသည်။ အရယူဖို့ လည်း ကြိုးစည်ကြိုးစားနေပြီဖြစ်သည်။

"ဒေါက်တာက နှင်းဆီပန်းလေးတွေကို နှစ်သက်တယ်ဆို"

"အင်း ... မေရောပဲလား"

"ဟုတ်"

"ဒေါ်ညှာပြောပြပါတယ် ... ကိုယ်နဲ့အကြိုက်ချင်းလာတူ နေတာပဲ"

"ဒီဒန်းလေးပေါ်မှာ မေထိုင်ချင်တယ်"

ဒေါက်တာကလည်း သူမဘေးနားမှာကပ်၍ ဝင်ထိုင်သည်။ မေ စိတ်ယုတ်မာမွေးတာ မဟုတ်ရင်တောင် ဒေါက်တာနဲ့ ယောက်ျားတစ်ယောက်နဲ့ ဒီလိုဘဝလေးကို မက်မောလိုချင် သည်။

"ဒေါက်တာ"

"ပြော ..."

"မမပုံကို ချစ်လား"





"အချစ်"

"အင်း"

"ကိုယ်နဲ့ပုံက ချစ်တာတွေ ဘာတွေထက် တစ်ယောက်နဲ့ တစ်ယောက် ဘဝလက်တွဲဖော်တွေအဖြစ် ရွေးချယ်သင့်တယ်ထင် လို့ တွဲခဲ့ကြတာပဲ"

"ငယ်သူငယ်ချင်းဆို"

"ဟုတ်တယ် ... ကျောင်းနေဖက်တွေပါ။ ဆေးကျောင်း တက်တော့လည်း အတူတူပဲလေ"

"ချစ်သူသက်တမ်းကရောဟင် ဒေါက်တာ"

"နှစ်နှစ်ပဲရှိသေးတယ်၊ ပုံ့ဖေဖေ ကျန်းမာရေးကြောင့် တွေ့ ဆုံဖို့တောင် အချိန်မရခဲ့ဘူးမေရယ်"

ပုံနှင့်သူ့အခြေအနေကို အမှန်အတိုင်းပဲ ရင်ဖွင့်မိနေသည်။ သူလည်း တစ်ခါတရံ အထီးကျန်ဘဝတွေကို ဖြတ်သန်းနေခဲ့ရ၏။ အင်အနားမှာ နေထိုင်ဖို့ပဲ ဆန္ဒရှိနေတဲ့ပုံ့ကို သူနားလည်ပေးထား သည်။

"မေ့လို ညီမလေးတစ်ယောက်ရလာလို့ ကိုယ်ပျော်ရွှင်ဝမ်း သာမိတယ် အဖော်လေ ..."

အဖော်ပဲလားဟင်။ မေ့ကိုချစ်သူအဖြစ် ဒေါက်တာလက်မခံ နိုင်ဘူးလား။ မေ မလွဲသာမရှောင်သာ ဒေါ်ဒေဝီနိုင်ဖြစ်စေချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ရှောင်လွှဲပစ်ရလိမ့်မယ် ဒေါက်တာ။ နှင်းဆီပန်းရနံ့သင်းသင်း
လေးကြောင့် မေ ရင်တွေအေးငြိမ်းစေသည်။

"မေ"

"ရှင်"

"ညစာ အပြင်ထွက်စားကြမလား"

"ဒေါက်တာက အလုပ်ပင်ပန်းနေတာလေ ... မေ ဒုက္ခမပေး
ချင်ပါဘူး ... ဒေါ်ညှာ ချက်ပြုတ်ထားတဲ့ ဟင်းတွေကိုပဲ လက်ဆုံ
စားကြမလား"

"ကောင်းတယ် ... မေ့ဆန္ဒက ကိုယ့်ဆန္ဒပါပဲ"

"ဒါဆို အထဲပြန်ဝင်ကြမယ်လေ"

မေ့ခန္ဓာကိုယ်လေးက ယိုင်နဲ့သွားသဖြင့် သူထိန်းမတ်
ရင်း မေ့လက်လေးကို ဆုပ်ကိုင်ခေါ်ဆောင်လာခဲ့သည်။ မနက်
သူ့နားရက်။ မေနဲ့ ဈေးဝယ်ထွက်ဖို့ စဉ်းစားထားမိ၏။ မေနှင့်ထ
လက်ဆုံစားရတော့ ညစာသည် မထင်မှတ်စွာ ရင်ခုန်လှိုက်
ချိုမြိန်မှုတွေနှင့် ပြည့်နှက်သော ညစာဖြစ်နေသည်။

အခန်း ( ၁၀ )

ဒေါ်ဒေဝီနိုင် ရောက်လာတော့ သူမအား အခန်းထဲမှာပဲနေ
ရန် ဒေါ်ညှာက လာပြောသည်။

"ဟိုမိန်းမရောက်နေတယ် မေ ... စိတ်ရှုလိမ့်မယ်၊ မောင်မင်း
သင်က အခန်းထဲမှာပဲနေပါတဲ့"

"ဟုတ်ကဲ့ ဒေါ်ညှာ ... "

မေလည်း မတွေ့ချင်တာနှင့်အတော်ပဲ ဖြစ်သွားသည်။
ဒေါ်ဒေဝီနိုင် တစ်ကိုယ်လုံးမှာ ဝတ်ဆင်ထားတဲ့စိန်တွေက မာမို
ရှည်းတွေပါ။ သမီးကို တချို့တဝက်ပေးခဲ့ပေမယ့် ဒေါ်ဒေဝီနိုင်က
တောင်းခိုင်းသဖြင့် ပေးလိုက်ရသည်။

"သမီးက ငယ်သေးတယ်၊ လူကြီးတွေသိမ်းပေးထားတာ
သင့်တော်ဆုံးပဲ ... ဒက်ဒီ သိမ်းပေးထားမယ်"

ဒက်ဒီက ဒေါ်ဒေဝီနိုင်ရဲ့အမိန့်ညြာကို လွန်ဆန်နိုင်ခြင်း မရှိ



www.burmeseclassic.com

www.burmeseclassic.com



ပေ။ သမီးအပေါ် ဥပေက္ခာပြုခဲ့သည်။

"မေပျောက်သွားတာတောင် မရှာတော့ဘူးလား ဒက်ဒီရယ် ရက်စက်လိုက်တာ ..."

မေ တွေးမိတိုင်း နာကြည်ကြေကွဲရကာ ဒေါ်ဒေဝီနိုင်ရဲ့ နှလုံး သားတွေကို ချွန်ထက်တဲ့ အပ်တစ်ချောင်းဖြင့် ထိုးစိုက်ပြစ်လိုသည်။

"မေ့ဘဝအတွက် မေလုပ်သင့်တာကို သတ္တိရှိရှိလုပ်ရလိမ့်မယ် ဒက်ဒီ ..."

ဒေါ်ညှာ ပြန်ထွက်သွားသည်နှင့် ဧည့်ခန်းထဲမှ စကားသံတွေ ကြားစေရန် လှေကားထိပ်အထိသွား၍ နားစွင့်မိသည်။

"အစ်ကိုအတွက် အန်တီစိတ်ပူလို့ပါကွယ် ... မောင်မင်းထင်သော် ကြားဝင်စေ့စပ်ပေးပါ၊ အစ်ကိုစစ်နဲ့တွေ့ချင်တယ် ... ပြီးတော့ မင်းတို့မင်္ဂလာပွဲအတွက်လည်း စီစဉ်ပေးချင်တယ် ... ပုံအတွက် စိတ်ပူလို့ ..."

ကြည့်စမ်းပါဦး။ သူ့တူမကျတော့ လင်ကောင်းရစေချင်သည်။ မေ့ကျတော့ ဒရိုင်ဘာနဲ့တဲ့။ မေ့နှုတ်ခမ်းလေး တွန့်မဲ့သွားသည်။

"ကိုစစ် နေမကောင်းလည်း အနည်းဆုံးတော့ စေ့စပ်ထားသင့်တယ်လေ ... အန်တီဒေဝီဦးစီးမယ်"





"ဗျာ"

"ပုံကိုတော့ လက်ထပ်ပွဲပျက်သွားလို့ မဖြစ်ဘူးနော်"

"ကျွန်တော်က လက်ထပ်ဖို့တောင်းဆိုပါတယ် အန်တီဒေဝီ အခြေအနေအရ ပုံငြင်းတာပါ ..."

"ပုံ အသုံးမကျဘူး၊ ကိုယ့်ဘဝတစ်သက်တာအတွက် အရေးကြီးတာကိုလုပ်ရမယ်လေ ... ဒီမှာ မောင်မင်းထင် အခုဆို အန်တီ ချမ်းသာနေပြီ ... ယောကျ်ားကအရုပ်၊ တူမလေးက ရိုးအတယ်၊ အန်တီဒေဝီ လုံးဝလက်ပိုက်ကြည့်မနေနိုင်ဘူးနော်"

"ကျွန်တော် ပုံကို လက်ထပ်မှာပါ"

"အန်တီ့တူမကို ထားခဲ့လို့ကတော့ မင်းဘဝမှာထိခိုက်နစ်နာမှုတွေ အဖတ်ဆယ်လို့မရတော့ဘူးမှတ်ပါ ... ပုံ့နောက်မှာ အန်တီ ဒေဝီရပ်တည်ရလိမ့်မယ်"

ရှင်ကြီးပဲ အပြောကောင်းတယ်။ ယုတ်မာကောက်ကျစ်မှုတွေနဲ့ ချမ်းသာနေတာပဲဖြစ်သည်။ တူမအတွက် အမျိုးမြတ်ထားတဲ့ ကြားမှ လင်ကောင်းရစေရန် လာပြောနေသေး၏။ မုန်းသည်။

"အန်တီဒေဝီတူမနဲ့ ဖုန်းပြောချင်တယ် နံပါတ်ပေးပါ"

"ပုံသဘောမတူဘဲ ကျွန်တော် မပေးနိုင်ပါဘူး အန်တီ"

"မင်း လူမှုရေးနားမလည်ဘူးလား မောင်မင်းထင်သော်"

"ကျွန်တော် တောင်းပန်ပါတယ် အန်တီဒေဝီ ... လူမှုရေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်တဲ့ကိစ္စဖြစ်နေလို့ပါ"

"ကောင်းပြီလေ ... ပွဲဆီဖုန်းဆက်ပေးပါ"

"ဟုတ်ကဲ့"

"အန်တီဒေဝီ ... နောက်တစ်ပတ် ထပ်လာခဲ့မယ်၊ မင်းကို တောင်းဆိုတာပါ ... ပုံနဲ့စကားပြောခွင့်ရအောင် လုပ်ပေးဖို့ပဲ"

ဒေါ်ဒေဝီနိုင် ပြန်သွားသည်။ သူစိတ်ပျက်မိ၏။ ပုံတို့ဆွေမျိုးထဲမှာ နာမည်ပျက်တစ်ယောက်ထဲ ပါနေသည်။ ဒေါ်ဒေဝီနိုင်ပဲ။ အခုတော့ ... သူဌေးတစ်ယောက်နှင့် လက်ထပ်ပြီး ချမ်းသာနေ၏။

မင်းထင် ဘာမှမပြောလိုပေ။ ပွဲဆီ ဖုန်းဆက်ပြီး ပြောပြဖို့ပဲ ဆုံးဖြတ်ထားသည်။

"ဟင် ... မေ ... အောက်ထပ်ကို ဆင်းလာတာလား။ ကိုယ့်ကိုတစ်မျိုးမထင်နဲ့နော် ... ပုံ အန်တီက စပ်စုတယ် မေ့အတွက်ပါ"

"ဟုတ်ကဲ့ ... ပုံလည်း သူစိမ်းတွေနဲ့မတွေ့ချင်ပါဘူး၊ မေ့ဘာဝ က မရေမရာလေ ... "

"အပြင်ထွက်ကြမယ် ပုံ"

"ဟုတ်ကဲ့"

ဒေါက်တာနှင့်မေတို့ ဈေးဝယ်ထွက်ရန် စီစဉ်ထားသည်။ မေ တောင်းဆိုခဲ့တာပါ။ ဒေါက်တာနှင့်နီးစပ်စေရန် ဖြစ်၏။ သူမနှင့် ဒေါက်တာ နှစ်ယောက်အတူတူ ဈေးဝယ်ထွက်လာကြသည်။





"မေ ... ဘာလိုအပ်လဲ အားမနာနဲ့နော် ဝယ်ပါ ... "

"ဒေါက်တာ"

"ဟင်"

"စောစောက မမပုံနဲ့လက်ထပ်ဖို့ကိစ္စ မမပုံအန်တီက လာပြောတာလားဟင် ... မေကြားတယ် ... "

"ပုံနဲ့ပဲဆိုင်တဲ့ကိစ္စပါ ... မေ ဘာမှမစဉ်းစားပါနဲ့၊ ပျော်ပျော်ရွှင်ရွှင်လေးနေနော်"

ဒေါက်တာ့လက်မောင်းကို သူမချိတ်ဆွဲထားလိုက်သည်။ ဒေါ်ဒေဝီနိုင် ဘာတတ်နိုင်သေးလဲ။ ရှင့်တူမ လက်ထပ်မယ့် လင်ကောင်းတစ်ယောက်ကို ကျွန်မ အရယူတော့မှာလေ။ မေနဲ့ဘယ်လိုဆောက်ဖြူးမျိုး ထိုက်တန်တယ်ဆိုတာ ဒေါ်ဒေဝီနိုင် သဘောပေါက်သွားစေရမည်ဖြစ်၏။ ဒေါက်တာလည်း ပျော်ရွှင်နေသည်။

"မေ ... ပျော်ရဲ့လား"

"အရမ်းပျော်တယ်"

"လိုချင်တာတွေယူနော်"

"တော်ပါပြီ ... အရမ်းများသွားလို့ အားနာတယ်"

သူမရော ဒေါက်တာပါ ရယ်မောမိကြသည်။

"မေ ပျော်နေတာတွေ့ရလို့ ကိုယ်လည်းစိတ်ချမ်းသာတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း ..."

အပြင်မှာ ညစာစားကြသည်။ မေ စိတ်မလုံပေမယ့် သတ္တိမွေးပြီး ဒေါက်တာကို ဖြားယောင်းမြူဆွယ်နေသည်။

"မေလေး ပျော်နေလိုက်တာ ... ကောင်မလေး မှိုင်တွေနေရင် ဒေါ်ညွှာတောင် ငိုချင်တယ်"

"ဒေါ်ညွှာကလဲလေ ... အခုရှိနိုက်စပြီး မေပျော်အောင်နေမယ်၊ ဒေါက်တာနဲ့ဒေါ်ညွှာ့ကိုပဲ အားကိုးနေတော့မယ်"

အိမ်ပြန်ရောက်တော့ ဒေါ်ညွှာ့ကိုလည်း ဖက်ထားလိုက်သည်။ သူမကို ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးနေတဲ့ ဒေါ်ညွှာပါ

"ဒေါ်ညွှာ့အတွက်လည်း မေ ဝယ်လာပါတယ်နော် ... ထမီတွေ ..."

"မေလေးရယ် ... သိတတ်လိုက်တာ၊ ဒေါ်ညွှာက အိမ်ထဲမှာပဲနေတာပါ"

"မေက ပေးချင်တာပါ ... ဒေါ်ညွှာ လက်ခံပေးရမယ်နော်"

"ကောင်းပါပြီကွယ် ... လက်ခံပါ့မယ်"

မေ ပျော်နေတယ်ဆိုတော့ အားလုံးပျော်နေကြသည်။ ဒေါက်တာ့ကို မေချစ်မိသွားပြီဖြစ်၏။ ဒေါက်တာလည်း ပျော်နေသည်။ မမပုံဆီက ဖုန်းလာ၏။ မေနှင့်ပြောချင်သည်တဲ့။ မမပုံနဲ့ ရင်ဆိုင်ဖို့ မေ သတ္တိမရှိဘဲ ဖြစ်သွားသည်။





"မေ ခေါင်းတွေအရမ်းမူးနေလို့ပါ ... ဒေါက်တာပဲပြောပေးပါ"

"ဟုတ်လား ... မေ အရမ်းမူးနေလား"

"အင်း"

မင်းထင်သော် စိုးရိမ်စိတ်တွေ အရမ်းကြီးပဲလွန်ကဲနေပြီလား။ ပုံ ဖုန်းကိုထားပြီး မေ့ကိုဂရုတစိုက် စိုးရိမ်တကြီး မေးမိနေသည်။

"ကို ... ဟဲလို ... ကို ..."

"ဪ ... ပုံ ... ဒီမှာလေ မေမိုးလေးက ခေါင်းမူးလို့တဲ့ စကားမပြောနိုင်ဘူးဖြစ်နေတယ်"

"ဟုတ်လား ... အရမ်းစိုးရိမ်ရလားကို ... ပုံက အရေးမကြီးပါဘူး၊ မေ့ကို ကြည့်ပါဦး ..."

"ပုံ"

"ရှင်"

"ပုံ့ဖေဖေ အခြေအနေရော"

"ဒီအတိုင်းပါပဲကို ... နောက်တစ်ပတ်ဆို ကျောက်ကပ် အစားထိုးကုသမယ် ... ပုံတော့ ကြာဦးမယ်ထင်တယ်"

"အန်တီဒေဝီ ဖုန်းဆက်တယ် ... ကိုယ်က ဖုန်းနံပါတ်မပေးဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ပုံဆီဖုန်းဆက်မလို့ဘဲ၊ ပုံ့အန်တီဒေဝီ ဘယ်ကနေ ဖုန်းနံပါတ်ရသွားလည်း မသိဘူး"

"ကိုယ်နဲ့စေ့စပ်ဖို့လေ ... ဒါပေမဲ့ ပုံ့ဘက်က မလောပါဘူး။ ကိုယ့်ကိုယုံလို့ပါတယ်"

ပုံကို အန်တီဒေဝီက မောင်မင်းထင်လို ယောက်ျားမျိုးကို လက်လွှတ်မခံနဲ့တဲ့။ လူသိရှင်ကြား စေ့စပ်ထားတဲ့။ အန်တီ ဒေဝီ့ကို မိသားစုဝင်တွေက အမျိုးဖြတ်ထားကြသည်။

"အန်တီဒေဝီ့ကို ကိုယ့်ဆီမသွားဖို့ ပုံတားထားတယ်၊ ပုံတို့ လက်ထပ်ဖို့ကိစ္စ အလောတကြီးမရှိဘူးနော် ... "

"ပုံ"

"ရှင်"

"ကိုယ်တို့လက်ထပ်ကြမယ် ... အန်တီဒေဝီပြောတာမှန်ပါတယ်၊ ကိုယ်တို့ဂုဏ်သိက္ခာကြောင့်လေ ... "

"ပုံ ပြန်မလာနိုင်သေးဘူး။ ဒက်ဒီ့အခြေအနေကြောင့်ပါနော်၊ ကိုယ်လည်း လွတ်လပ်ပေါပါးစွာနေထိုင်ပါ"

ပုံသိသည်။ ဒက်ဒီအခြေအနေက ပုံဘယ်လိုနည်းနှင့်မှ အိမ်ထောင်မပြုနိုင်။ အန်တီဒေဝီကတော့ အမိအရဆုပ်ကိုင်ထားဖို့ပဲ ပြောနေသည်။

"မေမိုးလေးကို ဂရုစိုက်ပါနော် ... သနားစရာကောင်းလို့ပါ"

"ကိုယ် ဂရုစိုက်ပါတယ်"

"ကိုယ့်ကို ချစ်တယ်"

"ကိုယ်လည်း ပုံ့ကိုချစ်တယ်၊ လက်ထပ်ပွဲအတွက်တော့ ပုံ ခေါင်းထဲထည့်ထားနော်"

ပုံက ဖုန်းချသွားသည်။ သူတွေဝေယိမ်းယိုင်နေလို့ မဖြစ်ဘူး မေ့အပေါ် သံယောဇဉ်ကြိုးတွေ မငြိတွယ်ခင် ဖြတ်တောက်ကို ဆုံးဖြတ်ထားသည်။ ဖောက်လွဲဖောက်ပြန် ဖြစ်ချင်နေတဲ့ သူ့ တ်တွေကို လွှတ်ထားလို့ မဖြစ်ပါဘူး။

"ဒေါက်တာ"

"ဟင်"

"မမပုံ ဖေဖေ့အခြေအနေက ဘာလဲဟင်"

"ကျောက်ကပ်လဲရမယ် ... ရှေ့တစ်ပတ်တဲ့၊ သူ့အဒေါ်က နောက်ဆုံး စေ့စပ်ဖို့ပြောနေတယ်တဲ့ ... ပုံက အေးဆေးပါတယ်"

ဒေါ်ဒေဝီနိုင် အတ္တကြီးလွန်းသည်။ တူမအတွက်တောင် လောက်အထိဖြစ်နေရလား။ ဒေါက်တာက မမပုံကို လက်ထပ်မှာ ဘူး။ မေ အမြန်ဆုံးလှုပ်ရှားနိုင်မှ ဖြစ်မည်။ ဒေါက်တာက မေ့အတွက် ဖြစ်သင့်သည်။

"မေလေ ... မမပုံကို အားကျတယ်၊ ကြင်နာယုယတတ်တဲ့






www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့လို ယောကျ်ားမျိုးကို လက်ထပ်ခွင့်ရလို့ပါ"

မေ့အသံလေးက ကြေကွဲဝမ်းနည်းစွာ ငိုသံလေးစွက်နေသည်။

"ခေါင်းတွေမူးလိုက်တာ ဒေါက်တာရယ် ... အား ..."

"မေ ..."

"ဒေါက်တာ့ရင်ခွင်ထဲမှာ မေ ခဏလေးနားခိုလို့ရမလား ဟင်"

"ရတယ်မေ ... ခဏမှေးနေနော်"

"အင်း"

မေရဲ့ ထူးခြားတဲ့ အပြုအမူတွေကို သူသတိထားမိလာသည်။ သူ့အပေါ် သံယောဇဉ်တွယ်နေမိပြီလား။ မင်းထင်သော် ထိန်းသိမ်းရမယ်။ စိတ်လိုက်မာန်ပါ လုပ်လို့မဖြစ်ဘူး။ သူ့ရင်ခွင်ထဲမှာ မေထိန်းချုပ်ထားတဲ့စိတ်တွေက ပေါက်ကွဲချင်သည်။

"မေ"

"ဟင်"

"ဆေးသောက်ရအောင်"

"ဟင့်အင်း"

"မေ့ကိုကြည့်ရတာ ကိုယ်စိတ်ပူလာပြီ"

"ဒေါက်တာရင်ခွင်ထဲမှာ နေခွင့်ပြုပါ ... ခဏလေးပါနော်





ကျွန်မအရမ်းအားငယ်လို့ပါ ဒေါက်တာ"

"မေ ဘာအားငယ်စရာရှိလဲ ... ကိုယ်လက်ထပ်မှာစိုးရိမ်လို့လား ... ပုံကလဲ မေ့ကိုချစ်တာပဲလေ"

"ဟင့်အင်း"

"မေ"

"ဟင်"

"ဘာဖြစ်လို့လဲကွာ ... ကိုယ်နဲ့ပုံက ညီမလေးအဖြစ်မွေးစားထားကြတာလေ"

"ကျွန်မကြောက်တယ် ... မရေမရာဘဝကြီးကို ဘယ်လိုလျှောက်လှမ်းရမှန်း မသိဘူး ... ကျွန်မသေရင်ကောင်းမှာပဲ"

"မေ ... ဘာတွေပြောနေတာလဲ ... ကိုယ်နဲ့ပုံ လက်ထပ်ဖို့ တာ အခမ်းဝေးကြီးပါကွာ"

"မမပုံဖေဖေ သေသွားရင်ရော ... "

"မေလေးရယ် ... ဘာတွေစိတ်ပူနေတာလဲကွာ၊ ကိုယ်ကတိပေးပါတယ်၊ ကိုယ်တို့မင်္ဂလာပွဲကို မေသဘောတူလက်ခံတဲ့နေ့ကျမှ လုပ်မယ်နော်"

"တကယ်"

"တကယ်ပါ"

"မေ ဝမ်းသာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မေလက်လေးတွေက ဝမ်းသာအားရနှင့် ဒေါက်တာအား သိမ်းကျုံးဖက်တွယ်ထားမိသည်။

"မေရယ် ... လွှတ်ပါဦး ... ညီမလေး ဒီလောက်အထိ ပျော် သွားရလား"

"အင်း ... ပျော်တယ် ... အရမ်းပျော်တယ်၊ မေလေ ... ဒေါက်တာလက်ထပ်မယ်ပြောသံကြားတိုင်း ခေါင်းတွေမူးနောက် လာတယ် ... မမပုံက ဘယ်လောက်ပဲ သဘောထားပြည့်ဝနေ စေ ... မေ တဖြည်းဖြည်း စိုးရိမ်စိတ်တွေ ဝင်ဝင်လာနေတယ် ကြောက်လာသလိုပဲ ... မေ့မှာ အားကိုးရာက ဒေါက်တာပဲရှိတာ လေ"

"မေရယ် ... "

သူလည်း မေ့ကိုတုန့်ပြန်ပွေ့ဖက် နှစ်သိပ်ပေးမိနေသည် မဖြစ်သေးပါဘူး။ မေနှင့်တရင်းတနှီး နေထိုင်လို့မဖြစ်ဘူး။ ကြာလျှင် သံယောဇဉ်အမျှင်တန်းတွေ ရစ်သထက် ရစ်ပတ်တော့မည်ဖြစ်၏ မေရော ... သူရော ... နှလုံးသားတွေ ထပ်တူစွာ တဒိန်းဒိန်းလှုပ် ခုန်သံ တူညီနေသည်။

အခန်း ( ၁၁ )

"ဒေါက်တာလက်မောင်းကို ချိတ်ဆက်ပြီး သွားရတာ မေ အရမ်းအားရှိတာပဲနော်"

"မေ ပျော်မယ်ဆိုရင် ... ကိုယ့်လက်မောင်းကို တွဲပါ၊ မေ့ စိတ်ဆန္ဒတွေအတိုင်းပါပဲကွယ် ... "

"မေ့ကို ပျော်စေချင်တာလား"

"အင်း"

"မေ့အတိတ်တွေကို မြန်မြန်သတိရပြီး ပြန်စေချင်တာလား"

"မဟုတ်ပါဘူးမေရယ် ... ကိုယ်လေ မေရှိနေလို့ အထီး မကျန်တာပါ၊ မေ မေ့ပြစ်လိုက်မှာတောင် စိုးရိမ်နေတယ်လေ"

"တကယ်"

"မေ မယုံဘူးလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေး"

ဒေါက်တာက မေ့ခေါင်းလေးကို လှမ်းပုတ်လိုက်သည်။ မေ ဒေါက်တာ့လက်ကို ဆုပ်ကိုင်လျှက် အကာအကွယ်လုပ်သည်။

"မယုံဘူးလား မေ ... မယုံဘူးလို့ ဆက်ပြောနေရင် မင်းကို ပွေ့ချီပြီး ရေကန်ထဲပစ်ချမှာနော်"

"အမလေး ... မလုပ်ပါနဲ့ကိုကိုရာ မေ အရမ်းကြောက်ပါတယ်"

"ကိုကို ဟုတ်လား"

"ဒေါက်တာလို့ ခေါ်ရတာ အရမ်းစိမ်းကားနေလို့ပါ ... ကိုကို လို့ပဲခေါ်ချင်တယ် ရမလားဟင်"

"ခေါ်လို့ရပါတယ် မေ ... ညီမလေးပဲဟာ"

"ကိုကို ... "

"ညီမလေး ... "

"မေ့ဘဝမှာ ကိုကို့ကိုပဲ အားကိုးစရာရှိတာပါ မေ့ကိုမရက်စက်ပါနဲ့နော်"

"မေရယ် ... "

တဖြည်းဖြည်းနှင့် မေ့ မာယာထောင်ချောက်ထဲသို့ ကိုကို တိုးဝင်လာသည်။ မေ့အတွက် ရွေးချယ်စရာနည်းလမ်းက သိပ်မရှိ လို့ပါ။ သူမ အပြုံးတွေက ယောကျ်ားတစ်ယောက်ရဲ့ နှလုံးသားကို





ညှို့ယူဖမ်းစားနိုင်သည်။ ဒေါက်တာ့ကိုပဲကြည့်လေ အရည်တွေပျော်လာ၏။ မေ့ခန္ဓာကိုယ်လေးအား ရဲတင်းစွာ ပွေ့ဖက်လာနေသည်။

"မေ့ အပြုံးလေးတွေက အရမ်းချစ်စရာကောင်းတယ်ကွာ ကိုကိုလည်း ပျော်တယ်"

သူ တခါတရံ ထိန်းချုပ်ထားနေရတာ မွန်းကျပ်လွန်းလာ၍ မေနှင့် ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာ နေပစ်လိုက်သည်။ ပုံ့ဆိုတာ အဆက်အသွယ်မလုပ်ပေ။ သူအဆက်အသွယ်လုပ်တော့လည်း ပုံ့က ဖုန်းမကိုင်။ ဒေါ်ဒေဝီနိုင်ကတစ်မျိုး သူ့တူမနှင့်လက်ထပ်ဖို့ သိစွ မဆီမဆိုင် ဖိအားပေးပြီး ခြိမ်းခြောက်ဟိန်းဟောက်နေ၏။ မေနှင့် နေရတာ စိတ်သက်သာရာရလေသည်။

"မေ အရမ်းကျွန်းမာနေပြီပဲ မနက်စောစောထ ... ကိုကိုနဲ့ ဘန်တော်ကြီးကို အပြေးလေ့ကျင့်ရမယ် ... ဘယ်လိုလဲ"

"ကောင်းတယ် ... ကိုကိုနဲ့ဆို မေ ကမ္ဘာမြေကြီးရဲ့အပြင် ဘက်ထွက်ရဲတယ်နော်"

"ကောင်မလေး တော်တော် အပြောကောင်းနေပါလား"

"ဟင်း ... ဟင်း ... ဟင်း တကယ် ... "

"မေရယ် ... "

"ကိုကိုရယ် ... "

မေနဲ့သူက သွေးသားတော်စပ်ကြသူတွေ မဟုတ်ကြ။ မေ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေထဲမှာ အချစ်တွေစီးမျောနေသည်။ ကိုကိုဟုပင် ချိုချို အီအီလေး ခေါ်နေတတ်၏။ သူ ဘယ်လိုထိန်းချုပ်ရမလဲ ... ကလေး ဆန်လွန်းတဲ့ မေ အတိတ်တွေကို မေ့မျောနေ၍ သူ ရက်စက်နိုင်ခြင်း မရှိခဲ့။

"ကိုကို ... မေလေ အတိတ်ကိုသတိမရချင်တော့ဘူး ... တွေးလည်း မတွေ့လို့ရမလား"

"ရတာပေါ့ ..."

"ကိုကို့ကို မမေ့ချင်တာပါ ... အတိတ်တွေကို မေ့ပစ်လိုက် တော့မယ်"

"Ok ... ကောင်းတာပေါ့"

"မေ ပြောသမျှအားလုံး ကောင်းတယ်လို့ပြောနေတာနော် စိတ်ထဲကလည်း မပါပဲနဲ့"

"ပြောပြန်ပြီလား မေ ... ဒီတစ်ခါ ကိုကိုလုံးဝ ခွင့်မလွှတ် ဘူးနော်"

"ဟင် ... ဟင်း ဟင်း ကိုကို့ကို နောက်တာပါနော်"

"ဟား ... ဟား ... ဟား"

သူ့ရင်ခွင်ထဲမှီတွယ်လာတဲ့ မေနှင်းမှုံလွှာ မျက်တောင်ကော့ လေးတွေ တဖျတ်ဖျတ်ခတ်လျက် နှုတ်ခမ်းလေးက ပြုံးနေသည်။ ကိုကိုဘာလုပ်ရမလဲ မေ့နှုတ်ခမ်းလေးအား ငုံပစ်ချင်လာ၏။ အ





တွေက တားဆီးနေသည်။

"မင်း ငါ့တူမပုံကို လက်မထပ်လို့ မဖြစ်ဘူးနော် ... မောင် မင်းထင် အန်တီဒေဝီက ဒီအတိုင်းကြည့်နေမှာ မဟုတ်ဘူး"

အန်တီဒေဝီရဲ့ စကားတွေကို ပြန်၍ကြားယောင်လာသည်။ ဒေါ်ဒေဝီနိုင်က ယောက်ျားဖမ်းတဲ့နေရာမှာတော့ အထူးကျွမ်းကျင် သူပါ။ သူ သတိထားသင့်၏။ မေ့ကို ချစ်ပေမယ့် သူလက်ထပ်မှာ ပါ။

"ကိုကို ..."

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲဟင် ... မေကြောင့် ကိုကိုစိတ် တွေ အနှောက်အယှက် ဖြစ်နေလား"

"မေ့ကြောင့် မဟုတ်ပါဘူး ... ဒေါ်ဒေဝီနိုင်ကြောင့်လေ အိမ်နီးမကြီးက ကြောက်စရာကောင်းတယ် ... လူတစ်ယောက်ရဲ့ အရှက်သိက္ခာကို ဖျက်စီးပစ်ဖို့ လုံးဝ ဝန်မလေးဘူး"

"မမပုံကို အတင်းအကျပ် လက်ထပ်ခိုင်းနေလို့လား"

"ဒါက ပုံနဲ့ကိုကို့ကိစ္စလေ ဟုတ်ပါတယ်နော်"

ကိုကို့စိတ်တွေ သူမထံယိမ်းယိုင် ညွှတ်နူးနေပြီဖြစ်သည်။ မေ လုံးဝ လက်လွှတ်မခံနိုင်။ ဒေါ်ဒေဝီနိုင်ကို ပို၍လက်တုန့်ပြန်ချင်သည်။ ကိုကို့ကိုလည်း မေချစ်မိနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရာ စိတ်ညစ်စရာတွေ ဘာမှတွေးမနေနဲ့တော့နော် မေ ဒေါ်ညှာ့ကိုသွားကူညီမယ် ... ကိုကို မနက်စာအတွက်ပေါ့ ... ပြီးရင် မေလာခေါ်မယ် ကိုကိုရေချိုးအဝတ်အစားလဲ"

"ဟုတ်ပြီ ... "

မေထွက်သွားသည်။ သူ စိတ်မောစွာဖြင့် သူ့အခန်းထဲပြန်ဝင်လာခဲ့မိ၏။ မေနှင့်အတူတူရှိနေတဲ့ ဘဝကို သူတွယ်တာနှစ်သက်နေသည်။ မဖြစ်သင့်ဘူးဆိုတာ သိနေတဲ့ကြားမှ သူ့စိတ်တွေက ထိန်းချုပ်နိုင်ခြင်း မရှိခဲ့။ အချစ်တွေကို သူ့အသက်အရွယ်နှင့်မရှုခံစားချင်နေသည်။

"မောင်မင်းထင် အောက်မှာ ဒေါ်ဒေဝီနိုင်ရောက်နေတယ် ဆင်းလာခဲ့ပါဦး"

ဒေါ်ညှာ့အသံက သူ့စိတ်နှလုံးတွေကို ချုတ်ခြုံကျသွားစေသည်။ ဘာလာလုပ်တာလဲ ရန်ကုန်မှာဘာဖြစ်လို့များ ဒီလောက်အကြာကြီးနေရတာလဲ ... သူ အောက်ထပ်ဆင်းလာသည်။

"ဒေါ်ညှာ ... "

"ပြောပါမောင်မင်းထင် ... "

"မေ့ကို မထွက်ပါစေနဲ့ ... ဒီမိန်းမကြီးက ပေါက်ကရတွေ ထင်မြင်ပြောဆိုနေဦးမယ်"

"စိတ်ချပါ ... "





ဧည့်ခန်းမှာ ဒေါ်ဒေဝီနိုင် အခန့်သားထိုင်နေသည်။ စိန်တွေ ဘဖျတ်ဖျတ် ... သူ လုံးဝ မနှစ်သက် ... ကင်းကင်းရှင်းရှင်း နေ ထိုင်တာ လာပြီးပတ်သက်နေသည်။

"အန်တီဒေဝီ ကိစ္စရှိလို့လား"

"မောင်မင်းထင်"

"ပြောပါ အန်တီဒေဝီ"

"မင်းနဲ့ပတ်သက်လို့ သတင်းတစ်ခုကြားလို့ အန်တီလာခဲ့ တာပါ ... "

"ပြောပါ အန်တီ"

"မင်းကို ကောင်မလေး ငယ်ငယ်ချောချောလေး တစ် ယောက်နဲ့ ဈေးဝယ်နေတာတွေ့တယ်တဲ့ ... ဘယ်သူလဲ အန်တီ ဒေဝီ့တူမက နိုင်ငံခြားမှာနော်"

"ဒါလား ... အန်တီ သူက နယ်ကနေရောက်လာတဲ့ ချွန်တော့ညီမ ဝမ်းကွဲလေးပါ ... "

"အခု ဘယ်မှာလဲ"

"နယ်ပြန်သွားပါပြီ"

ဒေါ်ဒေဝီနိုင် ရန်ကုန်ရောက်နေတာက လင်ပါသမီး မေနှင်း ညှာအတွက်ပါ ... ဒီကောင်မလေး သတင်းအစအနပျောက်နေ သည်။ ယောကျ်ားကိုတော့ လင်နောက်လိုက်သွားတဲ့ပုံ ဖန်တီးထား

www.burmeseclassic.com



ခဲ့၏။ ဒရိုင်ဘာကိုတောက်အား ငွေပေး၍ နယ်မှာနေစေခဲ့သည်။

"ရှင့်သမီးက ဒရိုင်ဘာကောင်ကိုမှ စွဲလန်းနှစ်သက်နေတာ လေ ... အခု ဖုန်းဆက်တယ် ဒီမှာ"

ဒရိုင်ဘာ ကိုတောက်အား ဖုန်းဆက်စေသည်။

"ဆရာ့သမီးနဲ့ ကျွန်တော်နှစ်ဦးသဘောတူ လက်ထပ်လိုက် ပါပြီ ... ကျွန်တော်တို့ ချစ်ခြင်းကိုမခွဲပါနဲ့လို့ တောင်းပန်ပါတယ်"

"တောက် ... ခွေးမသား မင်းကများ ရာရာစစ တန်ရာ တန်ရာ မမှန်းဘူး ... ခွေးမကိုလည်း ငါလုံးဝလက်မခံဘူး ... မင်းတို့ ဟာ မင်းတို့ နေချင်သလိုနေကြ ... "

အသုံးမကျတဲ့ ကိုတောက် မေထွက်သွားသည်တဲ့ ... သူ့ကို တောင် ခေါင်းရိုက်ခွဲသွားသေး၏။ မသေတာ ကံကောင်း မိမိစိတ် ပူမိတာက မေဘယ်ရောက်နေလဲ ... လုံးဝ စုံစမ်းမရပဲ ဖြစ်နေသည်။ ဒီကြားထဲက အစ်ကိုက ကျန်းမာရေးမကောင်း၍ တူမလေးပုံပါ နိုင်ငံခြားကို ဆေးကုဖို့လိုက်သွားရ၏။ တူမလေးချစ်သူ ဒေါက်တာ မင်းထင်သော်က ချမ်းသာသည်။ အရည်အချင်းတွေ ဂုဏ်ဒြပ်တွေ ပြည့်စုံသည်။ တူမလေး အမိဖမ်းထားသင့်တယ်။ ထို့ကြောင့်ပင် မိမိခရီးသွားဟန်လွှဲ ဝင်ပြီးလုပ်ပေးခဲ့မိ၏။ ဒေဝီနိုင့်ကို လျှော့တွက် လို့ မရဘူးဆိုတာ ပြသရမည်ဖြစ်သည်။

"မောင်မင်းထင်သော် ပုံဂုဏ်သိက္ခာအတွက် အန်တီလုံး





သက်ပိုက်ကြည့်မနေနိုင်ဘူးနော် ... မင်းစကားတွေကို ငါယုံမယ် ထင်နေလား ... ပုံ့ကို လောလောဆယ် အသိမပေးသေးဘူး ... ခင်ကျန်းမာရေးကြောင့်ပါ ... မင်း အခြေအနေကို ငါစောင့်ကြည့် နေမယ် ... မင်းဘက်က ဖောက်လွှဲဖောက်ပြန်လုပ်ရင် မင်းကို အရေးစွဲရလိမ့်မယ်"

"ဒါက ကျွန်တော်နဲ့ပုံတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ ... အန်တီ ကျေးဇူးပြုပြီး ဝင်မပါပါနဲ့ ... ပုံနဲ့ လက်ထပ်ဖို့ ကျွန်တော် အခြတမ်း တောင်းဆိုနေတာပါ ... "

"ကောင်းပြီလေ ... ငါကတော့ ဆိုင်ဆိုင် မဆိုင်ဆိုင် ငါ့တူမ ကိစ္စလေ ဝင်မှာရမှာပဲ"

"အန်တီဒေဝီ ပြန်နိုင်ပါပြီ ... "

"ဘာပြောတယ် ... "

"ကျွန်တော်နဲ့ဆက်ပြီး စကားပြောစရာ အကြောင်းမရှိတော့ ဘူးပါ"

"မင်း ... မင်း ... ဘာစကားပြောတာလဲ ... ငါ့ကို လျှော့ တွက်ထားတာလား ... မောင်မင်းထင်သော် ... ငါ ဘယ်လောက် ချမ်းသာလဲ မင်းသိထားနော် ... ငါ့ယောက်ျားအရှိန်အဝါနဲ့ မင်းကို ဖြုတ်လို့ ရတယ်"

ဒေါ်ဒေဝီနိုင် အော်ဟစ်ဆူပူသောင်းကျန်းရင်း ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူစိတ်မောမိနေ၏။ ပုံ့ဆီကလည်း အဆက်အသွယ်မလုပ်ခဲ့။ သူ့ဂုဏ်သိက္ခာအတွက် ပုံ့ကို လက်ထပ်ဖို့ သူ့ခုထိ ဆုံးဖြတ်ထားဆဲပင်ဖြစ်သည်။

"မောင်မင်းထင်သော် စိတ်မကောင်းမဖြစ်ပါနဲ့ကွယ် ... ဒီမိန်းမ အကျင့်စရိုက်ကိုလည်း သိသားနဲ့"

"ဟုတ်ပါတယ် ကိုကိုရာ ... တော်တော်စွာတေးလဲပြီး အဆင့်အတန်းမရှိဘူး ... မောက်လာထောင်လွှားလွန်းတယ်"

ဒေါ်ဒေဗီနိုင် အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါနာသွားတာကို မေသဘောကျမိသည်။ သူတူမကျတော့ သိတတ်နေလိုက်တာ ကိုကိုတွဲနေတဲ့ ကောင်မလေးက မေနှင်းမှုံလွှာဆိုတာသိရင် တီကောင်ဆားပုံလိုက်သလို ဖြစ်သွားလိမ့်မယ် ... မေရယ်ပစ်လိုက်ချင်သည်။

"ကဲပါ ကိုကိုရာ မဆီမဆိုင် ဝင်ပါနေတဲ့မိန်းမကြီး အကြောင်း မေ့ထားလိုက်ပါ ... မနက်စာစားကြမယ် ... ကိုကိုရေချိုးတော့နော်"

ကိုကို့လက်မောင်းကို ဖက်တွယ်၍ ပြောမိသည်။

"ဟုတ်ပါတယ် မောင်မင်းထင်သော် စိတ်ထဲမထားနဲ့ အလကား မေ့အကြောင်း ပုံ့သိနေတာပဲ ... ပုံ့က သူ့စကားကို လက်ခံမှာမဟုတ်ဘူး ... "





ပုံ့က ခွင့်လွှတ်နားလည်ပေးနိုင်တယ်ဆိုရင်တောင် ဒေါ်ဒေဗီနိုင်က သူ့ဂုဏ်သိက္ခာထိပါးအောင် လုပ်ဆောင်မှာ အသေအချာပင်။

"ဒေါ်ဒေဗီနိုင်ဆိုတဲ့ မိန်းမကြီး သူ့အကုသိုလ်နဲ့သူသွားလိမ့်မယ် ... ကိုကိုက သူတော်ကောင်း"

မေနှင့်တွေ့လျှင် သူပျော်ရွှင်သည်။ မေက သူ့လက်ကို ဆွဲ၍ အပေါ်ထပ်တက်လာ၏။ ကိုကိုရေချိုးတဲ့ မေကိုယ်တိုင် ဝင်ချိုးပေးရမလားဟု မေးရင်းရယ်မောနေသည်။

"ကျွန်မ စားသောက်ခန်းကနေ စောင့်နေမယ်နော် ကိုကို Ok"

အပြင်မှ အော်ဟစ်သံလေး ပျောက်ကွယ်သွားသည်။ သူပြုံးမိနေ၏။ ဒေါ်ဒေဗီနိုင်ကြောင့် အပူသောကတွေ ငြိမ်းအေးသွားသည်။

"ကိုကို့အတွက် မေရှိနေရမယ် ... ကိုကို့ကို စွန့်ခွာမသွားပါနဲ့မေ"

သူ ရေချိုးခန်းထဲကထွက်ပြီး အဝတ်အစားတွေလဲလိုက်သည်။ မေ့ရဲ့ လှုပ်ရှားမှုလေးက အိမ်ရှင်မလေးလိုပင် ... သူ့အတွက် လိုအပ်တာတွေကို ဂရုတစိုက်လုပ်ပေးနေ၏။ ပုံလည်း တော်တဲ့ မိန်းကလေးပါ။ မေလောက် မသွက် ... မေ သူ့အပေါ် ဘယ်လောက်ပဲတွယ်ငြိနေပါစေ သူလက်ထပ်မှာက ပုံ့ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရေ ... "

"လာပြီ မေရေ ... "

"ဆေးရုံသွားရဦးမယ်နော်"

"ဟုတ်ပါပြီ ... "

မေအောင်သံလေးကိုက လှေခါးထိပ်ကနေ ထွက်ပေါ်လာပြီး မီးဖိုခန်းထဲပြန်ထွက်သွားသည်။ မနက်စာက အသင့်ပြင်ထား၏။ ဒေါ်ညာ စီစဉ်ထားတာ ဖြစ်ပေမယ့် မေက သူ့အတွက် စိတ်တိုင်းကျ ပြင်ပေးနေလေသည်။

အခန်း ( ၁၂ )

"ပုံ ... ညည်းက ကိုယ့်ချစ်သူကို ဝေဿန္တရာလုပ်ပြီး အလှူကြီးပေးနေတာလား"

အန်တီဒေဝီဖုန်းဆက်ပြန်ပြီ ပုံ စိတ်ညစ်သည်။ ကိုယ်နှင့်ပုံတို့ကိစ္စ အန်တီဒေဝီဝင်ပါနေတာ ပုံ မကြိုက် ... အခုချိန်မှာ ဖေဖေ့ကျန်းမာရေး အဓိက ... ကိုယ်ဖောက်ပြန်သွားမယ်ဆိုရင်တောင် ပုံခွင့်လွှတ်၏။ သူမ ပြတ်ပြတ်သားသားပဲ ဝင်မစွက်ဖက်ဖို့ ပြောလိုက်သည်။

"ဘာပြောတယ်ပုံ ... ဝင်မစွက်ဖက်နဲ့ ဟုတ်လား ... ညည်းအဆက်ကို ကောင်မငယ်လေးတစ်ယောက်နဲ့ တွဲပြီးတွေ့တဲ့လူကတွေ့တယ်တဲ့ အန်တီ့ကိုလာပြောတယ်"

မေပဲနေမှာပါ ... ပုံ သိပြီးသားပဲ ... ကိုယ့်အိမ်မှာ မေရှိနေတာ အန်တီဒေဝီကို မသိစေချင်ပေ။ ဝင်ရှုပ်ဦးမယ် ... ကိုယ့်ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာအတွက်ဖြစ်သည်။

"ပွဲ့ကိစ္စတွေမှာ ဝင်မပါပါနဲ့ အန်တီဒေဝီ ... အခုချိန်မှာ ပွဲ့အတွက် ဖေဖေပဲ အဓိကပါ ... ဘယ်သူ့အကြောင်းမှ ပုံခေါင်းထဲ မထည့်ထားနိုင်ဘူး"

"ညည်း ရှူးနေလား ပုံ ... ဒေါက်တာမင်းထင်သော်လို လူက ဘယ်လိုလူမျိုးလဲ ... ညည်း အမိဖမ်းထားရမယ့် ယောက်ျား"

"တော်ပါတော့ အန်တီဒေဝီရာ ကိုယ့်ကိုပုံ ယုံတယ် ... အဲဒီ ကောင်မလေးကလည်း ကိုယ့်ညီမဝမ်းကွဲလေးပါ"

"ပြီးရောအေ ... မင်းထင်သော်လို ယောက်ျားကလေ အမိဖမ်းသင့်တယ်ဟဲ့ ... "

ဖုန်းချသွားသည်။ ဒေဝီဆွေမျိုးသားချင်းတွေက အမျိုးအဖြစ်ကနေ မိမိကိုစွန့်ပစ်ထားကြတာပါ။ အခု မိမိချမ်းသာနေပြီပဲ မိမိကို နမူနာထားစေလို၏။ ပွဲ့ကိစ္စထား၍ ဒေဝီနယ်ပဲပြန်ဖို့ စဉ်းစားထားသည်။ အနားယူတော့မည်ဟု စဉ်းစားထားကာမှ လူခေါ်ဘဲ(လ်)သံကြောင့် ချောင်းပေါက်ကနေ ချောင်းကြည့်လိုက်တော့ ဒရိုင်ဘာကိုတောက်ဖြစ်နေ၍ ထဖွင့်ပေးလိုက်ရသည်။

"မမဒေဝီရယ် ရက်စက်တယ်ဗျာ ... မောင်လေးကို ဘာဖြစ်လို့ အဆက်အသွယ်ဖြတ်ထားရတာလဲ"

တကယ်ဆို ကိုတောက်က မိမိနှင့်ဦးပန်းတိုင်တို့လက်မထပ်





ချင်ကတည်း ငြိစွန်းနေသူဖြစ်သည်။ မိမိစိတ်ကုန်ပြီး ဖယ်ရှားလိုနေပေမယ့် မရပေ။ တွယ်ကပ်နေ၏။ သူဌေးသမီး မေနှင်းမှုံလွှာနှင့် နီးစပ်အောင် ကြံစည်လုပ်ဆောင်ပေးပေမယ့် အသုံးမကျ၍ လက်လွှတ်သွားရသည်။

"ဖယ်ပါ ကိုတောက် ... မင်းညံ့ဖျင်းလို့ သူဌေးသမီး အချောအလှ အနုအထွတ်လေးနဲ့ ဝေးသွားရတာလေ ... "

"ကျွန်တော်က မမဒေဝီကိုပဲ ချစ်တာပါ"

"ဖယ်စမ်းပါ ... "

တောက်တက်လိုတွယ်ကပ်နေသည်။ ဦးပန်းတိုင်ပိုင်ဆိုင်တဲ့ တိုက်ခန်းမှာ မိမိလာတည်းနေတာပါ။ မေနှင်းမှုံလွှာ သတင်းကိုလည်း စုံစမ်းရန်ဖြစ်သည်။

"ကဲ ... ပြော မေ့သတင်းဘာကြားသေးလဲ"

"မကြားဘူး ... ဒီကောင်မလေး ပျောက်နေတယ် ... ခေါင်းမှာ ဒဏ်ရာရထားတယ် ... သေပြီထင်တယ်"

"မသေရင်ခက်မယ် ... ဘယ်ကနေ ပေါ်လာမလဲ ... ငါ ဘယ်လောက်စိတ်ပူရလဲ ကိုတောက် ... မင်းအသုံးအကျလို့ ဖြစ်ရတာလေ ... မင်းကို သူဌေးသမက်ဖြစ်အောင် ငါလုပ်ပေးခဲ့တာ ကျေးဇူးမမေ့နဲ့"

"ကျွန်တော်က မမဒေဝီကိုပဲချစ်တာ ... ဘယ်လို အနေအရှ



www.burmeseclassic.com

www.burmeseclassic.com



အလှအပကမှ ကျွန်တော့်နှလုံးသားကို မဖမ်းစားနိုင်ဘူး မမပဲ"

သေလိုက်ပါလားဟု စိတ်ထဲကနေ ဒေါသတကြီးကြိမ်ဆဲမိသည်။ မသာကောင် မိမိဂုဏ်သိက္ခာကြီးမားတဲ့ သူဌေးကတော်ဖြစ်နေချိန်တွင် ကိုတောက်လို ဒရိုင်ဘာကောင်နှင့် လုံးဝ မပတ်သက် မဆက်ဆံချင်တော့ပေ။ အသေသာ သတ်ပစ်လိုက်ချင်နေ၏။ မငြင်းပယ်ရဲ။ ကိုတောက်ပြုသမျှ နုနေရတဲ့ဘဝ ဒေါသတွေပေါက်ကွဲနေသည်။

"ဘာမှ တွေးပူမနေနဲ့ မမရာ ... ပျော်အောင်နေပါ မောင်လေးနဲ့လေ ..."

"မမစိတ်ညစ်နေတယ် ... လောလောဆယ် အစ်ကိုကြီးပန်းတိုင် အထင်လွဲအောင်မလုပ်မိဖို့ အရေးကြီးတယ်နော် ... ဖယ်စမ်းပါ"

"ဒါဆိုလည်း သွားမယ်ဗျာ ... ပိုက်ဆံပေးပါ ကျွန်တော့်အသုံးစရိတ် မရှိတော့ဘူး ..."

"မမမှာလည်း ငွေမပါဘူး ... ညနေပြန်တော့မလို့"

"စိန်လက်စွပ်ပေး ... ဒါဘယ်လောက်တန်ဖိုးကြီးတယ်ဆိုတာ ကျွန်တော်သိတယ်"

"အစ်ကိုကြီးမေးလိမ့်မယ်"

"ခင်ဗျားကြီး ကျုပ်ကိုဖယ်ထုတ်ပစ်ဖို့တော့ မကြိုးစားနဲ့





ကျုပ်ဘာကောင်းလည်းဆိုတာ သိတယ်မဟုတ်လား"

မိန်းမလည်မကြီး ဒေဝီနိုင် ရမလား ... ကိုတောက်အပေါ်လူလည်ကျလို့ မရဘူး ... သူဌေးဦးပန်းတိုင်နှင့် နီးစပ်ရန် မိမိပဲလုပ်ဆောင်ပေးခဲ့သည်။ အနီးကပ်နေ့နှပ်ပေးနေရတာ ချမ်းသာတော့ မိမိအားပယ်ထုတ်ဖို့ ကြံစည်နေ၏။ ကိုတောက်ဘဝအတွက် ပြည့်စုံဖူလုံအောင် အရယူမည်ဖြစ်သည်။

"ကျုပ်က ဘာမှအဖိုးမတန်တဲ့ကောင်နော် ခင်ဗျားကြီး အရှုကြောင်ကြောင်မလုပ်နဲ့ နာသွားမယ်"

"ကိုတောက်ရယ် မမဒေဝီ ဘယ်လောက်အထိ စိတ်ရှုပ်နေလည်းသိသားနဲ့ ... ကဲပါ စိန်လက်စွပ်က အစ်ကိုကြီးပြဿနာရှာနိုင်တယ် ငွေပဲယူနော်"

စိန်လက်စွပ်တော့ မပေးနိုင်ဘူး ... ရှေးစိန်တွေ အစ်ကိုကြီးနှီးကြီးကျုန်ခဲ့တာ ... ကိုတောက်ကို မချော့လို့မဖြစ်တော့ဘူး ကိုတောက်တောင်းတဲ့ ငွေတွေပေးလိုက်ရသည်။

"ဒီလိုမှပေါ့ မမရာ ... လိမ္မာပါတယ် ကိုတောက်ဆန္ဒတွေကို မဆန့်ကျင်နဲ့နော် ... ဦးပန်းတိုင်ထက် အရင်တွေ့ဆုံပေါင်းသင်းလာခဲ့တဲ့ လင်လေ ..."

တော်တော်စော်ကားတဲ့ကောင်ပဲ ရှုံ့စရာကောင်းလိုက်တာ မိမိကလည်း ကိုတောက်နှင့် ဘယ်လိုမှ ကင်း၍ မရနိုင်။ ကိုတောက်



www.burmeseclassic.com

www.burmeseclassic.com



ပြုသမျှ လိုက်လျောနာခံနေရသည်။ ရန်ကုန်မှာ ညစဉ်မိမိနှင့်အတူ လာအိပ်၏။ နယ်မှာလည်း အစ်ကိုကြီးလစ်လျှင် လစ်သလို အတူ အိပ်စက်သည်။

"အချစ်ပြန်မယ်နော် ... မမဒေဝီကို ချစ်တဲ့လင်ပါ"

ပြန်ထွက်သွားသည့် ကိုတောက်ရဲ့ပိုင်စိုးပိုင်နင်း ပြုမူပြော ဆိုနေတာတွေကိုလည်း မခံနိုင်တော့ပဲဖြစ်နေသည်။ ဒီညပဲ မိမိ ရန်ကုန်ကနေ ပြန်ထွက်လာခဲ့သည်။ အိမ်ရောက်တော့ ခင်ပွန်း ဦးပန်းတိုင်ကို မတွေ့ရပေ။ ဘယ်သွားနေတာလဲ ... သူ့သမီးကို ကြိုတ်ရှာနေတာလည်း ဖြစ်နိုင်သည်။ ဒေါ်ဒေဝီနိုင် ဖုန်းဆက်လိုက် သည်။

"အစ်ကိုကြီး ဘယ်မှာလဲ ဒေဝီပြန်ရောက်နေပြီလေ"

"ဟုတ်လား ဒေဝီ ... အလုပ်ကိစ္စအတွက် အရေးကြီးနေ လို့ ညကျမှ ပြန်လာနိုင်မယ်နော်"

"မရဘူးကွာ ... အခုချက်ချင်း ပြန်လာခဲ့ ... ဒေဝီလွမ်းနေ ပြီ ... အစ်ကိုကြီး သမီးကိုရှာဖို့ ဒေဝီသွားရတာ ဘယ်လောက်ပင် ပန်းလာလဲ ... ပြန်လာခဲ့နော်"

"အင်းပါကွာ ... အင်းပါ အခုပဲ အလုပ်ကိစ္စဖြတ်ပြီး ပြန်လာ ပါ့မယ်"

"ပြီးရော မျှော်နေမှာနော်"





ဦးပန်းတိုင်ကတော့ မိမိလုပ်ရပ်တွေ အတွက်နောင်တတွေ ကြီးစွာရနေခဲ့သည်။ ဒေဝီ မင်းလုပ်နေတာတွေ ငါမသိဘူး ထင်နေ လား ... ဒရိုင်ဘာကိုတောက်နှင့် သမီးတွဲလျှက်မရှိဘူးဆိုတာ မိမိ သတင်းရထား၏။ ကိုတောက်နှင့်တွဲနေတာက ဒေဝီနိုင်ပဲ ခက်တာ က မိမိဘယ်လိုမှ ဒေဝီနိုင်ကို မလွန်ဆန်နိုင်တဲ့အကြောင်းတွေ ရှိနေခဲ့သည်။ ငွေကြေးချမ်းသာတဲ့ မိန်းမကိုယူပြီး မိမိကြီးပွားချမ်း သာလာတာပါ ... ဇနီးကြီးအပေါ် မိမိယုတ်မာရက်စက်ခဲ့သည်။ ဒေဝီနိုင် မင်းပဲ ငါ့မိန်းမရဲ့အောက်စီဂျင်ကို ဖြုတ်ပစ်လိုက်တာ။ ဒါပေမယ့် မိမိမှာ သက်သေအထောက်အထား မရှိခဲ့။ ပြီးတော့ လည်း မိမိနှင့် ဒေဝီနိုင်တို့ အချစ်ပလူခဲ့တော့ အထောက်အထားတွေ ဒရိုင်ဘာကိုတောက်ကြောင့် အသက်အရွယ် မပြည့်သေးတဲ့ မိန်းက လေးတစ်ယောက်နှင့် မိမိအတူတူ အိပ်စက်ခဲ့တဲ့ သက်သေ အထောက်အထားတွေ ရှိနေသည်။

"ဆရာက အရွယ်ရှိသေးတာပဲ ... ဆရာ့ဇနီးကရောဂါစုံနေ တယ် ... ဆရာ့ဘဝ သနားစရာပါ ဆရာကဲပစ်စမ်းပါ"

မိမိကို အရက်တွေ အလွန်အကျွံသောက်စေသည်။ မိမိဂုဏ် သိက္ခာကိုတောင် မငဲ့ကွက်နိုင် ... အမှားတွေကျူးလွန်မိ၏။ ထို့ ကြောင့်ပင် မိမိဘဝမှာ မိသားစုအပေါ် ရက်စက်ယုတ်မာမှုတွေ လွန်ကျူးမိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးမေ … ဘယ်မှာလဲ ဒင်းတို့လက်ချက်နဲ့ အန္တရာယ်တွေ ရင်ဆိုင်နေရပြီလားကွယ် … ဒက်ဒီမှားပါတယ် ဆင်ခြင်တုန်တရား ကင်းမဲ့တဲ့ အဖေပါ … "

မိမိနောင်တတွေနှင့်အတူ သမီးပျောက်ကို ကြိတ်ရှာနေမိသည်။ ဒေဝီနှင်ကိုလည်း မယုံတော့။

"အစ်ကိုကြီးနော် ဒေဝီကိုတရားဝင်လက်ထပ်ပါ … ဒေဝီ အထိခိုက်အနစ်နာ မခံနိုင်ဘူး … ဒေဝီ့အကြောင်း သိတယ်နော်"

ခြိမ်းခြောက်ခဲ့သည်။ ဇနီးကြီး ကွယ်လွန်မှ တိုက်ကြီးပေါ် တက်ပါဆိုတာ တောင်းပန်မရ။ အတင်းစွတ်တက်လာ၏။ ပြီးတော့ ဇနီးကို အပြတ်ရှင်းပစ်သည်။

"အစ်ကိုကြီး သမီးက ဒရိုင်ဘာကို ကြိုက်နေတယ် ပလူးပလဲ နဲ့ အဆင့်အတန်းမရှိဘူး"

ဒရိုင်ဘာကိုတောက်ကိုလည်း မိမိလုပ်မထုတ်ရဲ။ သူ့ရဲ့ အကောက်ကြံမှာကို မိမိကြောက်ရွံ့နေခဲ့သည်။

"ခင်ဗျားကြီး ကျုပ်ကိုအလုပ်ထုတ်ပစ်ဖို့ မကြိုးစားနဲ့နော် ဦးပန်းတိုင် ခင်ဗျားကြီး ကမြင်းကျောထခဲ့တာတွေ ကျုပ်မှာ အထောက်အထားရှိတယ် … အင်တာနက် တင်ပစ်လိုက်ရမလား"

ဒရိုင်ဘာကိုတောက်ကိုယ်တိုင် မိမိအား အတင်းဝင်ပူးကပ် ပြီး သူတို့လက်ခုပ်ထဲကရေဖြစ်စေရန် စီစဉ်ကြံစည်ခဲ့ကြသည်။





"ဒက်ဒီမှားသွားတယ် … ဒက်ဒီတို့ မိသားစုဘဝလေးပျက်ရ တာ ဒက်ဒီကြောင့်"

မိမိကြိတ်၍ ငိုကြွေးခဲ့ရတဲ့ရက်တွေ မနည်းတော့။ ဒေဝီ့ဆန္ဒ နှင့်သာမျှ လိုက်လျောဖြည့်ဆွမ်းပေးခဲ့ရသည်။ သမီးလေး မေမှာလည်း ငြင်းဆိုခွင့်မရှိ။ ဘယ်လောက်တောင် ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင် ခဲ့ရလဲ … ဒက်ဒီ မတွေးရဲတော့ဘူး … သမီးပျောက်ကိုလည်း သက် ဆိုင်ရာသို့ မတိုင်ရဲ … ဒေဝီက ဖုန်းဆက်ထပ်ခေါ်နေသဖြင့် မိမိ ပြန်လာခဲ့ရသည်။

"အစ်ကိုကြီးရယ် … ဒေဝီမလွဲသာ မရှောင်သာလို့ထွက်သွား တာပါ အရမ်းလွမ်းတာပဲ သိလား"

မိမိရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ရင်း မိမိရင်ဘတ်ကို ရှူရှူလေး နှုတ်သပ်နေသည်။ စိတ်ပျက်ရ၏။ ဒေဝီ့ကို မချစ်မနှစ်သက်တော့ မုန်းတီးရွံ့ရှာမှုတွေနှင့်သာ ပြည့်နက်နေသည်။

"အစ်ကိုကြီး … "

"ဟင်"

"ဘာဖြစ်လို့လဲ အေးစက်စက်နဲ့ … ဘာလဲ ဒေဝီ့ကို မချစ်ဘူး လား … အစ်ကိုကြီး လက်တွေက ငြိမ်သက်နေတယ် … ကြည့်လေ ဆီတောင့်တနေတဲ့ ရမ္မက်ဆန္ဒတွေ … "

"ဒေဝီ … "

"ဘာလဲ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး … ပင်ပန်းလာတယ့် လုပ်ငန်းကိစ္စတွေ အဆင် မပြေတာတွေ များနေတယ်ကွာ … အစ်ကိုကြီးကို နားလည်ပေးပါ လား"

"ဘာဆိုင်လဲ အလုပ်က အလုပ်ပဲ အစ်ကိုကြီးရှောင်လွှဲတာ ဒေဝီလေ အစ်ကိုကြီးကို အရမ်းချစ်တယ် လွမ်းလို့သေတော့မယ်ရှင်"

မင်းနဲ့ ဒရိုင်ဘာကိုတောက်ဆို ငါပိုင်တဲ့ တိုက်ခန်းမှာ အချ ပလူးကြတာ ငါမသိဘူးထင်နေလား ဒေဝီနိုင် … ငါက တော်တော် အသုံးမကျတဲ့ကောင်ကွ … မလွှဲသာ မရှောင်သာတော့ ဒေဝီ ပွေ့ဖက်နမ်းရသည်။ စိတ်မောလိုက်တာ အသက်အရွယ်နှင့်မ အရှက်တွေ သိက္ခာတွေ မဲ့လိုက်တာ မိမိဇနီးကြီးပိုင်တဲ့ စိန် ဒေဝီမှာ ညှတ်နေ၏။ သမီးပစ္စည်းတွေရောပဲ … စိတ်ထိခိုက် ကြေ မှုတွေ အတိုင်းအဆမရှိ ကြိတ်မှိတ်ခံစားလာရသည်။

"အစ်ကိုကြီး …"

"ဟင် …"

"ရန်ကုန်ရောက်တော့လေ၊ အစ်ကိုကြီးသမက် ကိုတော လာတွေ့တယ် သိလား …"

"ဆက်မပြောပါနဲ့တော့ ဒေဝီ … ဒီကောင့်အကြောင် မကြားချင်ဘူး … သမီးမိုက်အကြောင်းတွေ လာမပြောပါနဲ့"

ဒေဝီ့ရဲ့လုပ်ကြံဇာတ်လမ်းတွေကို မကြားလိုတော့ပေ။





မိတ်ဆွေတွေက သတင်းအတိအကျ ပေးထားကြသည်။ သမီးဘက် မှာ မခံမရပ်နိုင်ကြသူတွေဖြစ်၏။ မိမိအားဝိုင်း၍ အပြစ်တင်သံတွေ ဆူပွက်နေသည်။

"မင်း … ဘယ်လိုဖြစ်ရတာလဲ ပန်းတိုင် … စိတ်တွေရော မှန်ရှိသေးရဲ့လားကွ … ဒေဝီနိုင်နဲ့တွဲနေတာ မင်းဒရိုင်ဘာ ကိုတောက်ပဲ … မင်းတိုက်ခန်းမှာလေ"

မတတ်နိုင်တော့ဘူး … အသက်ကြီးမှ အရှက်တကွဲ အဖြစ် ခံနိုင်။ ကမ္ဘာမီးလောင် သားကောင်ချွန်းရတာပါ သမီးရယ်။

"ဒေဝီနိုင်လို မိန်းမကို မင်းစည်းစိမ်ဥစ္စာတွေ ထိုးအပ်မနေ နဲ့ ပန်းတိုင် … သမီးလေးမေအတွက် စီစဉ်ပေးရမယ် … အသိရှိ မ်းပါကွာ"

သူငယ်ချင်းရှေ့နေနှင့် တိုင်ပင်ပြီး မိမိသမီးလေးအတွက် ဆုံသင့်တာတွေ လုပ်ထားသည်။ ဒေဝီမသိအောင်ပါ။ ဒီခြံနှင့်တိုက် ပင် ဒေဝီ့အားပေးလိုက်ဖို့ ဆုံးဖြတ်ထားသည်။

"မင်းအနာဂတ်ကနေ ထွက်သွားမယ် … မင်းလိုမိန်းမယုတ် နဲ့ အဝေးဆုံးကို ငါထွက်သွားမယ်ကွ …"

ဒေဝီက မိမိထက်ငယ်ရွယ်သူပါ။ မိမိရင်တွေကွဲမတတ် ကြေကွဲနာကျင်နေရသည်။ သမီးမေကို ရှာရမယ်။ ငယ်ရွယ်နုပျို သောမောသူလေး ဖခင်တစ်ယောက်ရဲ့ တာဝန်မယူနိုင်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအခြေအနေမျိုးမှာ အန္တရာယ်တွေနှင့်ရင်ဆိုင်နေရရှာလဲ။ မတွေးရဲ ဒေဝီနိုင်ကိုပဲ သတ်ပစ်ချင်လောက်အောင် မုန်းတီးလာမိသည်။

"အစ်ကိုကြီး ... "

"ဟင် ... "

"ရှင့်သမီးကို သတိရနေတာလားပြော ... "

"မဟုတ်ပါဘူး ဒေဝီရာ ... သမီးမိုက်အတွက် အစ်ကိုကြီး လုံးဝ သတိမရပါဘူး ... အစ်ကိုကြီး အမွေဖြတ်ဖို့ စဉ်းစားနေတာပါ"

"တကယ်နော် ... "

"တကယ်ပါ ဒေဝီ"

"ဒေဝီကလေ အစ်ကိုကြီးနှလုံးသားတွေထဲမှာ ဒေဝီတစ်ယောက်ထဲ ရှိနေစေချင်တာပါ ... အစ်ကိုကြီးကိုလည်း ဒေဝီ့နှလုံးသားထဲ သီးသန့်ထားတယ် ... အစ်ကိုကြီးကို အရမ်းချစ်တယ်"

ဒေဝီနိုင်ကို လည်ပင်းညှစ်သတ်ပစ်ချင်လာသည်။ မိမိ အရှက်သိက္ခာတွေကြောင့်ပါ မိမိရဲ့ဆိုးဝါးတဲ့ ကံကြမ္မာအတိုင်းသာ ရေစုန်မှာ မျောဖို့ ဆုံးဖြတ်လိုက်သည်။

အခန်း ( ၁၃ )

"ကိုကို ထတော့လေ ... အိပ်ပုတ်ကြီး ဆေးရုံသွားရမယ် မဟုတ်လား"

"ဟုတ်သားပဲ ... ကိုကိုအိပ်တာ အရမ်နေမြင့်သွားတာပဲ မေ လာနှိုးလို့တော်သေးတယ်"

"ထတော့နော်"

"ခဏလေးပါကွာ"

"မရဘူး ထ ... "

ကိုကို့လက်ကလေးကို မေ အတင်းဆွဲထူပစ်လိုက်သဖြင့် နှစ်ယောက်သား လုံးထွေးလျှက် ကိုကို အိပ်ရာပေါ်လဲကျသွားသည်။

"အား ... "

"ဟာ ... ကောင်မလေး Sorry ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါပဲ ... ကိုကို့ခန္ဓာကိုယ်ကြီးက မနိုင်ဘူး"

"ဟင်း ဟင်း ဟင်း"

"ဟင်း ဟင်း ... "

သူမ လှုးလဲအထတွင် ကိုကို့လက်တွေက သူမခန္ဓာကိုယ်လေးအား မလွှတ်ဘဲ ထပ်၍ တင်းတင်းပွေ့ဖက်ထားသည်။

"ဒီအတိုင်းလေး နေပေးစမ်းပါ မေ ... ခဏလေးပါ"

"ကိုကို ... "

"ဟင်"

"လွှတ်ပါနော် ... ဒီလိုနေထိုင်ဖို့ မသင့်တော်ဘူးလို့ မေထင်တယ်"

"စကားတွေ အရမ်းမများစမ်းပါနဲ့ မေ ... ကိုကို့ဘဝမှာ အရမ်းအထီးကျန်နေလို့ပါကွာ"

"ကိုကိုရယ် ... "

မေကလည်း ဒီအကွက်မျိုးကို ဖန်တီးလိုက်တာပဲ မဟုတ်လား ... မေလည်း အရမ်းအထီးကျန်နေရလို့ပါ ... မိဘအိမ်ပြန်ဖို့ ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ဘူး ကိုကို ... ကျွန်မအတွက်လုပ်ဖို့ ဆုံးဖြတ်သည်။

"မေ ... "

"ကိုကို"





"ကိုကိုရော ... မေရော ဘဝတွေက အနာဂတ်မရေမရာနဲ့ ဆက်ပြီး လျှောက်လှမ်းဖို့ ခက်ခဲလွန်းပါတယ်"

"အင်းနော် ... "

"ဘဝတူတွေလေ"

"မေ့ဘဝလည်း အရမ်းအထီးကျန်တယ် ကိုကိုရယ် အနာဂတ်မဲ့နေတာပါ"

"အားမငယ်နဲ့နော် ... ကိုကိုရှိပါတယ် မေ့ကို မစွန့်ပစ်ဘူး ကိုကို့အနားမှာပဲ ထားမယ်"

"တကယ်လား ... "

"တကယ်ပါ"

ပုံကရော သူမေ့ပစ်ထားချင်သည်။ သူ့ကို ယုံကြည်ထားတာနဲ့ပဲ အဆက်အသွယ်ပင် မလုပ်တော့။ ကိုယ်က သစ်သားနဲ့ထုထားတဲ့အရုပ်လား ပုံရယ် ... ကိုယ်တို့နှစ်ယောက် ပေါင်းဖက်အတူ ယှဉ်တွဲနေထိုင်ခွင့်တောင် မရှိတော့ဘူးလား။ ကံကြမ္မာက ရိုင်းလွန်းသည်။

"ကိုကိုလေ အချစ်ကို မသိဘူး ... မခံစားတတ်ဘူးဆိုရင် မေ ယုံကြည်လက်ခံနိုင်မလား"

"မမပုံ ရှိတယ်လေ ... "

"လက်ထပ်ဖို့ပဲ ရွေးချယ်မှုတစ်ခုထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ဟင်း"

"ဘာရယ်တာလဲ ကောင်မလေး"

"ကိုကို့စကားက ရယ်ချင်စရာကြီးပဲ ကြည့်ပါဦး ကိုကို့ရင်တွေ တဒိန်းဒိန်းခုန်နေတယ်"

သူမ ရှန်းဖယ်ထသည်။ ကိုကိုက မလွှတ်ဘဲ ပြန်၍ပွေ့ဖက်ထားသည်။

"ဒီအတိုင်းလေးပဲ နေပါ ... "

"ကိုကို"

"ဟင် ... "

"ချစ်တယ် ... "

"ဘာပြောတယ် မေ ... "

"ကိုကို့ကို ချစ်တယ်လို့ ... "

"ဟာကွာ ... "

ကိုကို့လက်မောင်းတွေက သူမခန္ဓာကိုယ်လေးအား မြွေတစ်ကောင်ကဲ့သို့ ရစ်ပတ်ထွေးပွေ့လာသည်။ ရှန်းဖယ်မရတော့။ တကယ်လည်း ကိုကို့ကို မေ ချစ်မိသွားရ၏။ အားကိုးတွယ်တာစွာ တုန့်ပြန်ပွေ့ဖက်ထားသည်။

"ကိုကိုနဲ့ မေ ဖူးစာပဲထင်တယ် ... ရင်တွေ ခုန်မြန်လိုက်တာ ... မတတ်နိုင်တော့ဘူးကွာ ... ထိန်းချုပ်ထားရတာ စိတ်မော





တယ် ... ကိုကိုတို့ ချစ်သူတွေအဖြစ် ပျော်ပျော်လေးနေကြမယ်"

"အင်း ... "

"မေရယ်"

"ကိုကိုရယ်"

မေ့ထောင်ခြောက်ထဲသို့ ကိုကိုလွယ်ကူစွာတိုးဝင်လာသည်။ မေလည်း အပျိုစင်မလေးပါ။ အသားတွေ တဆတ်ဆတ်တုန်နေအောင် ကြောက်လန့်ရ၏။ ဒရိုင်ဘာကိုတောက်နှင့် အခန်းတစ်ခုထဲမှာ ငရဲတမျှ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။

"မေ့ကို ချစ်တယ် ... အရမ်းချစ်တယ် ကိုကို့နှလုံးသားတွေထဲမှာ ချစ်တာပေါ့ ... "

"မေလည်း ကိုကို့လိုပါပဲ ... အရမ်းချစ်တယ် မေ့နှလုံးသားတွေထဲကနေ ကိုကို့ကို ချစ်တယ်နော်"

ကိုကို့ဆန္ဒတွေအားလုံးကို မေ လိုက်လျောလိုက်သည်။ မေက ဖြူစင်တဲ့ယောက်ျားဆိုလို့ ယင်ဖိုတောင် မသမ်းခဲ့ဘူးတဲ့ အပျိုစင်လေးပါ။ ဒရိုင်ဘာကိုတောက်က သူမအားမထိခင်မှာပင် သူမ ပန်းအိုးနှင့်ရိုက်နက် ထွက်ပြေးလာခဲ့ ခြင်းဖြစ်၏။ ကိုကို့ရင်ခွင်ထဲမှာ မိန်းမောရင်း ချိုမြိန်တဲ့အချစ်တွေ မျှဝေခံစားရလေသည်။

"မေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုကိုတို့ လက်ထပ်မယ်"

"ရှင် ... "

"ကိုကိုကယောကျ်ားပါ ... တာဝန်ယူရဲတယ် မေက အတိတ်မေ့နေတာလေ ... ကိုကို လူမဆန်ဘူးဖြစ်သွားတယ်"

"ကျွန်မ အပြစ်တွေပါ ကိုကို ... မလုပ်သင့်တဲ့ အလုပ်တွေကို လုပ်မိတယ် ... တကယ်ဆို ကျွန်မလေ မမပုံမျက်နှာကို ထောက်ထားသင့်ပါတယ်"

"အားလုံး မေ့ပစ်လိုက်တော့နော် ... ကံကြမ္မာပဲလေ ကိုကိုနဲ့ မေက ဖူးစာဖက်တွေဖြစ်ကြမှာပေါ့ကွာ"

"ကိုကိုရယ် ... "

"ပုံနဲ့ ဆွေးနွေးမယ် ... ကိုယ်တို့ လက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူး ... ပုံ ကိုယ်တိုင်က ဆန္ဒမရှိတာပဲမေ"

"မေကတော့လေ ... ကိုကို့သဘောပါပဲ မေ့ဘဝမှာ အားကိုး တွယ်တာရာက ကိုကိုပဲရှိနေတာပါနော်"

ကိုကို့ ရင်ခွင်ထဲ ပြန်၍ တိုးဝင်ဖက်ထားလိုက်သည်။ ဒေါ်ဒေဝီနိုင်ရေ ရှင်ကြီး ဘာတတ်နိုင်သေးလဲ ... ရှင့်တူမကို ဒေါက်တာမင်းထင်သော်က လက်မထပ်တော့ဘူး ... မေနှင်းမှုံလွှာကို ဒရိုင်ဘာနဲ့ ညားစေချင်တာလေ ... အခု ကျွန်မကို ဆရာဝန်





တစ်ယောက် လက်ထပ်တော့မယ်။

"ကိုကို ... "

"ဟင် ... "

"ထနော် ... ဆေးရုံသွားရဦးမယ်လေ ... အရေးတကြီး ခွဲစိတ်ရမယ့် လူနာရှိတယ်ဆို ... တော်ကြာ ဒေါ်ညွှာကတစ်မျိုး ထင်နေဦးမယ်"

"မေကတော့လေ အသက်ငယ်ပေမယ့် အိမ်ရှင်မလေးတစ်ယောက်လို ကိုကို့အနားမှာ လိုအပ်တာတွေ လုပ်ဆောင်ပေးနိုင်တယ်၊ မေရှိနေလို့လည်း ကိုကိုပျော်ရွှင်ရတာပါ"

သူမထွက်လာခဲ့သည်။ သူမ ကျေးဇူးရှင်တွေအပေါ် စော်ကားယုတ်မာတာတော့ မဟုတ်ပါဘူး ... အခြေအနေအရ ဖြစ်ပျက်သွားခဲ့တာပါ ... တောင်းပန်ပါတယ် မမပုံရယ် ... အနူးအညွတ်ကို တောင်းပန်ချင်နေတာပါ ... မမပုံဘဝမှာ ကိုကို့ထက်သာတဲ့ ယောကျ်ားတွေ ရှာဖွေလက်ထပ်နိုင်ပါတယ်။ ဒေါ်ဒေဝီနိုင်ကို နည်းနည်းလေး လက်တုံ့ပြန်ပါရစေ။

"မောင်မင်းထင်သော်ကို တော်တော်လေးနိုးရတယ်ထင်တယ်မေ ... "

"ဟုတ်ကဲ့"

ဒေါ်ညွှာက မေ့ကို အထူးအဆန်းလို ကြည့်နေသည်။ မေ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမထားတတ်တော့ …

"မေ … မေ"

"ရှင်"

"သမီး မျက်နှာပေါ်မှာလေ … "

"ရှင် ဒေါ်ညာ … မေ့မျက်နှာပေါ်မှာ ဘာဖြစ်နေလို့လဲ"

"နှုတ်ခမ်းလေးတွေရဲတွတ် ဖူးယောင်နေလားလို့"

"ရှင် … "

ဒေါ်ညာစကားကြောင့် မေရှက်လည်းရှက် ဝမ်းနည်းကြေကွဲမှုတွေနှင့် ငုတ်တုတ်လေးထိုင်၍ ရှိုက်ကြီးတငင်ငိုကြွေးမိသည်။

"အဟင့် … ဟင့် အီး … ဟီး"

"မေ … မေ"

"အဟင့် … ဟင့် … ဟင့်"

"မေ အရမ်းရှက်တယ် … မေ့ကို မေသတ်သေပစ်လိုက်ချင်ပါတယ် ဟီး ဟီး"

"မေ မငိုပါနဲ့ကလေးရယ် … တိတ်တော့နော် ဒေါ်ညာသိပါတယ် … မေလေးမှာ အပြစ်မရှိဘူးဆိုတာလေ … မောင်မင်းထင်သော်ကိုလည်း မပြစ်မတင်ချင်ပါဘူး … ပုံက ဥပေက္ခာပြုထားတာပဲလေ"

"မေ … မေနဲ့လေ ကိုကိုတို့ အမလေး ဒေါ်ညာရယ် …





အမှားအယွင်းတွေ ဖြစ်သွားတယ် … မေကြောင့်ပါ ကိုကိုနဲ့တရင်းတနှီး နေထိုင်မိလို့ပါ … "

"မေ … မငိုပါနဲ့ကွယ် မေ့အပြစ်လည်း မဟုတ်ပါဘူး … အဓိက မောင်မင်းထင်သော် ပျော်ရွှင်ရေးပဲ တိတ်လိုက်တော့ မျက်နှာသစ်လိုက် မောင်မင်းထင်သော် စိတ်မကောင်းဖြစ်ရလိမ့်မယ်"

မေလည်း ငိုပစ်ချင်သည်။ ယောက်ျားတစ်ယောက်ကို မြူဆွယ်ဖြားယောင်းပြီး အမိဖမ်းတာမျိုး မေအမုန်းတီးဆုံးပင်။ ဒေါ်ဒေဝီနိုင်ကြောင့်ပါ။ မေ့ဘဝကို အနိမ့်ဆုံးအဖြစ် ပို့ပစ်ချင်တဲ့ မိန်းမကြီးသူမ မျက်နှာလေး သစ်ပစ်လိုက်၏။ ကိုကိုရောက်လာတော့ ဒေါ်ညာ မသိချင်ယောင်ဆောင်နေသည်။

"မေ … "

"ဟင် … ကိုကို"

"မျက်နှာလေး မကောင်းဘူး … ရှက်နေတာလားဟင် ဘာဖြစ်လို့လဲ … "

"ဟင့်အင်း … "

"ကိုကို လက်ထပ်မှာပါ … မေ့တာဝန်ကိုယူတယ် … ပုံနဲ့အပြတ်ပြောလိုက်တော့မယ် … စိတ်အားမငယ်နဲ့နော်"

"ဟုတ် … "

www.burmeseclassic.com



"မေ့ကို ချစ်တယ် မြတ်နိုးတယ် ... ကိုကို့အနားမှာ မေ
ထာဝရနေပေးပါ ..."

မေလေ အဲဒီလိုမြူဆွယ်ဖြားယောင်း သွေးဆောင်ပြီး
သူ့ငွေးကတော်ဘဝကို ရယူရတာ အရှုံးရှာဆုံးပါပဲ။ ဒေါ်ဒေဝီနိုင်ရဲ့
အကျင့်စရိုက်မျိုးတွေ မေဆန့်ကျင်ချင်တယ်။ ကျွန်မတို့မိသား
ဘဝတွေ အစိတ်စိတ် အမွှာမွှာပြိုင်ကွဲသွားရတယ်။ မာမီနှာခေါင်း
မှာတပ်ထားတဲ့ အောက်စီဂျင်ပိုက်ကို ဘယ်သူဖြုတ်တာလဲ ... ဓာ
ကိုယ်တိုင်လား ... ဒက်ဒီလား ... ဒေါ်ဒေဝီနိုင်လား ...

"မေလေး စားလေ ... ဒီနေ့ ကိုကိုခွင့်ယူလိုက်ရမလား"

"ဟင့်အင်း ... မယူပါနဲ့ ကိုကို့တာဝန်က အရေးကြီးပါ တယ်
မေ ဘာမှ မဖြစ်ပါဘူး ... ကိုကို့ကို ချစ်လို့ပါ မေဘယ်လိုဘဝမျိုး
ဖြစ်ဖြစ် နေနိုင်ပါတယ် ကိုကိုရယ် ..."

မေ မျက်ရည်ဝဲချင်သည်။ စိတ်တောင်မလုံ။ ကိုကိုက တ
တယကြင်နာ၏။ မေလည်း ကိုကို့ကို ပြန်၍ အကြင်နာတွေ
သည်။

"မေရွေးပေးထားတဲ့ အဝတ်အစားတွေကို ဝတ်ရမယ်
ကိုကို ..."

"ကောင်းပါပြီဗျာ ... ကိုကို့ဘဝ အစုမှ ပြည့်စုံသွားသော
တယ် ... မေက တကယ့်ကို အိမ်ရှင်မကြီးတစ်ယောက်လိုပဲ"





မေက သူ့ကို အိမ်ရှင်မတစ်ယောက်ကဲ့သို့ ပြုစုယုယပေးနေ
သည်။ ပိုက ပညာရေးနှင့် ဖခင်ကျန်းမာရေးပဲ ဂရုတစိုက်
လုပ်ဆောင်နေခဲ့၏။ သူ့ အပြစ်တွေ ပိုချတာ မဟုတ်ပါဘူး ... မေနှင့်
သက်ထပ်တော့မည်ဖြစ်သည်။

"ကိုကို ..."

"ပြောလေ မေ"

"ဒေါ်ဒေဝီနိုင်က ပြဿနာလာရှာရင် ဘယ်လိုလုပ်မလဲ
ဟင်"

"ပို ဆန္ဒပဲလေ ... ဒေါ်ဒေဝီနိုင်ကို ဘာမှ ကြောက်စရာမ
လိုတာ မေ အားမငယ်ပါနဲ့နော်"

"အင်း ..."

ကိုကိုက မေ့ကိုနမ်းရှိုက်လျှက် ဆေးရုံကို ထွက်သွားသည်။
အတိတ်ကိုသတိရနေတာ ကိုကိုမသိသေးဘူး။ သိသွားလျှင်
ကို အရှမ်းဒေါသတွေ ထွက်ပြီး မေ့ကိုမုန်းတီးနာကြည်းသွား
သား ... မေဆီမှာ မေ့ခင်ပွန်းက လူကြီးလူကောင်း တစ်ယောက်
ဖြစ်ရမည်ဖြစ်သည်။

"မေ"

"ဟင် ... ဒေါ်ညာ"

"စိတ်မကောင်း မဖြစ်ပါနဲ့ ... အားမငယ်နဲ့နော် မေလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်သော် လက်ထပ်တာ ဒေါ်ညွှာသဘောတူပါ တယ်”

“မေ ဝမ်းသာလိုက်တာ ဒေါ်ညွှာရယ် ... မမပုံကိုတော့ မေ အားနာပြီး မျက်နှာအရမ်းပူတယ် ... တောင်းပန်ချင်ပါတယ်”

“ပုံက အိမ်ထောင်ရေးထက် သူ့ဘဝ တိုးတက်ရေးအတွက် ဦးစားပေးတတ်တယ် ... အင်းလေ ကံကြမ္မာပဲပေါ့”

ဒေါ်ညွှာလည်း မေနှင့်မောင်မင်းထင်သော်ကို လက်ထပ်စေ ချင်သည်။ ဒီကောင်မလေးက အတိတ်မေ့နေပေမယ့် ရိုးသားဖြူစင် သူလေးပါ။ ဒေါ်ညွှာက ချော့မော့နှစ်သိမ့်မှုတွေ ပေးမိနေ၏။ မေ့ကို သနားရှ ဖြစ်သည်။

“မေလေ ... ကိုကိုအိပ်ခန်းကို သန့်ရှင်းလေးလုပ်ပေးချ တယ် ဒေါ်ညွှာ ... ကိုကို့ကျေးဇူးတွေကို လုပ်အားနဲ့ပဲဖြစ်ဖြ ပေးဆပ်ချင်ပါတယ်”

“မေလေးက တာဝန်ကျေပါတယ် ... ငယ်ပေမယ့် အသိ တယ် ... မေက အဆင့်အတန်းရှိတဲ့ မိန်းကလေးပါ”

မေက အဆင့်အတန်း မရှိပါဘူး ... ဒေါ်ညွှာရယ် ... ပိုင်း မပါ ... မေလုံးဝ မနှစ်သက်တဲ့ ဘဝတစ်ခုကို ဖန်တီးပစ်လိုက် ကိုကိုက မေ့ထောင်ချောက်ထဲ တိုးဝင်မိသွားတာလေ ... ဒါပေမ မေ နောင်တတွေလုံးဝမရခဲ့ ... ဒေါ်ဒေဝီနိုင်ကို မေအနိုင်ယူ





သည်။

“ကိုကို့အတွက် မေ့ဘဝတသက်တာလုံး ပေးဆပ်ပါ့မယ် ဘယ်လိုဘဝမျိုးပဲ နေရပါစေ ... ဒေါက်တာမင်းထင်သော်ရဲ့ ဇနီး ယားတစ်ယောက် ဘဝကို ခံယူခွင့်ပြုပေးပါနော်”

မေ့ လုပ်ရပ်တွေအောက်တန်းကျချင်ကျမှာပါ။ စိတ်ဓာတ် တော့ မေ မြင့်မြတ်ထားချင်သည်။ တကယ်လို့ ကိုကိုနဲ့ မမပုံတို့ နိုင်းမရလည်း မေကတော့ ကိုကိုနှင့်လက်ထပ်ဖြစ်အောင် စည်ရမှာပဲဖြစ်စည်။

www.burmeseclassic.com

အခန်း ( ၁၄ )

"ပုံ့ဖေဖေ ကွယ်လွန်သွားပြီ ကိုယ် ... ဖေဖေ့အလောင်းကို ပြန်သယ်ရမယ့် ... ကိုယ်လိုက်ခဲ့ပါနော်"

ပုံ ငိုရှိုက်သံတွေရောထွေးလျက် သူ့ခေါင်းတွေမီးတောက်သွားမတတ်ခံစားလိုက်ရသည်။

"ဖေဖေ့ ခွဲစိတ်မှုက မအောင်မြင်ဘူး ကိုယ်ရယ် ... ပုံ မကယ်နိုင်တော့ဘူး ... ကိုယ် လာကူညီပါဦး ... ပုံ အားမရှိတော့ဘူး"

"ကိုယ်လာခဲ့မယ် ပုံ ... အားမငယ်ပါနဲ့ကွာ ... ကိုယ်ချက်ချင်းပဲ လိုက်လာခဲ့ပါ့မယ်"

သူဘယ်လိုမှ ငြင်းဆန်၍မရတော့ ပုံအခက်အခဲတွေ ဖြစ်နေသည်။ ယိုသူငယ်ချင်းတွေပဲ မဟုတ်လား ... မေ့ကို တောင်းဆိုမိ၏။ တရားဝင် လက်မထပ်ရသေးပေမယ့် မေနှင့် သူလင်မယားအရာမြောက်နေသည်။





"ပုံ အကူအညီတောင်းတယ် မေလိုက်ခဲ့ပါ ... ကိုကိုလိုက်သွားသင့်တယ် မဟုတ်လား"

"ကိုကို ... "

"မေ"

"ကျွန်မကို လက်ထပ်ပါ ... ကိုကိုပစ်သွားမှာကို ကျွန်မအရမ်းကြောက်ပါတယ် ... မေတို့ တရားဝင်လက်ထပ်ထားချင်တယ်"

"မေရယ် ... ကိုကိုနားလည်ပါတယ် ... မနက်ဖြန်ပဲ တရားရုံးမှာ လက်ထပ်ကြမယ် ... ပုံနဲ့ ညှိပြီးမှ မင်္ဂလာပွဲကျင်းပမယ်နော်"

"ကိုကိုရယ် ... မေ အရမ်းကြောက်လို့ပါ ... မေ့ကို စွန့်ပစ်သွားပါနဲ့နော်"

မေကတော့ ကိုကိုနှင့်လက်ထပ်ဖို့ မလွှဲမသွေကြိုးစားရတော့မည်ဖြစ်သည်။ မမပုံရောက်တော့မယ် ကိုကိုရင်ခွင်ထဲ တိုးဝင်ဖက်တွယ်၍ ရှု့နှဲ့ပြောဆိုရသည်။

"ပုံကို မိတ်ဆွေသူငယ်ချင်းအဖြစ် အကူအညီပေးတာပါ ... မေ့ကို ဘယ်တော့မှ မစွန့်ပစ်ဘူး ... ကိုကိုချစ်ရတဲ့ မိန်းကလေးပါကွာ"

မေ့ကို သူချစ်သည်။ သူ့နှလုံးသားတွေနှင့် ထပ်တူထပ်မျှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ မေ အတိတ်ကို သတိရလျှင်လည်း မေနှင့်ပတ်သက်သမျှ သူ ရင်ဆိုင်မည်ဖြစ်သည်။

"မေနဲ့ပတ်သက်သမျှ ကိုကိုရင်ဆိုင်မှာပါ ... မေက အပြစ်ကင်းစင်တဲ့ ကောင်မလေးလို့ ကိုကိုသတ်မှတ်ထားတယ် ..."

ကျွန်မက လုံးဝမရိုးသားဘူး ကိုကို ... ပိုင်းလုံးမ တ ယောက်ပါ ... ကျွန်မ အတိတ်တွေကို ကောင်းကောင်း သတိရနေ ပြီ ... နောက်နေ့တွင် ကိုကိုနှင့်မေတို့ တရားရုံးမှာ လက်မှတ် ထိုးလိုက်ကြသည်။

"ကျွန်မ တောင်းပန်ပါတယ် မမပုံရယ် ... တကယ့်ကို မ သာ မရှောင်သာလို့ပါ ... "

တွေးမိတိုင်း မမပုံအပေါ် သစ္စာမဲ့မိတာ မေ စိတ်ထိခိုက် ကြေကွဲရသည်။

"ပုံဆီ ကိုကိုလိုက်သွားရမယ် မေလေး စိတ်ချရဲ့လား ... ကိုကိုနဲ့ လိုက်ခဲ့ဖို့ ခေါ်ချင်တယ် ... ဒါပေမယ့် မဖြစ်နိုင်ဘူးလေ နိုင်ငံကူးလက်မှတ်လုပ်ဖို့ အခက်အခဲရှိတယ်"

"မေနားလည်ပါတယ် ကိုကိုရာ စိတ်ချလက်ချသွားပါ ... မမပုံကို အားလုံးကူညီလိုက်နော် မေစိတ်အေးရပြီလေ"

မင်္ဂလာအိပ်ခန်းကြီးကို လှပခမ်းနားစွာကို လိုက်ပြင်ဆင် ပေးသည်။ မေ့ကို ပျော်ရွှင်စေချင်တာပါပဲ ... မကြာခင် ကိုကို့





အဖြစ် တရားဝင်လူသိရှင်ကြား ကြော်ငြာပေးမှာပါတဲ့ မင်္ဂလာဦး အခန်းအနားလေးကို ခြံထဲမှာရှိနေကြတဲ့ သူတွေနှင့် ကျင်းပပြီး နောက်နေ့ ကိုကိုနိုင်ငံခြားကို ထွက်သွားသည်။

"မေ"

"ရှင်"

"ကိုကို့အချစ်တွေကို ယုံနော် ... ပုံနဲ့သူငယ်ချင်းအဖြစ်ထက် မပိုစေရပါဘူး ... ကိုကို ကတိပေးတယ်"

"ဟုတ်ကဲ့ပါ ... ကိုကို"

"မေ့ကို အရမ်းချစ်တယ်"

"မေလည်း ကိုကို့ကို အရမ်းချစ်တယ်"

မေနှင့်သူ အနမ်းတွေဖလှယ်ကြသည်။ မေ့ကို သူချစ်၏။ ပုံနှင့်ပြတ်သားစွာ ဆွေးနွေးဖို့လည်း ဆုံးဖြတ်ထားသည်။ သူ နိုင်ငံခြားကိုရောက်တော့ မေက လာကြိုနေ၏။ အနက်ကယ်စစ်နိုင် ရုပ်အလောင်းကို မြန်မာပြည်သယ်ဖို့ စီစဉ်ကြသည်။

"ပုံတာဝန်ကျေဖို့ပါတယ် စိတ်မကောင်းမဖြစ်နဲ့တော့နော်"

ကိုယ် ... ပုံချစ်ရတဲ့ ယောကျ်ားတစ်ယောက် ... အနက်တီ ဒေဝီက မကြာခဏ ဖုန်းဆက်ပြောနေတာက ကိုယ့်လိုချစ်သူကို အရယူထားတဲ့ ... ပြီးတော့ ကောင်မလေးတစ်ယောက်နဲ့ တွဲနေ တယ်တဲ့ ... မေပဲဖြစ်လိမ့်မယ် ပုံကလည်း ကိုယ့်အပေါ် ... ပေကွာ



www.burmeseclassic.com

www.burmeseclassic.com



ပြုထားမိတာတွေ ရှိနေသည်။ ဖေဖေဆုံးပြီ ပုံဘာတွေဆက်လုပ်ရမလဲ ... ကိုယ်နှင့်လက်ထပ်ဖို့ပဲ ရှိတော့၏။ ချစ်သူလိုက်လာ၍လည်း ပုံအားတက်မိနေသည်။

"ကိုယ် နေကောင်းရဲ့လား ... မျက်နှာလေးချောင်ကျနေသလိုပဲ ... အန်တီဒေဝီက ကိုယ့်ကိုလာနှောက်ယှက်သေးလား ... ပုံကတော့ မပတ်သက်ဖို့ ဝင်မရှုပ်ဖို့ ပြောထားတယ် ကိုယ့်ကို ပုံယုံတယ်"

လောလောဆယ်တော့ ပုံစိတ်ထိခိုက်ကြေကွဲနေသဖြင့် သူတို့ရဲ့ ချစ်သူဘဝအဆုံးသတ်ဖို့ မပြောလိုပေ။ ပုံကိုတွေ့ရတော့လည်း သူ့နှလုံးသားတွေ နာကျင်ကြေကွဲရသည်။

"ကိုယ့်ကို မယုံပါနဲ့ ပုံ ... ကိုယ်ကျင့်တရားပျက်ပြားပြီး သစ္စာမရှိတော့ဘူး ကိုယ်နဲ့မေ တရားဝင်လက်ထပ်လိုက်ပြီလေ"

သူ ပြောမထွက် ပုံ ဖေဖေ့ရုပ်အလောင်းအား မြန်မာပြည်သို့ သယ်ဆောင်လာ၍ ရေဝေးသုသာန်မှာ သင်္ဂြိုလ်သည်။ ဒေါ်ဒေဝီနိုင်လည်း သူ့ခင်ပွန်းနှင့်အတူတူ ရောက်လာ၏။ တည်ကြည်ခန့်ညားသော လူချောတစ်ယောက်ဖြစ်နေသည်။

"အန်တီဒေဝီကတော့လေ တူမလေးကို စောင့်ရှောက်ရမယ့်တာဝန်ရှိလာပြီမို့ အနီးကပ်နေရတော့မယ်"

သူ စိတ်အပျက်ဆုံးပင်။ ပုံနှင့် သူ့ကိုစွင်ဝင်စွက်ဖက်ဖို့ စကား





လမ်းစရှာလာသည်။ သူ ကင်းကင်းရှင်းရှင်းပဲ နေပစ်လိုက်၏။ မေ့ကို ဂရုစိုက်နေရသည်။

"မနက်ဖြန် အသုဘချမှာ မေ့လိုက်ပို့ပေးရမယ်နော် ... ဒေါ်ဒေဝီနိုင်တို့ လင်မယားလည်း ရောက်လာတယ် ... အဖွားကြီးက အမှန်အကန်ကို ရထားတာပဲ"

မေသိသည်။ ဒက်ဒီပါ လိုက်လာတာပဲ။ ဒေါ်ဒေဝီနိုင့်ဩဇာကို ဒက်ဒီမလွန်ဆန်နိုင်ခဲ့။ သမီးတစ်ယောက်လုံး ပျောက်သွားတာကိုပင် မရှာပေ။ ဖေဖေ ရက်စက်တယ်။ သမီးကို ဒရိုင်ဘာနဲ့လိုက်ပြေးတယ်လို့ပြောတာကို ဒက်ဒီလက်ခံနိုင်တယ်နော်။ မေ ငိုပစ်ချင်သည်။

"မေ ..."

"ဟင်"

"မနက်ဖြန် ကိုကိုနဲ့လိုက်ခဲ့နော် ... ပုံကလည်း မေးနေတယ်"

"ဟုတ်ကဲ့"

"ပုံကို မျက်နှာပူလို့လား"

"ဒေါ်ဒေဝီနိုင်နဲ့တွေ့ရမှာ မေကြောက်တယ် ... ကိုကိုနဲ့တွဲနေတဲ့ ကောင်မလေးဆိုပြီး စွပ်စွဲပြောဆိုနေမှာ"

"ဟုတ်ပါတယ်လေ ... မေမလာနဲ့တော့ သူတို့ပြန်သွားမှ



www.burmeseclassic.com

www.burmeseclassic.com



မမပုံကို တောင်းပန်လိုက်နော်"

"မေ လိုက်ပို့ချင်ပါတယ် ... ဒါပေမယ့် မမပုံမျက်နှာကို ရင်ဆိုင်ရမှာ မေကြောက်နေတယ်"

"မေရယ် ... "

မေ့ကိုယ်လုံးလေးကို သူပွေ့ဖက်ထားမိသည်။ အသက်အရွယ် ငယ်ပေမယ့် အိမ်ရှင်မအလုပ်တာဝန်တွေ မေ မညီးမညူ လုပ်နေ၏။ တား၍လည်း မရ။ မေ့လက်လေးတွေက နုဖတ်ဖျော့အိအိ ... ကိုကို့ ဝေယျာဝစ္စတွေကို မေလုပ်ပေးချင်လို့ပါဟု ပြောသည်။

"မေ ... "

"ရှင်"

"ကိုကို့ကိုချစ်လား ... "

"မေက မေးရမှာပါ"

"အရမ်းချစ်တယ် ... မြတ်နိုးတယ် ... ကိုကို့နှလုံးသားတွေထဲက အချစ်တွေအားလုံး မေ့ဆီမှာ ပုံထားတာ"

"ကိုကိုရယ် ... "

ဒေါ်ဒေဝီနိုင်က မကြာခင်ကိုကိုနှင့် မမပုံတို့ လက်ထပ်ဖို့ ကိစ္စကြိုးစားလာတော့မည်ဖြစ်သည်။ တွေ့ကြသေးတာပေါ့။ ဒေါ်ဒေဝီနိုင် ရှင့်တူမအတွက် ရွေးချယ်တဲ့ ခင်ပွန်းလောင်းက ကျွန်မ





ယောက်ျားဖြစ်နေပြီလေ။ မေက ပညာမတတ် ... လူအထင်ကြီးစရာလည်း မရှိ၍ ကိုကို့ကို ဆွဲဆောင်နိုင်ဖို့ အိမ်ရှင်မတာဝန်ကို နိုင်နင်းစွာ ယူနိုင်အောင် မေကြိုးစားသည်။ တစ်နေ့နေ့ ဒေါ်ဒေဝီနှင့် ရင်ဆိုင်ရမှာပဲ ဖြစ်၏။ မေ ကြိုတင်ပြင်ဆင်နေမည်။

"ကိုကို့အချစ်တွေကို အပြီးအပိုင် ရယူထားဖို့ပဲ"

ဖေဖေ့ကိုလည်း မေ မတွေ့တော့ပါဘူး ... ကိုကိုနဲ့အတူတူ အချစ်ရိပ်မြုံလေး တစ်ခု တည်ဆောက်နေဖို့ ဆုံးဖြတ်ထားသည်။ အသုဘချတာကို မေမသွားတော့ ... ရေဝေးသုသာန်ကို သွားဖို့ ကိုကို့ကားနှင့် လိုက်လာခဲ့သည်။ ကားပေါ်က မဆင်းခဲ့။

"မေ ကားထဲကပဲ စောင့်နေမယ် ကိုကို"

"မေ တစ်ယောက်ထဲ ဖြစ်မလား"

"ဖြစ်ပါတယ်"

ကိုကို ပြန်ထွက်သွားသည်။ ဒေါ်ဒေဝီနိုင်နှင့် ဒက်ဒီတို့ စုံတွဲရောက်လာကြ၏။ တသိမ့်သိမ့်ရှိုက်ငိုနေတဲ့ ဓနိုးကိုပွေ့ဖက်ချော့မော့နေသည်။

"သမီး တစ်ယောက်လုံးကိုတောင် မေ့ထားလိုက်ပြီလား ဒက်ဒီ ... ရက်စက်လွန်းပါတယ်"

ဒက်ဒီ ဝိုန်ချုံးသွားသည်။ အစ်ကိုရဲ့ အသုဘကိုလာတဲ့ ဒေါ်ဒေဝီနိုင် ခန္ဓာကိုယ်မှာ စိန်တွေသီးထနေ၏။ အသုဘကိစ္စပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကိုနှင့် ပြန်လာခဲ့လေသည်။

"ပုံက မေ့ကိုမေးနေတယ်"

"ခေါင်းသိပ်မကောင်းသေးလို့ ခေါ်မလာဘူးလို့ ပြောလိုက်တယ်"

"ကိုကို ... "

"မမပုံနဲ့ ဆွေးနွေးလို့ အဆင်မပြေရင်ရောဟင်"

"ကိုကို ရှင်းပြပါ့မယ် ... ပုံက ကိုကို့ကို နားလည်ပြီးသားလေ ... ဘာပဲဖြစ်ဖြစ် မေက ကိုကို့တရားဝင် ဇနီးပဲ ... မကြာခင် လူသိရှင်ကြား ကြေငြာမှာပါ"

"မေကြောက်လို့ပါ ... ကိုကို စွန့်ပစ်လိုက်မှာ မေကြောက်တယ် ... မမပုံ လက်ထဲကနေ မေက လုယူလိုက်တာလေ"

"မဟုတ်ပါဘူး ကိုကိုချစ်မိသွားတာပါ ... မေ အားမငယ်နဲ့ မေ့ကိုလေ ဘယ်လိုအကြောင်းနဲ့မှ ကိုကိုမစွန့်ပစ်ဘူး"

"ကိုကို့ကိုချစ်တယ် ... "

ကိုကိုက ကြင်နာတတ်သည်။ ကိုကို့ရင်ခွင်ထဲမှာ မေ တိုးဝင်နိုလှုံရင်း အင်အားတွေ တိုးပွားလာရ၏။ ခေါ်ဒေဝီနိုင်ကို စိန်ခေါ်ဖို့ထက် ကိုကို့ကို မေအရမ်းချစ်မိသွား၍လည်း ဖြစ်သည်။ အသုဘကိစ္စပြီးတော့ မမပုံက မေ့ဆီလာတွေ့၏။ မေ ရင်ဆိုင်ပစ်လိုက်သည်။





"ညီမလေး နေကောင်းလားကွယ် ... မမပုံနဲ့ မတွေ့ရတာကြာပြီနော် ... ပိုပြီးတောင် လှလာသလိုပဲ"

"ကျွန်မလေ မမပုံရဲ့ဖေဖေကိစ္စ မလာတာခွင့်လွှတ်ပါနော်"

"မမကို တောင်းပန်စရာတွေလည်း အများကြီးရှိပါတယ်၊ အားလုံးအတွက် မေအနူးညွတ်တောင်းပန်ပါတယ် ... မမပုံရယ်နော်"

"မမပုံက ခွင့်လွှတ်ပြီးသားပါ ညီမလေးရယ် ... ကျန်းမာရေးအတွက်ပဲလေ တောင်းပန်စရာမလိုပါဘူးနော်"

ပုံ စိတ်တွေထင့်လာသည်။ မေက ဘာကြောင့် အနူးညွတ်တောင်းပန်နေရတာလဲ။ ကိုယ့်အမူအရာတွေလည်း ပျက်နေသည်ဟု ထင်သည်။ ပြီးတော့လည်း ကိုယ့်ရဲ့ အပြုအမူတွေက နွေးထွေးမှုမရှိ။ စိမ်းကားအေးစက်နေ၏။ ပုံနဲ့ကိုယ် ပြတ်သားစွာ ဖြေရှင်းရမည်ဖြစ်သည်။

"ကိုယ် ... "

"ပုံ"

"မေ့ကိုပါ ခေါ်ပြီး အပြင်မှာ ညစာသွားစားကြရအောင် ... ပုံတို့ မထွက်တာ ကြာပြီလေ"

"မေ မလိုက်ပါဘူး ... မမပုံတို့ပဲ သွားကြပါနော်"

ကိုကို့ကို အပြတ်သားဆုံး ဖြေရှင်းခဲ့ဖို့ မေမှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမပုံဖေဖေ ကိစ္စပြီးသွားပြီ။ မကြာခင် ဒေါ်ဒေဝီနိုင်နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရမည်ဖြစ်လေသည်

"ကိုယ်တို့ပဲ သွားကြမယ်ပုံ ... "

ပုံ့ကိုခေါ်ပြီး မင်းထင်သော် အပြင်ထွက်လာခဲ့သည်။ မေ့ဆန္ဒအတိုင်း ပုံနှင့်အပြတ်သားဆုံး ဖြေရှင်းဖို့ ဆုံးဖြတ်ထား၏။ မေနှင့်တရားဝင် လူသိရှင်ကြား လက်ထပ်ဖို့ သူစီစဉ်ချင်နေသည်။

"ကိုယ် ... "

"ဟင် ... ပုံ"

"ကိုယ့်ဆီက စကားလုံးတွေ ပုံ ... နားထောင်ချင်တယ် ကိုယ်ပြောလေ ... "

"ဟုတ်တယ် ပုံ ... ကိုယ့်မှာ ပြောစရာစကားတွေရှိတယ် ကိုယ်တို့ လက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူးထင်တယ် ပုံရယ်"

"မေနဲ့ငြိသွားကြပြီထင်တယ် ပုံလည်း ထင်ထားပါတယ်"

"ဟုတ်တယ် ပုံ ... ကိုယ် သစ္စာမဲ့မိသွားတယ်၊ မေနဲ့ ငြိစွန်းမိလို့ ကိုယ်လက်ထပ်လိုက်တယ်လေ"

ပုံထင်သည်။ ဒါပေမယ့်လည်း ကိုယ့်ကိုတော့ အပြစ်မတင်လိုပေ။ ပုံ့အမှားတွေပဲ ဖေဖေ့ကျန်းမာရေးကြောင့် ကိုယ်နှင့်စေ့စပ်ထားဖို့ပင် ပုံလက်မခံခဲ့ပေ။ နောက်ဆံမတင်းလို၍ ဖြစ်သည်။

"ကိုယ်တို့ မိတ်ဆွေသူငယ်ချင်းတွေ အဖြစ်ပဲဆက်ခံကြရ





အောင်နော်ပုံ ... အမိက အပြစ်ရှိသူက ကိုယ်ပါပဲ ... ခေတ
ယ်ရှယ်တယ်လေ ... အားကိုးရာမဲ့နေလို့ ကိုယ့်ဆန္ဒတွေကြားထဲ
မျောဝင်ရတာပါ"

ကိုယ်က မေ့ကိုတော့ ချစ်မြတ်နိုးပုံပင်။ အသက်အရွယ်အရ
ရော အလုပ်တာဝန်တွေနှင့် ပုံနဲ့ကိုယ် ချစ်သူဘဝကို ပြည့်ပြည့်ဝဝ
ခံစားနိုင်ခြင်း မရှိခဲ့ကြ။ ပုံ နှလုံးသားတွေ နာကျင်ရသည်။

"ပုံ သဘောတူပါတယ် ... ကိုယ့်ကိုလည်း အပြစ်မတင်ရက်
ပါဘူး ပုံဘက်က ချို့ယွင်းချက်ရှိနေခဲ့တာလေ ... ကိုယ်နဲ့မေ
လက်ထပ်တာ ပုံသဘောတူတယ်"

"ပုံရယ် ... "

သူ လုံးဝ နှောင်တမရခဲ့။ မေ့ကိုချစ်သည်။ ပုံနဲ့မိတ်ဆွေ
သူငယ်ချင်းအဖြစ်က အသင့်တော်ဆုံးဖြစ်သည်။

"ကဲပါ ... အားလုံးမေ့ပစ်ကြမယ် ... သူငယ်ချင်းတွေအဖြစ်
ပြန်ပြီး အသိအမှတ်ပြုလိုက်ကြရအောင်နော် ... မင်းထင်"

"ပုံ ... မင်း ... မင်းတကယ်ပဲ စိတ်သဘောထားပြည့်ဝ
တာပါပဲလားကွာ ... ကိုယ့်ကို မချစ်တဲ့သဘောလား မင်းနည်းနည်း
လေးမှ ခံစားချက်မရှိသလိုပဲ"

"ပုံက စိတ်ပြတ်တယ်လေ ... ဖေဖေ ကိစ္စကြောင့်လည်း
ကိုယ်နဲ့ လက်ထပ်ဖို့ ပုံမလိုက်လျောနိုင်သေးပါဘူး ... ကဲပါ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ကအတိုင်းပဲ သူငယ်ချင်းတွေအဖြစ်ပဲ ခရီးဆက်ကြမယ် ... မင်းထင်သော်"

သူ့ရင်တွေ ပေါ့ပါးသွားသည်။ မေလည်း ဘယ်လောက်အထိ စိတ်ပျော်ရွှင်သွားမလဲ ... ချစ်ရတဲ့ မေ့ကို အနှောင်အဖွဲ့မရှိ ချစ်ခွင့်ရ၍လည်း သူ ပျော်ရွှင်ရသည်။ မေ့ကို သူ့ဇနီးအဖြစ် မင်္ဂလာဆွဲကျင်းပမည်ဖြစ်၏။ မေ့ဆီ ပြန်ဖို့ သူစိတ်တွေ အပြင်းပြဆုံး ဖြစ်နေလေသည်။

အခန်း ( ၁၅ )

"ညည်းတော်တော် အသုံးမကျတာပဲ ... ဒေါက်တာမင်းထင်သော်လို ယောကျ်ားတစ်ယောက်ကိုများ ညည်းအမိဖမ်းရမှာလေ"

"ပုံ့ ကိစ္စတွေထဲ ဝင်ပါလို့မဖြစ်ဘူး ... အန်တီဒေဝီ ... တောင်းပန်ပါတယ်နော် ... ကျေးဇူးပြုပြီး ပြန်ပါတော"

ဒေါ်ဒေဝီနိုင် ဒေါသဖြစ်ရသည်။ ပုံအတွက် ဒေါက်တာမင်းထင်သော်က အလိုအပ်ဆုံးပါ။ အေးစက်စက်နှင့် သဘောကောင်းတဲ့ ... ရိုးရိုးအအကို အားမလိုအားမရ ဖြစ်ရသည်။

"ညည်းအလိုက်တာ မောင်မင်းထင်သော်မှာ ပြဿနာတက် ... မိဘလည်း မရှိဘူး ... အထူးကုဆရာဝန်ပေါက်စ ချမ်းလည်း ...သာတယ် ဒါကိုများ ... "

"ပုံလေ ... ယောကျ်ားတစ်ယောက်ကို အမိဖမ်းပြီး မယူချင် ...ဘူး ... ပုံ စိတ်ထဲမှာ ဖေဖေ့ကို မေ့ပျောက်လို့ မရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကို သတိရတာများအေ ယောကျ်ားယူပြီးလည်း သတိရလို့ရတာပဲ ... အသုံးမကျလိုက်တာ"

"အန်တီဒေဝီ ပြီးတာတွေ ပြီးပါစေတော့ ... ကိုယ့်ကို အဲ မင်းထင်သော်ကိုသွားပြီး မနှောက်ယှက်ပါနဲ့ ပိုတို့သူငယ်ချင်းအဖြစ် ရှေ့ဆက်ဖို့ သဘောတူထားတယ်"

"ဖြစ်မှ ဖြစ်ရလေ ပုံရယ် ... အဓိပ္ပါယ်မရှိလိုက်တာ"

"ပုံ သဘောဆန္ဒအတိုင်းပဲ လုပ်ပါရစေ အန်တီဒေဝီ ... ပြန်ပါ တော့"

ဒေါ်ဒေဝီနိုင်ကတော့ မပြန်နိုင်သေးဘဲ ... မောင်မင်းထင် သော်ကို ဖိအားပေးရန် ဆုံးဖြတ်ထားသည်။ ဒီလိုယောကျ်ားမျိုးကို များ လက်လွှတ်ခံရတယ်လို့ မရဘူး ... မိမိကိုယ်တိုင် ဝင်ရောက် စွက်ဖက်ဖို့ ဆုံးဖြတ်လိုက်၏။ မောင်မင်းထင်သော် အိမ်လိုက်လာ ခဲ့သည်။

"တီ ... တီ"

"တီ ... "

ဒေါ်ဒေဝီနိုင် ကားဝင်လိုက်သည်နှင့် ကောင်မလေးတစ် ယောက်ကို တွေ့ရသဖြင့် အပြုံးအပြုံလိုက်ကြည့်လိုက်ရာ အံ့သြ တုန်လှုပ်သွားရ၏။ မေနှင်းမှုံလွှာပဲ ... ကြည့်စမ်း ဒီကောင်မလေး ဘာဖြစ်လို့ ရောက်နေရတာလဲ ... ဒေါ်ဒေဝီနိုင် ကားကိုထိုးရပ်ပစ်





လိုက်သည်။

"မေနှင်းမှုံလွှာ ... ညည်းက ဒီရောက်နေတာကိုး ... "

ကိုကိုရှိနေ၍ ဒေါ်ဒေဝီနိုင်အား ဘာမှတုန့်ပြန်မပြောတော့ဘဲ ရင်ဆိုင်လိုက်သည်။

"မောင်မင်းထင်သော် ... မင်း မင်း ဒီဟာမလေးနဲ့"

"မေက ကျွန်တော့်ဇနီးပါ အန်တီဒေဝီ"

"ဘာ ... ဘာပြောတယ်"

ဒေါ်ဒေဝီနိုင် တုန်လှုပ်ချောက်ခြားသွားတာကို မေတွေ့ လိုက်ရသည်။ ပျော်လိုက်တာ ... မေ စူးစူးစိုက်စိုက်ပဲ ကြည့်ပစ်လိုက် ၏။ ကိုကိုက မေ့ကို ကာကွယ်ထားလေသည်။

"ငါ့တူမကို မင်းအရှက်သိက္ခာကျအောင်လုပ်တာပဲ မင်းထင် သော် ... ဒီကောင်မလေးက ငါ့သမီးပဲ ... မင်းကို ဖြားယောင်းသွေး ဆောင်လက်ထပ်မှုနဲ့ တရားစွဲရမယ်"

"မေ ... "

"ဟင် ... "

"သူ့ကို သိလား"

"ဟင့်အင်း ... "

"ညည်းက အတိတ်မေ့နေတာလား ... မေနှင်းမှုံလွှာ ညည်း ဒရိုင်ဘာတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးသွားတာလေ ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာလဲ ညည်းယောကျ်ားကိုတောက် ... ”

“သူ ... သူ ဘာတွေလာပြောနေတာလဲ ကိုကို ... ဘယ်သူလဲ ... အား မေ့ခေါင်းတွေ မူးလာပြီ”

“ဒေါ်ညွှာ ... ဒေါ်ညွှာ လာပါဦး ... ”

“လာပါပြီ မောင်မင်းထင်”

“မေ့ကို အထဲခေါ်သွားပါ ... အနားယူပါစေ”

“ဟုတ်ကဲ့ ... ”

“မေ့ အနားယူနေနော် ... ဘာမှ မတွေးနဲ့ မေ့ရှေ့မှာ ကိုကိုကာကွယ်ပေးနေပါ့မယ်”

“ကိုကိုရယ် မေကြောက်တယ် ... သူ သူက မမပုံအခေါ်မဟုတ်လား ... မေနဲ့ မဆိုင်ဘူး ... လုံးဝ မပတ်သက်ခဲ့တာပါ”

“ကိုကိုအားလုံး ဖြေရှင်းပေးမယ်နော် မေ ... မကြောက်နဲ့ မေ့ကို ဘယ်သူမှ စော်ကားလို့ မရဘူး”

ဒေါ်ညွှာက မေ့ကိုတွဲ၍ တိုက်ကြီးထဲပြန်ဝင်သွားသည်။

“ဒီကောင်မလေးက ငါ့လင်ပါသမီးပဲ မင်းထင်သော် ... မင်းလို ဆရာဝန်တစ်ယောက်ကများ ... မင်းကို ငါတရားစွဲမယ်”

“အန်တီဒေဝီ ကြိုက်သလိုလုပ်ပါ ... ကျေးဇူးပြုပြီး ဒီခြံထဲကနေ ထွက်သွားပေးပါ”

“ငါ့တူမလေးက ဖူးဖူးစင်စင် ချောချောလေး ... ဒီဟာမက





ဒရိုင်ဘာ ကိုတောက်နဲ့ ခိုးရာလိုက်ပြေးသွားတာပဲ ... မင်း အမှုပတ်မယ် မင်းထင်သော်”

“အဲဒါ ကျွန်တော့်ကိစ္စပါ ... မေ့ကို ဒဏ်ရာတွေနဲ့လမ်းမှာ လဲကျနေလို့ ကျွန်တော် ကားပေါ်တင်ခေါ်လာခဲ့တာပါ ... အဲဒီကိစ္စရဲ့ကို တိုင်ရမယ် ... မေဘာတွေ ဖြစ်လာလဲလို့လေ”

ဒေါ်ဒေဝီနိုင် ပြောမယ့်သာပြောတာ အမှုဖြစ်လို့မရဘူးဆိုတာသိသည်။ မိမိက ဒရိုင်ဘာနှင့် လွှတ်ပေးခဲ့၏။ မေ လူလယ်မငါ့ တူမလက်ထပ်မယ့် ယောကျ်ားတစ်ယောက်ကိုများ ညည်းက လက်ထပ်ယူရတယ်လို့ ဒေါသတွေ ထွက်နေရသည်။

“သူ ... သူ့ကို ငါပြန်ခေါ်သွားမယ် ... ငါ့သမီးပဲ မင်းက အတိတ်မေ့နေတဲ့ ကလေးကို လက်ထပ်ရလား ... သူ့ဒက်ဒီကို ခေါ်လာခဲ့မယ် ... ဖြားယောင်းသွေးဆောင်မှုနဲ့ တရားစွဲမယ်”

“အန်တီဒေဝီ သဘောပဲ ... ကျွန်တော်ပိုင်နက် ကျူးလွန်မှုနဲ့ တရားမစွဲခင် အန်တီဒေဝီ သမီးဆိုရင် သူ့ဒက်ဒီကို ခေါ်လာခဲ့ပါ ကျွန်တော် တွေ့ချင်ပါတယ်”

“တောက် ... ”

ဒေါ်ဒေဝီနိုင် ဒေါသတကြီးနှင့် ပြန်ထွက်လာခဲ့သည်။ မိမေနှင်းမှုံလွှာ ညည်းကများ ငါ့တူမလက်ထပ်မယ့် ယောကျ်ားကို ဘာမှ ရာ မလုပ်ဘူး ... ဒရိုင်ဘာနဲ့ပဲ တန်တယ် ... ဘယ်လိုလုပ်ရမလဲ



www.burmeseclassic.com

www.burmeseclassic.com



မိမိတည်းခိုရာသို့ ပြန်လာခဲ့သည်။

"ကိုပန်းတိုင်ကို ပြောလို့မဖြစ်ဘူး ... ခင်းသမီးကောင်းစား နေတာကို ပြောပြရင် ကြိတ်ဝမ်းသာမှာ ... မဟုတ်သေးဘူး ... ပြောရမယ် ဒီကောင်မဒရိုင်ဘာ မယားပဲဖြစ်ရမယ်"

သူမ ပြောပြီး ခင်းသမီးကို ပြန်ခေါ်သွားဖို့ပဲ ဆုံးဖြတ်သည်။

"ဒေဝီ မင်း ဘာဖြစ်လို့ ဒေါသထွက်နေရတာလဲ"

"ကိုပန်းတိုင်"

"ပြော ... "

"ရှင့်သမီးကိုတွေ့ပြီ ... အတိတ်မေ့နေတယ်လေ"

"ဘာပြောတယ် ... မင်းပြောတော့ ဒရိုင်ဘာကိုတောက်နဲ့ လိုက်ပြေးတယ်ဆို"

"မဟုတ်ဘူး ... အခုတွေ့ပြီ ... ဒေဝီတို့ ပြန်ခေါ်ရမယ်"

သမီးလေးကိုတွေ့ပြီဆိုတော့ မိမိဝမ်းသာမိသည်။ ဒရိုင်ဘာကိုတောက်နှင့် မဟုတ်ဘူးဆိုတာ အစောကြီးထဲက သိထားပေမဲ့ ဒေဝီကို မလွန်ဆန်နိုင်၍ မိမိကြိတ်ရှာနေခဲ့သည်။

"သမီးကိုတွေ့ရင်တော့ ပြန်ခေါ်ရမှာပဲ ... အတိတ်မေ့နေ တာဆိုတော့ အကျိုးအကြောင်းမေးရမယ် ဒေဝီ"

ခင်းက အတိတ်မေ့နေတယ်ဆိုတော့ ဘာမှပြောနိုင်မှာ မဟုတ်ဘူး ... တစ်နည်းနည်းနဲ့ ကိုတောက်လက်ထဲ ပြန်ထည့်ရ





မယ်။

"ရှင့်သမီး ရောက်နေတာက ကျွန်မတူမလက်ထပ်မယ့် ဒေါက်တာမင်းထင်သော်ဆီမှာ"

"ဟင် ... "

ဒေဝီ ဒီလောက်ဒေါသထွက်နေတာ သူ့တူမကြောင့်ကို ... ပုံ ခင်ပွန်းလောင်းက လက်ထပ်ဖို့ ငြင်းဆန်ခဲ့သည်။ မိမိသမီးလေး နဲ့ကိုကျတော့ ဒရိုင်ဘာလက်ထဲ ထိုးအပ်၏။ ဦးပန်းတိုင် မကျေနပ် ပေမယ့် ဒေဝီ့ကိုမလွန်ဆန်နိုင် ငြိမ်နေရသည်။

"ကိုပန်းတိုင်"

"ပြော"

"ရှင့်သမီးကို ပြန်ခေါ် ... ကျွန်မတူမ ခင်ပွန်းလောင်းနဲ့ လက်ထပ်တာ လက်မခံနိုင်ဘူး"

ကိုပန်းတိုင်ကိုပဲ မိမိအကျပ်ကိုင်ဖို့ပဲ စဉ်းစားထားသည်။

"ဒေဝီ့အကြောင်းသိတယ်နော် ... ရှင့်သမီးက ကျွန်မတူမ အနာဂတ်ကို ဖျက်ဆီးပစ်လိုက်တာပဲ ... ရှင်ပြန်ခေါ်ပါ"

"ကိုယ် သမီးနဲ့တွေ့ချင်တယ် ... မင်းသဘော အတိုင်း ကိုယ်လုပ်ပေးပါ့မယ် ဒေဝီ"

ဒေဝီ့ကို မိမိမဆန့်ကျင်ရဲပေ။ မိမိဂုဏ်သိက္ခာအတွက်ပါ ဒေဝီ့ မိန်းမယုတ်မ မိမိဘဝကို အဆုံးသတ်ဖို့အတွက် သမီးရှေ့ရေးကို



www.burmeseclassic.com

www.burmeseclassic.com



အရင်ဆုံး လုပ်ဆောင်ပေးခဲ့ရမည်ဖြစ်သည်။

"ပြောထားပြီးပြီနော် ... ရှင့်သမီးကို ဘယ်လိုအကြောင်း တွေပဲရှိရှိ ပြန်ခေါ်ရမယ် ဒါပဲ"

"ကောင်းပါပြီ ဒေဝီ ... ကိုယ်သိပါတယ် မင်းကိုဘယ်လိုလုပ်ပြီး ကိုယ်လွန်ဆန်နိုင်မလဲ"

မိမိ အချိုသတ်ပြီး ဒေဝီ့ပခုံးလေးကို ဖက်သည်။ ဒီတစ်ခါတော့ မင်းအလှည့်ပဲ ဒေဝီနိုင် ... ဦးပန်းတိုင် စိတ်ထဲကနေ ကြိမ်းဝါးနေမိ၏။ သမီးလေးကို တွေ့ချင်၍ ဒေဝီ့ကိုချော့မော့ကာ လိုက်လာရသည်။ သမီးလေးနေထိုင်တဲ့ ခြံကြီးဝန်းကျယ် ချမ်းသာတဲ့အသိုင်းအဝိုင်းဖြစ်နေ၍ စိတ်အေးရသည်။

"ခြံကြီးဝင်းကျယ် တွေ့ရလို့ ရှင့်သမီးကို ထားခဲ့မယ်လို့ မစဉ်းစားနဲ့နော် ... အရခေါ် ဒေဝီ့အမိန့်ကို နာခံ"

"အေးပါကွာ ... ဒေဝီ့ဆန္ဒတွေအတိုင်းပဲ အားလုံးဖြစ်စေမယ် ... စိတ်ချ"

"ပြီးရော ... "

တိုက်ကြီးထဲရောက်တော့ သမီးကိုစောင့်ရှောက်ထားတဲ့ ဒေါက်တာမင်းထင်သော်နှင့် တွေ့ရသည်။

"ဒါက ငါ့ယောက်ျားပဲ ... မေ့ရဲ့ ဒက်ဒီ သူက မင်းထင်သော်တဲ့ ဒေဝီ့တူမရဲ့ ချစ်သူလေ"





"တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ် ... တကယ်တော့ မေက ကျွန်တော့် ဇနီးဖြစ်နေပြီ မေ့မှာ တရားဝင်လင်ယောက်ျား မရှိဘူးဆိုရင် ကျွန်တော်ပဲစောင့်ရှောက်ထားပါရစေ"

"မေ့မှာ ယောက်ျားရှိတယ် ... ကိုတောက်တဲ့ ဟုတ်တယ်နော် ကိုပန်းတိုင် ပြောလိုက်လေ ... "

မိမိက မရှိပါဘူး မောင်ရင်ပဲ စောင့်ရှောက်ပါဟု ပြောလိုက်ချင်ပေမယ့် ဒေဝီ့ကို ကြောက်ရသည်။

"ဟုတ်ပါတယ် မောင်ရင် ... အပြစ်မတင်ချင်ပေမယ့် သမီးကို ပြန်ခေါ်သွားပါရစေ"

"မင်းကို တရားမစွဲဖို့ အန်တီဒေဝီတောင်းပန်ထားရတယ် မေရော ... "

ဒေါ်ညွှာက မေ့ကိုဖေးမလျက် အောက်ထပ်သို့ ခေါ်လာခဲ့သည်။ ဧည့်ခန်းမှာရှိတဲ့ လူတွေကို မသိဘဲ ကြောင်စီစီကြည့်နေ၏။ မေ့မှာ အိမ်ထောင်ရှိတယ်ဆိုတာကို သက်သေအထောက်အထားနိုင်လုံမှ ယုံကြည့်မည်ဖြစ်သည်။

"သမီး မေ ... ဒက်ဒီလေ မှတ်မိတယ်မဟုတ်လား"

ဒက်ဒီ သမီးကိုတွေ့လို့ဝမ်းသာသွားတာ ဟန်ဆောင်တာမဟုတ်လား ... မေ ခေါင်းခါပြလိုက်သည်။

"မသိဘူး ... မေ လုံးဝမသိတာပါ ... စဉ်းစားလို့မရဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုကို သူတို့တွေ ဘယ်သူတွေလဲ မေကြောက်တယ်"

ဒေါ်ဒေဝီနိုင်မျက်နှာကြီးက စူတင်းပုတ်သိုးနေသည်။ မေ ပျော်လိုက်တာ ရှင်ကြီးကို ဒီထက်ပြဿနာရှာပစ်မယ် … ဒေါက်တာမင်းထင်သော်နဲ့ ရှင့်တူမ ဘယ်လိုအကြောင်းနဲ့မှ လက်မထပ်စေရဘူး … ဒက်ဒီကိုလည်း မေအားမကိုးပါဘူး … ဒေါ်ဒေဝီနိုင်ဘက်ကပဲ လိုက်နေသည်။

"မေ … ညည်းမလိုက်လို့ မရဘူးနော် … ညည်းမှာ ယောကျ်ားရှိတယ် … ကိုတောက်တဲ့ ဒေါက်တာမင်းထင်သော် အချုပ်ထဲရောက်သွားမယ်နော်"

လူလိမ်မကြီးပဲ ကျွန်မကိုအတိတ်မေ့နေတယ်လို့ ထင်နေတာလား။

"ကျွန်မ သူတို့လက်ထဲမအပ်လိုက်ပါနဲ့ ကိုကိုရယ်နော် … မေ့ကိုချစ်တယ်ဆို မေ့ကို လုံးဝမခွဲဘူးဆို မေက ကိုကို့မိန်းမလေ"

မေ့အသံတွေက ကြောက်ရွံ့တုန်လှုပ်နေသည်။ ကိုကို့ကို အားကိုးတကြီး ဖက်တွယ်ထားခဲ့၏။ ဒက်ဒီ သမီးအပေါ် မရက်စက်ပါနဲ့နော် … ဒေါ်ဒေဝီနိုင်ရဲ့ ရက်စက်ယုတ်မာမှုတွေ ပြောပြရင်လည်း ဒက်ဒီက ဒေါ်ဒေဝီနိုင်ကိုပဲ ကာကွယ်ပေးမှာ မဟုတ်လား။

"သမီး ပြန်လိုက်ရမယ် … မလိုက်လို့ မဖြစ်ဘူးနော် ဒက်ဒီနဲ့ အခုလိုက်ခဲ့"





"မလိုက်ဘူး … မလိုက်ဘူး … ဒီလူတွေကို မေကြောက်တယ် … မောင်းထုတ်ပစ်လိုက်ပါ ကိုကိုရယ်နော် အီး … ဟီး"

မေ ချုံးပွဲချငိုတော့ ကိုကိုကပြာပြာသလဲနှင့် မေ့အားပွေ့ဖက်ထားသည်။ ဒေါ်ဒေဝီနိုင် မျက်ဝန်းတွေက ကြောက်စရာကောင်းလောက်အောင် တင်းနေ၏။ ဒေါ်ဒေဝီနိုင် ဘယ်လိုပဲ ခြိမ်းခြောက်နေပါစေ။ မေ မလိုက်ခဲ့ … ဒက်ဒီက နောက်လာခေါ်ဦးမည်ဟု ပြော၍ ပြန်သွားသည်။

"ကိုကို … "

"မေ … "

"ကျွန်မ ကြောက်တယ် … ကျွန်မကို စွန့်ပစ်မသွားပါနဲ့ … ကိုကို့ကို ကျွန်မ အရမ်းချစ်တယ် ကိုကိုနဲ့ပဲ မေနေပါရစေ"

"မေရယ် … ကိုကိုတာဝန်ယူပါတယ် … ဒေါ်ဒေဝီနိုင်ပြောတိုင်း ကိုကိုမယုံပါဘူး … သေသေချာချာ အထောက်အထားပြမှပါ မေအားမငယ်နဲ့နော်"

ဒေါ်ဒေဝီနိုင်အား အနိုင်ရလိုက်၍ မေပျော်ရွှင်ကျေနပ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

"ဒေါ်ဒေဝီနိုင် ... "

"ဟင် ... ညည်း ညည်းမေနှင်းမှုံလွှာ ... ကျုပ်ကိုများ ရာရာစစ ဘယ်လိုခေါ်လိုက်တာလဲ"

"ကျွန်မ အတိတ်ကို ပြန်သတိရနေတာ ... ရှင်ကြီးကိုတွေ့လိုက်ပြီးထဲကလေ"

"ဘာပြောတယ်"

"ကျွန်မ အတိတ်ကိုပြန်သတိရခြင်းမှာပဲ ကံဆိုးသွားသူက ရှင်ကြီးတို့မ ပုံလေ"

"ညည်း ... ညည်း အကြံပက်စက်လှချည်လား ... မေနှင်းမှုံလွှာ ညည်းလိုကောင်မကများ ... "

"ကျွန်မ ဆုံးဖြတ်လိုက်တယ် ရှင်လမ်းစဉ်အတိုင်းပဲ ... ရှင်တို့မလက်ထဲကနေ ကိုကို့ကို ပြောင်လုယူပစ်လိုက်တာပဲလေ"





"နင် ... နင်"

"ဟင်း ... ဟင်း ... ဟင်း"

မေ သဘောကျစွာရယ်မောပစ်လိုက်သည်။ ဒေါ်ဒေဝီနိုင်ဆီမေ ဖုန်းဆက်လိုက်၏။ ဒက်ဒီ့ကို မဆက်သွယ်ပါဘူး ... ဒေါ်ဒေဝီနိုင့် အမိန့်ကို နာခံနေရ၍ဖြစ်သည်။

"ကျွန်မကို အိပ်ဆေးခပ်ပြီး ဒရိုင်ဘာကိုတောက်နဲ့ အိပ်ခန်းထဲမှာ လွှတ်ပေးခဲ့တာလေ"

"ဘာ ... ဘာပြောတယ်"

"ကျွန်မ တရားဝင်ယောက်ျား မရှိဘူးနော် ... ရှင်ကြီးလာနှောက်ယှက်ဖို့ မကြိုးစားပါနဲ့ ... သက်ဆိုင်ရာကို အားလုံးဖွင့်ပြောရလိမ့်မယ်"

"ညည်း ... ညည်း အကောက်ကြံတဲ့ ပိုင်းလုံးမပဲ"

"ရှင့်ကို အတုယူတာလေ ... ကျွန်မ မာမီရဲ့ အသက်ရှူတဲ့ အောက်စီဂျင်ပိုက်ကို ရှင်ဖြုတ်လိုက်တာပဲ ... ဒက်ဒီတောင်းပန်ထားလို့ ... ကျွန်မ ငြိမ်နေခဲ့တာပါ"

ဒေါ်ဒေဝီနိုင်ကို အကြီးအကျယ်ခြိမ်းခြောက်လိုက်သည်။ မေနှင်းမှုံလွှာက အရင်ကလို တေနုံးအေ ဒက်ဒီ့မျက်နှာထောက်ထားနေမှာ မဟုတ်တော့ဘူး ...

"ကျွန်မကို ထပ်နှောက်ယှက်နေရင် ရှင်ကြီးအရှက်ကွဲတက်



www.burmeseclassic.com

www.burmeseclassic.com



ဝက်ကွဲအောင် ခွဲပစ်ရမယ် မေနှင်းမှုံလွှာကို လျှော့တွက်မထားနဲ့နော် ... ရှင်ကြီးက ဒရိုင်ဘာလက်ထဲ အပ်ပေမယ့် ကျွန်မက်က ဆရာဝန်ကတော်က်ဇာတာပါ"

"တောက် ... "

ဒေါ်ဒေဝီနိုင် ဒေါသတွေ ပေါက်ကွဲနေသည်။ မေနှင်းမှုံလွှာကိုလည်း အရမ်းပြဿနာမရှာရဲ ... ဒီကောင်မလေး မိန်းမလည်ဖြစ်နေ၏။ နင့်ကို ငါက ဒီအတိုင်းလွှတ်ထားပေးမယ်ထင်လား ... မင်းထင်သော်ရဲ့ အမုန်းတွေကို နင်တစ်နေ့ရစေမယ် ... မေရဲ့ ရယ်မောသံတွေ ဒေါ်ဒေဝီနိုင် နှလုံးသားတွေကို ချွန်ထက်တဲ့ အပ်တစ်ချောင်းနှင့် ထိုးဆွပစ်လိုက်သလိုပင် ... ဒေါသ အမျက်တွေချောင်းချောင်းထွက်နေသည်။

"ဒေါက်တာမင်းထင်သော်က ကျွန်မကို အရမ်းချစ်တယ် ဖူးစာဖက်တွေထင်တယ် ... မမျှော်လင့်ပဲ တွေ့ဆုံကြပြီး အရမ်းချစ်သွားကြတယ်"

"ညည်းလုပ်ထားဦးပေါ့ မေနှင်းမှုံလွှာ ... ကျုပ်ကိုညည်း တစ်ခုခုလုပ်တာနဲ့ ညည်းဒက်ဒီဘဝ တစ်ခုလုံးမြောင်းထဲရောက်သွားအောင် လုပ်ပစ်မယ် ... "

"ဒက်ဒီက ကျွန်မဘဝထဲမှာ မရှိဘူးနော် ... ရှင်ထောင်ထဲမရောက်ဖို့ပဲ အနေအထိုင်ဆင်ခြင်ပါ ... ဒေါက်တာမင်းထင်သော်





က ကျွန်မကိုစွန့်ပစ်မှာ မဟုတ်ဘူးနော်"

"တောက် ... "

"ဒေါက်တာက ဒေါ်ဒေဝီနိုင့် တွမခင်ပွန်းလောင်းမို့ ကျွန်မ အပိုင်ချိုင်ပစ်လိုက်တာပါနော် ... မမပုံ ကံဆိုးတာက ရှင့်ကြောင့်ပဲ ကျွန်မနဲ့ထိုက်တန်တာက ဒရိုင်ဘာမဟုတ်ဘူးနော် ... ချမ်းသာကြွယ်ဝတဲ့ ဆရာဝန် ... စည်းစိမ်တွေ အပြည့်နဲ့ ... ကျွန်မလုပ်တာ တရားမျှတပါတယ်"

ဒေါ်ဒေဝီနိုင် ဇွေ့ဇွေ့ခုန် ဒေါသတွေထွက်နေရသည်။ ကိုတောက် အသုံးမကျတာပဲ ဒီဟာမကို ဖျက်ဆီးပစ်ရမျှာ မေ့ကို ဘယ်လိုဒုက္ခပေးရမလဲ ... ဒင်းကို မောင်မင်းထင်သော် အထင်လွဲအောင် လုပ်ရမယ် ... ညည်းကောင်းစားနေတာကို ကျုပ်ကြည့်မနေနိုင်ဘူး ပေါ်ပေါ်တင်တင်ကြီးလည်း လက်တုန့်မပြန်နဲ့။

"ဒေဝီ ... "

"ဟင်"

"မင်းတစ်ယောက်ထဲ ဘာတွေဒေါသဖြစ်နေရတာလဲ ... သမီးကို ကိုယ်ပြန်ခေါ်မလို့လေ ... "

"ခေါ်စရာမလိုတော့ဘူး ... သူ့ဟာသူ နေပါစေတော့ ... ကျွန်မတို့ပြန်မယ် ... "

"ဘာဖြစ်လို့လဲ ... မိန်းမရာ သမီးပြန်လိုက်လာရေးပျမယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တာဝန်ထားပါ”

“မခေါ်တော့ဘူး ရှင့်သမီးက မိန်းမလည်မ အတိတ်ကို ပြန်သတိရနေပြီ ... ”

“ဟင် ... ”

“အဖေကိုတောင် မသိဘူးလုပ်နေတာ”

ဦးပန်းတိုင် စိတ်ထဲမှာကြိတ်ပြီးဝမ်းသာနေသည်။ သမီးဘဝအတွက် စိတ်ပူနေတာပါ ဒေဝီနိုင်ဘာတွေ ဆက်ပြီး ယုတ်မာဦးမလဲ သူ့တူမ လက်ထပ်မယ့်ယောကျ်ားကို သမီးက အရယူလိုက်တာပါ ဒေဝီနိုင်လက်ပိုက်ကြည့်နေမှာမဟုတ် ... သမီးအတွက် စိတ်ပူသည်။

“ပြန်မယ် ... ပြန်မယ် မိန်းမလည်မ တစ်နေ့ကျရင် ဒေဝီနိုင်အကြောင်း သိစေရမယ်”

ဦးပန်းတိုင်က ဘာမှမပြောတော့ ... ဒေဝီနိုင်အကြောင်း မိမိအသိဆုံးပါ။ ယုတ်မာကောက်ကျစ်တဲ့နေရာမှာ နှစ်ယောက်မရှိ ဒီတစ်ခါတော့ ငါ့သမီးလေးရဲ့ဘဝကို ဒက်ဒီ အကာအကွယ်ပေးပါ့မယ် ... ဒက်ဒီ့ကြောင့် မိသားစုဘဝလေး ပြိုကွဲပျက်စီးသွားရတာပါ သမီးရယ် ... ။

“ဒီမှာ ကိုပန်းတိုင် ကျွန်မကိုတိုက်နဲ့ခြံလွှဲပေးလေ ... ရှင့် သမီးကို တပြားတချပ်မှ မပေးနိုင်ဘူး ... ရှင့်သမီးက သူ့ချွေး





ဘတော်ဖြစ်နေပြီ”

“ပေးပါ့မယ် ဒေဝီ ... သမီးအတွက် ကိုယ်စိတ်ကူးထဲမှာ တောင်မရှိဘူး ... စိတ်မပူပါနဲ့ကွာ”

သမီးလေး မေ့ကို နှောက်ယှက်မှာ ဦးပန်းတိုင်အကြောက်ဆုံးပင်။ ဒေဝီ့အား အချိုသတ်၍ မိမိခွင်ထဲဝင်အောင် စောင့်နေခဲ့၏။ မိမိကြောင့် သမီးလေးဘဝ ဘယ်လောက်အထိ ပျက်စီးနစ်မွန်းသွားခဲ့ရလဲ ... မိမိကြောင့်ပဲ ကျန်းမာရေးမကောင်းတဲ့ ငယ်ချစ်ဇနီးလည်း ဒေဝီလုပ်ကြံလို့ သေဆုံးသွားခဲ့သည်။ ဒေဝီနိုင် မကြာခင်ခင်းအလှည့်ရောက်ရစေမယ် ... ငါ့ဘဝနဲ့လဲပစ်မယ် ဦးပန်းတိုင် စိတ်တွေကို ထိန်းချုပ်လိုက်သည်။

“မေနှင်းမှုံလှာ လှပါးဝလွန်းတယ် ... ဒေဝီ့နိုင့်ကိုများ အနိုင်ယူမယ်လို့ ထင်နေလား”

ဒေါ်ဒေဝီနိုင် တစ်ယောက် ဒေါသအမျက် ချောင်းချောင်းထွက်နေသည်။ သိတယ် ... နင် ဘာကောင်မလဲ ငါ့ကို လျှော့တွက်ထားနဲ့နော် ... နင့်ဘဝကြီးတစ်ခုလုံး ဂျွမ်းထိုးမှောက်ခုံဖြစ်သွားစေမယ် ... စိတ်ထဲကနေ ကြိတ်၍ အညိုးအတေးထားလိုက်သည်။

“ဒေဝီရယ် သမီးကိုမေ့ထားလိုက်စမ်းပါ ... အရေးကြီးတာက ဒေဝီ့ဆန္ဒတွေကို ဖြည့်ဆည်းပေးဖို့ ကိုယ်လုပ်ပေးပါ့မယ်”

ဒေဝီနိုင် ဘယ်လောက်အထိ ယုတ်မာကောက်ကျစ် မှုတ်



www.burmeseclassic.com

www.burmeseclassic.com



မာကောက်ကျစ်လည်းဆိုတာ မိမိအသိဆုံးပါ။ သမီးလေးတင့်တယ် နေပြီပဲ။ စိတ်အေးချင်သည်။

"ငါ့တူမ ယူမယ့်ခင်ပွန်းလောင်းကိုများ လုယူရတယ်လို့ ညည်း တမင်လုပ်တာပဲ ... ငါ့ကို အနိုင်ယူတာ ... ညည်း အတိတ် မေ့နေတယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး"

ဒေါ်ဒေဝီနိုင် ဆက်သွယ်လိုက်တာက ကိုတောက်ပင်။ မိမိကို အနိုင်ယူဖို့ ကြိုးစားတဲ့ကောင်မ ... ရမလား ဒေါက်တာမင်း ထင်သော်က အရာရာပြည့်စုံသူပါ ... ညည်းနဲ့တန်လို့လား၊ ညည်း တန်တာက ဒရိုင်ဘာကိုတောက်ပဲ ... ဦးပန်းတိုင် မသိအောင် ကိုတောက်အား သွားတွေ့သည်။

"မမဒေဝီ ဘာဖြစ်ချင်လို့လဲ ပြောစမ်းပါ ... ကိုတောက် ဘာလုပ်ပေးရမလဲ"

"နင့်ဟာမလေ ... တန်ရာတန်ရာ မလုပ်ဘူး ... ငါ့တူမ လက်ထပ်မယ့် ချစ်သူကို အကြောကြီးနဲ့ လုယူသွားတယ်"

"ပြော ... ကိုတောက် ဘာလုပ်ပေးရမလဲ"

"အရှက်ခွဲပေး ဒင်းလင်ဆီသွားပြီး နင့်မယားပါလို့ပြောပေး စမ်းပါ ... မမဒေဝီ ဒင်းကိုမြောင်းထဲ ရောက်သွားစေချင်တယ်"

"စိတ်ချပါ ... မမဒေဝီအတွက်ဆို ကိုတောက်ဘာပဲလုပ်ပေး ရ လုပ်ပေးရပါ အချစ်ရယ် ..."





ကိုတောက်ရဲ့ အပြုအမူတွေကို ဒေါ်ဒေဝီနိုင် မနှစ်သက်ပေ မယ့် မငြင်းဆန်ရဲပေ။ ကိုတောက်နဲ့ မိမိတို့ ပူးပေါင်းကြံစည်၍ ကိုပန်းတိုင်အား အမိဖမ်းခဲ့သည်။

"ဖယ်စမ်းပါဦး ကိုတောက်ရယ် အရေးကြီးတဲ့အချိန်လေ"

ကိုပန်းတိုင်ဆီက အပိုင်သိမ်းမယ့် စည်းစိမ်ဥစ္စာတွေ အမြောက်အများ ရှိနေသေး၍ ကိုတောက်နှင့် ကိစ္စမသိစေချင်ပေ။ ကိုတောက်လက်တွေကို ဖယ်ပစ်လိုက်သည်။

"မမဒေဝီရာ ဘာဖြစ်လို့ငြင်းနေရတာလဲ ... ကိုတောက် ဘာဝန်ကကြီးတယ်လေ ... ဒေါက်တာမင်းထင်သော်ကို အရှက်ခွဲ ဗျာ ကျွန်တော်ချစ်တာက မမဒေဝီပါ"

"ဟုတ်ပါတယ်ကွယ် ... မမဒေဝီလည်း သိပါတယ် ... ဒါပေမယ့် လုပ်ငန်းတွေက ရှိသေးတယ်လေ ... ဦးပန်းတိုင် အမွေ တွေသိမ်းလိုက်ဦးမယ်"

ကိုတောက်က မရပေ။ ဒေါ်ဒေဝီနိုင်ကို အမြဲတမ်းအနိုင်ကျင့် နေသည်။ စိတ်တိုလိုက်တာ မိမိကတော့ ဒရိုင်ဘာလိုအဆင့်နှင့် ပတ်သက် မဆက်ဆံချင်။ နင့်ကိုခွာပစ်ရမယ် ... အောင့်သက် သက်နှင့် ကိုတောက်နှင့်ဆက်ဆံရသည်။

"စိတ်ချပါ မမရယ် ... ကိုတောက်လေ မမအတွက်ဆိုရင် အသက်တောင် ပေးနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားအတိုင်းပဲနော် ... ဒေါက်တာမင်းထင်သော် ဆီမေနင်းမှုံလွှာဟာ မင်းမိန်းမလို့ပြော ... အရုက်တွေကောင်းကောင်းခွဲပစ်ပေးရမယ် ... "

"လုပ်မယ် ... လုပ်မယ် ... မေနင်းမှုံလွှာလိုကောင်မမျိုးလုံးဝ မြောင်းထဲရောက်သွားစေရမယ် ... ကျွန်တော်ချစ်ရတဲ့ မမအတွက် ... "

"တော်ပါတော့ ဟယ် ... "

ဒေါ်ဒေဝီနိုင် ဒေါသတွေနှင့် နာကြည်းမှုတွေက လှုသတ်ချင်စိတ် ပြင်းပြနေသည်။

"မင်း တာဝန်ကျေပါစေ ... မမက မင်းအတွက်ဆိုရင် အရာရာ ပေးဆပ်တယ်နော်"

"ကျွန်တော် ချစ်ရတာကလည်း မမဒေဝီပါဗျာ"

ကိုတောက်ကြောင့်ပဲ သူဌေးကိုပန်းတိုင်နှင့် ဒေဝီလက်ထပ်ရသည်။ စည်းစိမ်ဥစ္စာတွေ အပြည့်နေထိုင်ရသည်။ သူဌေးဦးပန်းတိုင်ကို နည်းမျိုးစုံစည်းရုံး သိမ်းသွင်း၍ မိမိတို့လက်ခုပ်ထဲက ရေဖြစ်အောင် ကိုတောက် အစွမ်းအစနှင့် လုပ်ဆောင်နိုင်ခဲ့၏။ ဒေါ်ဒေဝီနိုင်လုံးဝ မလွှန်ဆန်နိုင် ... ကိုတောက်နှင့် အချစ်ရေယာဉ်ကျောမှာ မျှောလျှက်ပေးဆပ်နေရသည်။

အခန်း ( ၁၇ )

"ကိုကို"

"မေရယ် ... "

"ဒက်ဒီဆိုတဲ့ လူကြီးလက်ထဲ မေ့ကိုမအပ်လိုက်ပါနဲ့နော် မေကြောက်တယ်"

"မအပ်ပါဘူး မေလေးရယ် ... မကြောက်နဲ့နော် မေ့မိထွေးဒေါ်ဒေဝီနိုင် ချယ်လှယ်နေတာပဲဖြစ်မယ် ... ကိုကိုက သက်သေအထောက်အထား ခိုင်လုံမှ လက်ခံမယ် ... ကိုကိုလေ မေသတိပြန်လယ်ပြီး ကိုကို့ကို မေ့သွားမှာပဲကြောက်နေမိတာပါ"

"ကျွန်မ အတိတ်တွေကို သတိမရချင်ဘူး ... ကိုကိုနဲ့ မဝေးချင်တာပါ"

"မေရယ် ... "

သူချစ်မြတ်နိုးတာ မေ့ကို လက်လွှတ်အဆုံးရှုံးမခံနိုင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေဝီနိုင်ကိုလည်း မယုံပေ။ သူ့ရင်ခွင်ထဲသို့ ဝင်လာတဲ့ မေ့ကို တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။

"မေက ရိုးသားဖြူစင်သူပါ … ကိုကို့စိတ်တွေ မထိန်းချုပ်နိုင်မှုတွေကြောင့် အမှားအယွင်းတွေ ဖြစ်ခဲ့ကြတာပဲ … အခုက မေ့နှလုံးသားတွေထဲမှာ ကိုကို့ကိုချစ် မြတ်နိုးနေဖို့ပဲ လိုတယ်"

"ချစ်တယ် … ကိုကို့ကို မေအရမ်းအားကိုးပါတယ်နော်"

ကိုကို့ကို မေ အရမ်းကိုချစ်မြတ်နိုးမိတာပါ။ မမပုံဆီက လုယူလိုက်တာ မှန်ပေမယ့် မေချစ်လို့ပါနော် … ဒေါ်ဒေဝီနိုင်နှင့်ဒက်ဒီ ထပ်ရောက်မလာတော့ပေ။ မေငြိမ်းခြောက်လိုက်သဖြင့် ဒေါ်ဒေဝီနိုင် နောက်ဆုတ်သွားတာလည်း ဖြစ်နိုင်သည်။ မေ့စိတ်ထဲမှာ ကိုကို နှင့် ရင်သွေးလေးတစ်ယောက်ရယူချင်တာ အရွှးအမွှးဖြစ်နေ၏။ ကိုကိုအား သံယောဇဉ်အမျှင်တန်းတွေနှင့် အထပ်ထပ်ရစ်ပတ်ထားလိုသည်။

"ကိုကို … ဆေးရုံကိုသွားရမယ်လေ … မေအားလုံး အဆင်သင့်ပြင်ဆင်ထားပေးတယ် … အဝတ်အစားတွေက အစလေ"

"လိမ်မာလိုက်တဲ့ ဇနီးလေး မေနဲ့ကိုကို မဝေးချင်ဘူးကွာ အတိတ်အကြောင်းတွေလည်း ပြန်တွေးမနေနဲ့တော့နော်"

"အင်း … "

မင်းထင်သော် နှလုံးသားတွေက ချစ်ဇနီးလေးရဲ့ အယုအယ





အပြုအမူတွေကြားထဲမှာ အချစ်တွေ စိမ့်ဝင်စီးမျော ပျော်ရွှင်ကျေနပ်နေမိသည်။ မေ အိမ်ရှင်မတစ်ယောက်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့၏။ သူ ဆေးရုံသွားခါနီး မေက အိတ်လေးဆွဲလျှက်သား ကားနားအထိ လိုက်ပို့တတ်သည်။

"မိန်းမ … ကိုကိုသွားပြီနော်"

"ကိုကို့ကို ချစ်တယ်"

"ရွှတ် … "

ချစ်ဇနီးရဲ့ ပါးပြင်လေးကို နမ်းရှိုက်နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ သူ ဆေးရုံမရောက်ခင် ဒေါ်ဒေဝီနိုင်ရဲ့ ကားလေးက တားဆီးနေသဖြင့် ရပ်ပေးလိုက်ရ၏။ ဒေါ်ဒေဝီနိုင် ဆင်းလာသည်။

"ကျွန်တော့်ကို ဘာဖြစ်လို့ လိုက်နှောက်ယှက်ချင်နေရတာလဲ ဒေါ်ဒေဝီနိုင်"

"မောင်မင်းထင်သော်ကို အသိပေးစရာလေး တစ်ခုရှိလို့ပါ"

"ပြောပါ … "

"မေနှင်းမှုံလွှာ အတိတ်ကို သတိရနေတာ ကြာပြီဆိုတာပါ အန်တီဒေဝီကို လက်စားချေချင်တာနဲ့ … မောင်မင်းထင်သော်ကို အရယူတာပါ … "

"တော်ပါတော့ ဒေါ်ဒေဝီနိုင် မေနဲ့ပတ်သက်တာတွေ ဘာမှ မကြားလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီဒေဝီကြောင့် တူမလေးပုံ ဘဝပျက်ရတယ် ... ချစ်သူနဲ့ဝေးရတယ် ... ဟိုကောင်မလေးက အန်တီဒေဝီကို လက်စားချေချင်တာနဲ့ မင်းကိုမြူဆွယ်ဖြားယောင်းခဲ့တာပါ ... မေက အပျိုလည်းမဟုတ်ဘူး ... ကိုတောက်နဲ့ တရားဝင်လက်မထပ်ခင်ထဲက ချစ်သူတွေ ဖြစ်ကြပြီး အတူအိပ်ခဲ့ကြတာပဲ ..."

"ဆက်မပြောပါနဲ့တော့ ဒေါ်ဒေဝီနိုင် ... မေ့အကြောင်း ဘာမှ မကြားချင်တော့ဘူး ... လက်ရှိမှာ မေက ကျွန်တော့်ဇနီးပဲ"

"အင်းလေ ... မင်းသဒ္ဒါရင်ပြီးတာပဲ ... ငါ့တူမလေးက အပြစ်ကင်းတယ် ... ဖြူစင်တယ် ... မေနှင်းမှုံလွှာ မိန်းမလည်မဝိုင်းလုံးမ"

သူ ကားထဲကို ပြန်ဝင်၍ ဝေါခနဲမောင်းထွက်လာခဲ့သည်။ ဒေါ်ဒေဝီနိုင်က မေနှင့်ပြောခဲ့တဲ့အသံကို ဖွင့်ပြ၏။ မေ့အသံတွေက ဝီပြင်ပြတ်သားလွန်းနေသည်။ ဒေါ်ဒေဝီနိုင်စကားတွေကို မင်းထင်သော် လက်မခံနိုင်ပေ။ မေ အတိတ်တွေကို သတိရနေတာကြာပြီတဲ့ မေဖုန်းဆက်တဲ့ အသံတွေ သူဖွင့်ပြခဲ့သည်။

"တောက် ..."

မေက အတိတ်ကို သတိရနေပါလျက်နှင့် သူ့ကိုဖြားယောင်းမြူဆွယ်ခဲ့တာကို သူပြန်၍ စဉ်းစားမိလာသည်။

"မေ ... ဘာဖြစ်လို့ လုပ်ရတာလဲ ... ကိုကို့အချစ်တွေကို





ဘာဖြစ်လို့ စော်ကားခဲ့ရတာလဲ"

မေ ရိုးသားဖြူစင်သူဟု သူထင်မှတ်ထားခဲ့တာပါ။

"ကျွန်မ အတိတ်တွေကို သတိရနေတာကြာပြီ ဒေါ်ဒေဝီနိုင်ရှင်ကြီးက ဒရိုင်ဘာနဲ့ညားစေချင်တာ မဟုတ်လား ... ကျွန်မနဲ့တန်တာက ဆရာဝန်သူဌေးပဲ ..."

မေ့စကားသံတွေကို သူတဝက်တပျက်နှင့် ဆက်နားမထောင်နိုင်တော့ဘဲ ကားမောင်းထွက်လာခဲ့ခြင်းဖြစ်သည်။ မကြားချင်တော့ပေ။ ဒေါ်ဒေဝီနိုင်ကို လက်စားချေဖို့ သူ့ကိုအသုံးချလိုက်တာပဲဖြစ်၏။ ဒေါ်ဒေဝီနိုင်ကို တွေ့ပြီးမှ မေ့အမူအရာတွေ ပြောင်းသွားတာကို သူသတိထားမိသွားသည်။ သူ့ရင်ခွင်ထဲ ကြိမ်ဖန်များစွာ လဲပြိုကျအောင် မာယာထောင်ခြောက်တွေ ဆင်ခဲ့၏။ မေမရိုးသားဘူး ... သူ ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်လို ဘဝလက်တွဲဖော်အဖြစ် ရှိစေချင်ခဲ့သည်။

"ငါ့တူမလေးက ရိုးသားတယ် ... ဖြူစင်တယ် ... ငါ့ကိုလက်စားချေချင်တာနဲ့ ငါ့တူမလေးချစ်သူကို အမိဖမ်းပစ်လိုက်တာပါ"

"တောက် ..."

သူ့နှလုံးသားတွေက မေ့ကို ဘယ်လောက်အထိ ချစ်ခဲ့တယ်ဆိုတာ သူအသိဆုံးပင်။ အပြစ်တင်ဖို့ ဝန်လေးနေသည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်လိုက်ရ၏။ ဆေးရုံဝင်းထဲ ဝင်လာခဲ့သည်။

"ဒေါက်တာ မင်းထင်သော်ဆိုတာလား"

"ခင်ဗျား ဘယ်သူလဲ ... "

သူ ကားပေါ်ကနေဆင်းလိုက်သည်နှင့် လူတစ်ယောက် သူ့အနားကပ်လာသည်။

"ကျွန်တော့် နာမည်က ကိုတောက်ပါ ... မေနှင်းမှုံလွှာရဲ့ ချစ်သူလေ"

"ဘာ ... ဘာပြောတယ်"

ကိုတောက်ဆိုတဲ့ လူကို သူအထိတ်တလန့်မော့ကြည့်မိသည်။ ရုပ်ရည်ရှိတဲ့သူပါ ဒရိုင်ဘာရုပ်မပေါက် မေ့ချစ်သူဆိုတာ ဖြစ်နိုင်တာပဲ ... သူ သတိလက်လွှတ် မဖြစ်စေရန် ထိန်းလိုက်သည်။

"ခင်ဗျား ... ဘာပြောချင်လို့လဲ ... မေနဲ့ ခင်ဗျား လက်ထပ်ထားတဲ့ အထောက်အထားရှိရင်ပြပါ"

"မရှိလို့ပေါ့ဗျာ ... မေနဲ့ လင်မယားလိုနေထိုင်ခဲ့တာ တစ်နှစ်လောက်ရှိပါပြီ ... ကျွန်တော်တို့က အရမ်းချစ်ခဲ့ကြတဲ့ ချစ်သူတွေ သူ့ ဒက်ဒီက သဘောမတူလို့ ခိုးရာလိုက်ပြေးရင်း ဆိုင်ကယ် အက်ဆီးဒင့်ဖြစ်ပြီး မေဒဏ်ရာရသွားတာပါ ... ကျွန်တော်က သတိလစ်နေပြီး မေက အထိတ်တလန့်နဲ့ သွေးရူးသွေးတန်း ထွက်ပြေးသွားတာ





လေ ... "

ဒေါ်ဒေဝီနိုင်ရဲ့ ညွှန်ကြားမှုနှင့် ကိုတောက်ပြောလိုက်ရသည်။ ကိုတောက်က မေ့ထက် ဒေါ်ဒေဝီနိုင်ကို ကပ်ချင်၏။ ငွေတွင်းကြီး မေ့ကို ဦးပန်းတိုင်က အမွေဖြတ်ရင် သူဘာရမှာလဲ ဒေါ်ဒေဝီနိုင် စိတ်တိုင်းကျ ပြောနေရသည်။

"ကျုပ်ပြောတာကို မယုံလည်း ခင်ဗျား သဘောပါပဲလေ ခင်ဗျားက လူကြီးလူကောင်း ပညာတတ်ဆရာဝန်ပါဗျာ ... သူများရည်းစားကို လုယူတာလည်း မကောင်းပါဘူး ... မေကိုယ်တိုင်က အတိတ်ကို သတိရနေပါလျက် ခင်ဗျားကို အမိဖမ်းတော့တာပဲ"

"ဒီမှာ ခင်ဗျားကိစ္စတွေ စိတ်မဝင်စားဘူး ... ခင်ဗျား ဘာပြောပြော မယုံဘူးဗျာ ... မေအပျိုစစ်စစ် မစစ်စစ် ကျုပ်လက်ခံတယ် မေနဲ့ခင်ဗျား လက်ထပ်ထားတာ မရှိဘူး မဟုတ်လား ... ခင်ဗျား ပြန်တော့ ... "

"မေနှင်းမှုံလွှာကို ခင်ဗျားက တော်တော်ချစ်တာပဲ ... နွားအိုကြီး မြက်နုကြိုက်တာပေါ့လေ ... "

"ဟေ့လူ ... ခင်ဗျား ... ခင်ဗျား"

ကိုတောက်ဆိုတဲ့လူရဲ့ အင်္ကျီစကိုဆွဲပြီး ထိုးဖို့ပြင်လိုက်စဉ် ပုံကားလေးက သူ့အနားထိုးရပ်လာပြီး ကားပေါ်မှဆင်း၍ သူ့ကို တားဆီးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းထင်သော် ... ဘာဖြစ်တာလဲ ... သူက ဘယ်သူလဲ"

"ဖယ်စမ်းပါ ပုံ ... ဒီလို ကောင်မျိုးကို သတ်ပစ်ချင်တယ် ကိုယ်ဘာကိုမှ ဂရုမစိုက်ဘူး"

"ဒါ ဆေးရုံဝင်းလေ ရှင်ဘာဖြစ်နေတာလဲ ... သတိထားပါဦး"

"ခင်ဗျားက ဒေါ်ဒေဝီနိုင်ရဲ့တူမ ပုံလား ... အံ့သြပါရဲ့ ဒေါက်တာရယ် ... ဒီလို ဂုဏ်သရေရှိ ချောမောလှပတဲ့ ဆရာဝန်မလေးကိုများ ပစ်ထားခဲ့ပြီး အောက်တန်းစားမကိုမှ ... "

"ဟေ့ကောင် ... မင်း"

"ရှင် ထွက်သွားပါ ... ဘာတွေ လာပြောနေတာလဲ"

မင်းထင်သော့်ကို သတိထားဖို့ ပုံကပြောနေသည်။ ဒေါ်ဒေဝီနိုင်ရဲ့ ယုတ်မာကောက်ကျစ်မှုတွေကို သူသိလိုက်၏။ ဟိုကောင်ထွက်သွားသည်။

"မင်းထင်သော် ... ခဏလောက် သည်းခံပါ ... ဆေးရုံဝင်းထဲ မဝင်သေးပဲ ... အပြင်မှာ ခဏလောက်ပါ စကားပြောရအောင်"

ပုံလည်း ဘာမှမသိပေ။ မင်းထင်သော် ဂုဏ်သိက္ခာကို ထိခိုက်မှာ သူမ စိတ်ပူမိသည်။ မင်းထင်သော်ကို ချောမော့၍ စားသောက်ဆိုင်ဘက် ခေါ်လာခဲ့၏။ ပုံ ချော့မော့နှစ်သိမ့်ပေးရ





သည်။

"မင်းထင်သော်မှာ ဘာအခက်အခဲတွေရှိနေလဲ ... ပုံ့ကို ပြောပြပါ ... ပုံတို့က ငယ်သူငယ်ချင်းတွေလေ"

သူ့ဒေါသတွေကို ထိန်းလိုက်သည်။ ပုံရောက်လာလို့ပေါ့ သူလူသတ်မှု ကျူးလွန်တော့မလို့ ... သူ့အမှားတွေအတွက် ပုံ့ကို ပြောပြရမှာပင် ရှက်သည်။

"ပြောလေ ... ပုံ့ကို ယုံပါ မင်းထင်သော်ရဲ့အကျိုးစီးပွားကို ဘယ်တော့မှ ပျက်စီးအောင်မလုပ်ဘူးဆိုတာပါ ... လက်ခံပေးပါ"

"ပုံ ... "

"ပြောလေ ... "

"မေနဲ့ ဒေါ်ဒေဝီနိုင်တို့ရဲ့ ပတ်သက်မှုကို မင်းသိလား"

"ဟင့်အင်း ... မသိပါဘူး ... မေ့အကြောင်းတောင် အန်တီဒေဝီကို ပုံမပြောပြခဲ့ဘူး ... ပုံ့အဒေါ်ဆိုပေမယ့် အကျင့်စရိုက်မတူပါဘူး ... ပုံ့ကို ယုံပါ"

"အန်တီဒေဝီက မေ့မိထွေးပဲ ... "

"ဟင် ... "

"ဦးပန်းဆိုင်က မေ့ ဒက်ဒီ"

"ဟုတ်လား ... ပုံ မသိဘူး ... ဟိုလူကရော"

မေနှင့်ပတ်သက်တာတွေကို အားလုံးဖွင့်ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံက တည်ငြိမ်အေးချမ်း၏။ မေ့ကို အပြစ်မတင်ပေ။ အပြစ်မှန်တွေကို မေ့ဆီ အသေအချာမေးမြန်းကြည့်ဖို့ ပြောနေသည်။

“မေ့ကို မေးကြည့်ပါဦး မင်းထင်ရယ် ... အန်တီဒေဝီက စိတ်ဓာတ်မကောင်းဘူးလေ ... ဘယ်လိုပဲဖြစ်ဖြစ် မေက ရိုးသားပါတယ် ... မင်းထင် မမှားပါဘူး”

ပုံရယ် မင်းဘာဖြစ်လို့များ ဒီလောက်မထိ စိတ်သဘောထားတွေ ပြည့်နေရတာလဲ ... ကိုယ်မှားတယ်။ ကိုယ့်စိတ်တွေ ထိန်းချုပ်နိုင်စွမ်း မရှိပါဘူး ... ဘာမမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ရဲ့ ထောင်ချောက်ထဲ တိုးဝင်မိတယ် အသုံးမကျလိုက်တာ ပုံက ဖြူစင်သည်။

“ပုံကို ဘာကြည့်နေတာလဲ မင်းထင် ... ဘာလဲ နောင်တရပြီး လွတ်တဲ့ငါးကြီးဖြစ်နေတာလား ... ရှင့်ဇနီးချောလေးက မေနော် ... ချမ်းသာကြွယ်ဝတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ရဲ့ သမီးပါ ... ဘယ်လိုအခြေအနေ အကြောင်းအရာတွေနဲ့ ရင်ဆိုင်ဖြတ်သန်းလာရလဲမှ မသိတာ ... ”

ပုံ စကားတွေကို သူလက်ခံသည်။ မေ့ကိုချစ်နေဆဲပင် စွန့်လွှတ်ဖို့လည်း ဝန်လေးနေ၏။ သူ့စိတ်တွေ သက်သာသွားသည်။

“ရှင်က အမြဲတမ်း သမာဓိရှိပြီး စိတ်ဓာတ်ခိုင်တယ် ... တာဝန်ယူရဲတယ် ... ပုံကြောင့် ရှင့်ဘဝတွေ ကမောက်ကမ ဖြစ်နေ





တာပါ ... ထပ်ပြီး အဖျက်ဆီးမခံပါနဲ့တော့နော်”

ပုံနှင့်စကားတွေအများကြီးပြောပြီးမှ သူဆေးရုံထဲဝင်သည်။ ပုံက ကိစ္စတစ်ခုနှင့် ဆေးရုံကိုလာတာဖြစ်ပြီး ဂျူတီမရှိပေ။ သူ့ကို နှစ်သိမ့်အားပေးနေတာက ငယ်သူငယ်ချင်းတစ်ယောက်ထက် မပိုကြောင်း သမာဓိအပြည့်ပြသသွားခဲ့၏။

မေက ငယ်ရွယ်သူတဲ့ သူတို့ပြောတာတွေထက် မေ့စကားတွေကို နားထောင်ကြည့်ပါတဲ့ ... ရှင့် ဂုဏ်သိက္ခာထက် ဘာမှ အရေးမကြီးပါဘူးတဲ့ ... မေက သူ့ရဲ့တရားဝင် ဇနီးဖြစ်နေသဖြင့် ၍ အစစအရာရာ ထိန်းချုပ်လုပ်ဆောင်ဖို့ ပုံက အထပ်ထပ်သတိပေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

"ဒက်ဒီ့မိန်းမကို မေအနိုင်ရလိုက်တာ အရမ်းပျော်တယ်လေ ဒေါ်ဒေဝီနိုင်က သမီးဘဝကို ဖျက်စီးစေချင်တာပါ"

ဒက်ဒီက မေ့ဆီဖုန်းဆက်သည်။ ဒေါ်ဒေဝီနိုင် ဖုန်းဆက်ခိုင်းတာပဲ ဖြစ်နိုင်သည်။

"သမီးက မတရားလုပ်တာပဲလေ ... ဒေဝီ့တူမရဲ့ချစ်သူကိုမှ လုယူရလား ... သမီး ပြန်လာခဲ့ပါ"

"မလာဘူး ... ဒက်ဒီ မေ့ဘဝကို မေအကောင်းဆုံးရွေးချယ်လိုက်တာပါ ... ဒက်ဒီက ဒီမိန်းမကြီးဘက်ကပဲ ရပ်တည်နေတော့မှာလား ..."

မေက ဒေါ်ဒေဝီနိုင် လုပ်ရပ်တွေကို မေပြောပြလည်း သမီးဘက်က ရပ်တည်ပေးမည့်သူ ဖခင်တစ်ယောက် မဟုတ်ဘူးဆိုတာ မေသိသည်။ ဒက်ဒီရဲ့ စိမ်းကားရက်စက်မှုတွေကိုလည်း မေ





နာကြည်းရ၏။ ထို့ကြောင့်ပင် ဒက်ဒီနှင့်ပတ်သက် ဆက်ဆံခြင်း မပြုလုပ်ဖို့ ဆုံးဖြတ်ထားသည်။

"မေနှင်းမှုံလွှာ ... ညည်းသိပ်ပြီး ဘဝင်မြင့်မနေနဲ့ဦး ... ညည်းအဆင့် ညည်းသိထား ... ကျုပ်ကို အနိုင်ယူထားဦးပေါ့လေ"

ဒေါ်ဒေဝီနိုင်က ဒက်ဒီ့ဆီကဖုန်းကိုယူ၍ မေ့ကိုဒေါသတကြီး ပြောနေသည်။

"ငါ့ကို တိုင်တောတာတွေ ညည်းလုပ်ရင် ငါကကြောက်ယယ်ထင်နေလားဟဲ့ ... ညည်းလည်း ဘဝပျက်သွားရလိမ့်မယ် ခွေးမလေး"

"ဟင်း ... ဟင်း ... ဟင်း ဒေါ်ဒေဝီနိုင်က အနာပေါ်တုတ်ကျသွားတာပဲ ... မေနှင်းမှုံက ဒရိုင်ဘာကတော်ထက် ဆရာဝန်ကတော်ဖြစ်မယ့် ဇာတာရှင်ပါ ... ပြီးတော့လေ ရှင့်ကြီးတူမနဲ့ ယက်ထပ်မယ့် ယောကျ်ားဆိုတာ သိလိုက်လို့ ဒေါက်တာမင်းထင်သော်ကို အမိဖမ်းလိုက်တာ ... ရှင်ကြီး အသည်းဆတ်ဆတ်ခါ နာရပြီလေ ... ပျော်လိုက်တာ ဟား ဟား ဟား ..."

"မေ ..."

"ဟင်"

မေ့နောက်မှာ မားမားကြီးရပ်နေတဲ့ ဒေါက်တာ့ကိုတွေ့လိုက်၍ မေ အထိတ်တလန့်ကြောက်သွားသည်။ ကိုကိုမထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အစောကြီးပြန်ရောက်လာခဲ့၏။ မေ ဘာဆက်ပြောရမှန်းပင် မသိတော့ ... ကိုကို့မျက်ဝန်းတွေက တင်းမာနေသည်။

"မင်း ... မင်း အတိတ်ကို အစောကြီးကတည်းက ပြန်သတိရတာ မဟုတ်လား မေ ... "

"ကိုကို ... "

"မင်း အကြံပက်စက်လှချည်လား မေ ... ဘာဖြစ်လို့ ငါ့ကို လိမ်ညာလှည့်ဖြားရတာလဲ ... မင်းကို ရိုးသားဖြူစင်မယ်လို့ ငါထင်ထားခဲ့တာ မှားတာပဲ"

"မေ ... မေရှင်းပြပါရစေ ကိုကို ... မေလေ ... မေ"

"တော်ပြီ ... မင်း ဘာမှဆက်မပြောနဲ့တော့ မင်းအကြောင်းတွေကို အားလုံးကိုတောက်က ဆေးရုံမှာ လာပြောသွားတယ်ကွ"

"မဟုတ်ပါဘူး ကိုကိုရယ် ... မေ ရှင်းပြတာတွေကို နားထောင်ပေးပါ ... ဒီလူနဲ့ မေက ဘာမှမဖြစ်ပါဘူး ... မေ့ဘဝကို ဖျက်ဆီးပစ်ဖို့ ... "

"တော်ပြီ ... မင်းဘာမှ ဆက်မပြောနဲ့တော့ မေ ... ဒေါ်ဒေဝီနိုင်ကို လက်စားချေချင်တာနဲ့ မင်းက ငါ့ကိုအမိဖမ်းလိုက်တာ မဟုတ်လား ... မင်း ဆရာဝန်ကတော် ဘဝကို မရိုးမသားရယူပစ်လိုက်တာကွ ... မင်း အတိတ်ကို သတိရပါလျက် ဟန်ဆောင်လိမ်ညာတာ မရိုးသားတာပဲ ကောက်ကျစ်ယုတ်မာ





တာပဲ ... မင်းအပေါ် စေတနာပြည့်တဲ့ ပုံကိုလည်း ဆော်ကားတယ်"

"ကိုကို ... မေလေ ... မေ"

"မင်းက ငါ့ရဲ့တရားဝင် ဇနီးဘဝကိုခံယူထားလို့ မင်းဘဝကြီး ပြည့်စုံသွားပြီလို့ ထင်နေတာလား"

"မေ ရှင်းပြပါရစေကိုကိုရယ် ... မေ ရင်ဆိုင်ဖြတ်သန်းလာတဲ့ဘဝက ခက်ခဲကြမ်းတမ်းလွန်းပါတယ်"

"ငါ ဘာမှထပ်မကြားချင်တော့ဘူး ... မင်း ဘာဆက်လုပ်သင့်တယ်ဆိုတာ မင်းစဉ်းစားထားပါ ... ဒါပေမဲ့ ... "

"ကိုကို ... "

ကိုကိုထွက်သွားသည်။ မေ နောက်ကနေပြေးလိုက်လာတော့ ကိုကိုက ကားကိုဝေါခနဲ မောင်းထွက်သွားသည်။

"ကိုကို ... ခဏနေပါဦး မေရှင်းပြတာကို နားထောင်ပေးပါ"

ကိုကို့ကားလေးက ခြံထဲကနေ ပျောက်ကွယ်သွားသည်။ ... တ်ဆိုးတယ်။ ဒေါ်ဒေဝီနိုင်ကို အနိုင်ယူချင်တာနှင့် သတိလက်လွတ်ဖြစ်သွားရ၏။ မေ့အနားသို့ ဒေါ်ညာလျှောက်လာသည်။

"ဒေါ်ညာ ... "

"ဒေါ်ညာကတော့ မေ့ကို နားလည်ပါတယ် ... မောင်မင်းသော်ကို သည်းခံပေးလိုက်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ညွှာရယ် ... မေဘယ်လိုလုပ်ရမလဲ ကိုကိုအထင်လွဲသွားပြီ ... ဒေါ်ဒေဝီနိုင်ရဲ့ ကုန်းချောစကားတွေကို လက်ခံသွားပြီ မေလည်း မှားပါတယ် ... ဒေါ်ဒေဝီနိုင့်ကို အနိုင်ယူချင်တဲ့စိတ်ကို ဦးစားပေးမိလိုက်တာပါ"

မေရင်ဆိုင်ဖြတ်သန်းလာရတဲ့ ဘဝအမှန်တွေကို ဒေါ်ညွှာအား ရှင်းပြမိသည်။

"မေ ပြောတဲ့စကားတွေက လိမ်ညာတာတစ်လုံးမျှ မပါပါဘူး ဒေါ်ညွှာရယ် ... အမှန်တွေပါ ... မေ့ကို ဒရိုင်ဘာလက်ထဲ အပ်လိုက်တယ် ... အိပ်ဆေးခပ်ပြီးတော့ပါ မေသတိရလို့ ထွက်ပြေးလာခဲ့တာပါ ... ကိုကို့ကို ရှင်းပြပေးပါနော်"

"မောင်မင်းထင်သော်က မေ့ကိုချစ်ပါတယ် ... မေသည်းခံလိုက် အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရဘူးမေ"

ဒေါ်ညွှာ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ငိုမိသည်။ တစ်နေ့နေ့တော့ ဒီပြဿနာတွေ ရင်ဆိုင်ရမယ်ဆိုတာ မေတွေးထားပြီးသားပါ ... ကိုကို့အနားက နေထွက်သွားလို့ မဖြစ်ဘူး ... မေ့ကို ဘယ်လိုဘဝမျိုးပဲထားထား နေမည်ဖြစ်သည်။

"ဒေါ်ဒေဝီနိုင့်ကို အနိုင်ယူချင်တာကြောင့် မေ အတိတ်ကို သတိရနေပြီဆိုတာ မပြောခဲ့တာပါ ... ဒေါ်ညွှာရယ်၊ ကိုကို့ကို မေ ချစ်မြတ်နိုးလို့လည်း လက်ထပ်ဖို့ ကြိုးစားခဲ့မိတာပါ"





"မောင်မင်းထင်သော်လည်း မေ့ကိုချစ်ပါတယ် သည်းခံပြီး နေပါမေရယ် ... ဘယ်ကိုမှ ထွက်သွားစရာ မလိုဘူးနော်"

မေက တသိမ့်သိမ့်ရှိုက်ငိုမိသည်။ မေ့ဘက်က အမှားပါ။ မမပုံကို မကောင်းကြံစည်မိတဲ့အတွက် မေရင်ကွဲမတတ် ပြန်၍ ခံစားနေရ၏။ ဒက်ဒီ့ဆီလည်း ပြန်လို့ မဖြစ်ဘူး ... မိထွေးက အဆပေါင်းများစွာ တုန့်ပြန်ရက်စက်တော့မည် ဖြစ်သည်။

"မေ ကိုကို့အနားမှာပဲနေမယ် ... အဖြစ်မှန်တွေ ကိုကိုသိလာတဲ့နေ့ လက်ခံလာတဲ့နေ့ အထိပါ ... ပြီးမှ ကိုကို့အဆုံး အဖြတ်တွေကို မေနာခံပါ့မယ်"

ကိုကို ညဥ့်နက်မှ ပြန်လာသည်။ မမပုံလည်း ပါလာ၏။ လက်တွဲပြီး မေ့ဆီခေါ်ဆောင်လာသည်။

"မင်းထင်သော် ... ရှင် ဘာတွေလုပ်နေတာလဲ အဓိပ္ပါယ်မရှိတာပဲ ပုံ့ လက်ကိုလွှတ်ပါ ... "

အိပ်ခန်းထဲသို့ ကိုကိုနှင့် မမပုံတို့ ရောက်လာသည်။

"ပုံ ... မင်းဘာဖြစ်နေတာလဲ ... မင်းလို ဖြူစင်တဲ့မိန်းမတစ်ယောက်ကို စော်ကားလိုက်တဲ့ မိန်းမကို ဧရေလာကြည့်စမ်းပါ ... မင်းဂုဏ်သိက္ခာတွေမဲ့စေတဲ့ မိန်းမ ဒီမှာ ... "

ကိုကို အရက်တွေသောက်လာပြီး အရမ်းမူးနေသည်။ မမပုံ မလိုက်ချင်ပဲ လိုက်လာရတယ်ဆိုတာ မေသိ၏။ ဘာပဲဖြစ်ဖြစ် မေ့

www.burmeseclassic.com



အမှားတွေပါပဲ ... မမပုံက မေ့ကို သနားကြင်နာစွာကြည့်သည်။

"မေ ..."

"ရှင် ..."

"ညီမ်လေး မမှားပါဘူး ... မင်းငယ်သေးတာပဲ ... မမပုံ အန်တီဒေဝီ့အကြောင်း အသိဆုံးပါ ... မေ့နေရာမှာ မမဆိုရင်လည်း ဒီလိုပဲ လုပ်မှာပါ"

"မမပုံရယ် ..."

မမပုံလို မိန်းမတစ်ယောက်အပေါ် မေ မဆင်မခြင်လုပ်ပစ်မိတာ အရမ်းကို နောင်တတွေရနေမိသည်။ မေ ခြေသလုံးဖက်၍ တောင်းပန်မိ၏။ မမပုံက မေ့ကို ဆွဲထူရပ်စေသည်။

"မင်းထင်သော်ကို သည်းခံပါမေ ... အန်တီဒေဝီကြောင့်ပါ တစ်နေ့နေ့မှာ မေဘာတွေရင်ဆိုင်ဖြတ်သန်းရတယ်ဆိုတာ ညီမ ကိုကိုသိပြီး နားလည်ခွင့်လွှတ်ပေးမှာပါ"

ကိုကိုကတော့ ဘာမှ မသိတော့ပဲ အိပ်ယာပေါ်ပစ်လဲကျ သွားသည်။ မမပုံက မေ့ကို နှုတ်ဆက်အားပေး၍ ပြန်သွား၏။ ကိုကို အိပ်ပျော်နေသည်။

"ကိုကိုရယ် ... မေ တောင်းပန်ပါတယ် ... မေရဲ့ အသိဉာဏ် ကင်းမဲ့မှုတွေကို ခွင့်လွှတ်ပေးပါနော်"

ကိုကိုက မလှုပ်ပေ။ မေ အဝတ်အစားတွေကို ခက်ခက်ခဲခဲ





လဲပေးရသည်။ အရက်ဆိုတာ လုံးဝသောက်လေ့ မရှိတာ မေ အသိဆုံးပင်။ ကိုကို့စိတ်တွေက မမပုံဆီ ပြန်လည်သွားပြီလားပဲ ... မေ နောက်ဆုတ်ပေးသင့်၏။ ဒါပေမယ့် ဒေါ်ဒေဝီနိုင့်ကို အရှုံးပေးလိုက်ရမှာလည်း မေမလိုလားပေ။ မေ့မှာ ပြန်သွားစရာ ဒက်ဒီဆီပဲရှိသည်။ ပြေးရာ မြေမရှိ။

"ကိုကို ... ကိုကို မေ ဘာလုပ်ပေးရမလဲဟင် ... မေ့ကို အရမ်းပဲ မုန်းတီးသွားပြီလား ကိုကိုရယ်"

မေ အိပ်လို့မရ ... မေ့ကို အရမ်းချစ်ပြီး ယုယကြင်နာတတ်တဲ့ ယောကျ်ားက အသိမဲ့စွာ မေ့အနားမှာ ရှိနေသည်။ ချစ်သူကို သတ္တိရှိရှိ ပြတ်သားစွာ စွန့်ခွာ၍ မေ့ကို အမြတ်တနိုး လက်ထပ်ယူခဲ့၏။ ကိုကိုက ယောကျ်ားပီသသည်။

"မေ တောင်းပန်ပါတယ် ... ဘယ်လို ပေးဆပ်မှ မေ့ကို ကျေနပ်နိုင်မလဲဆိုတာ မေ့ကိုပြောပြပါ ..."

ကိုကိုတိုက်ကနေ မေ အပြီးအပိုင်ထွက်သွားသင့်လား ကိုကိုနှင့်တွေ့ဆုံခြင်းက ကိုကို့နှင့် မေတို့ကံဆိုးမိုးမှောင်ကျသွားစေခဲ့သည်။ မေ တစ်ညလုံးငိုပြီး ကိုကို့ဘေးနားမှာ အိပ်ပျော်သွားရ၏။ နေမြင့်မှ မေနိုးလာပြီး ကိုကိုက ဆေးရုံကို ထွက်သွားပြီဖြစ်သည်။

"ဒေါ်ညှာ ကိုကိုရောဟင် ... မေ အိပ်ပျော်သွားတယ် အဆိုး မကျလိုက်တာ ... မေ ဒီလောက်အထိ မအိပ်သင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်းထင်သော် ထွက်သွားတာ ဒေါ်ညွှာတောင် မသိပါဘူးကွယ် ... မေလေး စိတ်မကောင်းမဖြစ်ပါနဲ့ ပုံကလည်း မေ့ကို အားပေးဖို့မှာ သွားတယ် ... မင်းထင်သော် အနားကနေ လုံးဝ ထွက်မသွားပါနဲ့တဲ့ ... "

မမပုံ့အပေါ် မေယုတ်မာကောက်ကျစ်မိတာကိုလည်း နှောင်တရလို့ မဆုံးပေ။

"မမပုံရယ် ... မေ မှားပါတယ် ... တကယ်လို့လေ ကိုကို ဆန္ဒရှိရင် မမပုံလက်ထဲ ကိုကို့ကို ပြန်အပ်ပါ့မယ်နော်"

"မေတို့ အိမ်ထောင်ရေးကို မမပုံမပြိုစေချင်ဘူးကွယ် ... ညီမလေး ထွက်သွားမယ့်အကြောင်းတွေ မစဉ်းစားပါနဲ့"

မမပုံဆီ ဖုန်းဆက်တော့ ကိုကိုကဆေးရုံမှာတဲ့ ကိုကို့ဆီက နေ ထွက်မသွားဖို့ ပြောနေသည်။

"ကိုကို့စိတ်တွေလေသွားမှာ မေစိတ်ပူပါတယ် ... မေ ဘာ ဆက်လုပ်ရမလဲ မမပုံ"

"မေ အသာနေပါ ... မင်းထင်သော်က မေ့ကို အရမ်းချစ် ပါတယ် ... အရမ်းကြီး စိတ်မပူနဲ့နော်"

"ဟုတ် ... "

မေက မင်းထင်သော်ကို အမိဖမ်းလိုက်ပေမယ့်လည်း သူမ ဘဝအခြေအနေအရ ဖြစ်နိုင်သည်။ ပုံလည်း ချစ်သူကိုစွန့်လွှတ်လိုက်



ရလို့ နာကျင်ရပေမယ့် မေ့ကို ခွင့်လွှတ်သည်။ ပုံ ဆေးရုံကို လိုက်လာ တော့ မင်းထင်သော် ပြန်သွားပြီတဲ့ ဘယ်ပြန်သွားတာလဲ ... ပုံ ဖုန်းဆက်တော့ ကိုင်သည်။

"မင်းထင်သော် ရှင်ဘယ်မှာလဲ ... ပုံ စိတ်ပူတယ် မေလည်း ရှာနေတယ်"

"ပုံ ... "

"ပြော"

"မင်းလာခဲ့ ... "

"အင်း လာခဲ့မယ် ... ရှင် ဘယ်မှာလဲဆိုတာပဲပြော"

မင်းထင်သော်က နာမည်ကြီး Bar တစ်ခုမှာပါ ပုံလိုက်သွား သည်။

"ရှင် ဘာဖြစ်နေတာလဲ ... ပြဿနာကို ဒီလိုဖြေရှင်းလို့ ရမယ်ထင်လား မင်းထင်သော် ... "

"ကိုယ် အရမ်းစိတ်ညစ်နေတယ် ... ကိုယ် ဖြူစင်တယ်လို့ ထင်နေတဲ့ မိန်းမက အရမ်းကို ကောက်ကျစ်လိမ်ညာလှည့်ဖြား တတ်လို့လေ ... "

"အခု ဘာဆက်လုပ်မှာလဲ"

"မသိဘူး ... ကိုယ်အရာအားလုံးကို မေ့ပစ်ချင်တယ် တလောကလုံးကို မေ့ပစ်ချင်တယ် ... "

www.burmeseclassic.com



"မေ့ကို ကွာရှင်းလိုက်"

"ဘာ ..."

"စိတ်ဒုက္ခတွေ အရောက်ခံနေမယ့်အစား သူ့ကိုပေးသင့်သလောက်ပေးပြီး ကွာပစ်လိုက်ပါလား"

မင်းထင်သော်စိတ်ကို ပုံတမင်စမ်းသပ်ကြည့်လိုက်တာပါ။ ငြိမ်သွားသည် မေ့ကို မင်းထင်သော် ဘယ်လောက်အထိ ချစ်ကြောင်း ပုံသိလိုက်၏။ ကွာရှင်းပါဆိုတော့လည်း ငြိမ်နေသည်။

"ပုံ့ အဒေါ်အကြောင်းကို ပုံသိတယ် ... စိတ်မာတ် မကောင်းဘူး ... မင်းထင် မေလေး ဘဝသနားစရာကောင်းပါတယ် ... ရှင့်အိမ်ထောင်ရေးကို ပြန်ထိမ်းပါ ..."

"မင်း ... မင်းဘာဖြစ်လို့များသဘောကောင်းနေရတာလဲ ပုံ ... ခွင့်မလွှတ်စမ်းပါနဲ့ပုံ ... ဂုဏ်သိက္ခာတွေကို ဖွဲ့ချေပစ်လိုက်တဲ့ မိန်းမကွ ..."

"အဲဒါ ... မေမဟုတ်ဘူး ရှင်ပဲ မင်းထင်သော် ... မေ့ကို စတွေ့ထဲက ရှင့်အမူအယာတွေ ပြောင်းလဲသွားတာ ပုံသတိထားမိတယ် ... ခွင့်မလွှတ်ကြေးဆိုရင် ခွင့်မလွှတ်သင့်တဲ့လူက ရှင်ပဲ"

"ဘာပြောတယ် ..."

"ချစ်သူအပေါ် အလွယ်တကူ သစ္စာဖောက်တာ ဘယ်သူလဲ ပြန်စဉ်းစားပါဦး ..."





"တောက် ..."

"ပြန်တော့ ..."

"ဘယ်ကိုလဲ ..."

"ရှင့်အိမ်လေ အဓိပ္ပါယ်မရှိတဲ့ အလုပ်တွေဆက်မလုပ်ဖို့ တောင်းပန်ပါတယ် ... မင်းထင်သော်ရယ် အရက်သောက်နေတာ ပြဿနာကို ပိုပြီးကြီးထွားစေတာပဲ"

ပုံက မေ့ကိုကွာရှင်းလိုက်ပါဆိုတော့လည်း သူစိတ်တွေ မပြတ်သားနိုင်။ မေထွက်သွားမှာပင် စိုးရိမ်နေမိသည်။ သူ လုံးဝ ဖြေလို့ မရတာက သူ့ကို အမိဖမ်းလိုက်တာဆိုတာပဲ ... သေသေချာချာ တွေးကြည့်လေ မေဖြားယောင်းသွေးဆောင် မာယာတွေ များခဲ့တာကြောင့် မေနှင့်သူငြိစွန်းသွားခြင်းဖြစ်သည်။

"မေနဲ့ ပြတ်ပြတ်သားသား ဆွေးနွေးပါ ... မင်းထင်သော်ရယ် ရှင်က ထူးချွန်ထက်မြက်သူပါ တာဝန်ယူတတ်စမ်းပါဟာ"

ပုံနှင့်ကွဲကွာပြီး မေ့ကိုလက်ထပ်လိုက်မိတဲ့အတွက် ဒီအချိန်အထိ မင်းထင်သော် နောင်တမရမိသေးပေ ... ပုံကိုတော့ အားနာမိသည်။ မေ့ကို ကွာရှင်းဖို့ ပုံနှင့် ပြန်၍ လက်ထပ်ဖို့ကိစ္စတွေ မင်းထင်သော် မစဉ်းစားမိသေးတာတော့ ဝန်ခံရမည်ဖြစ်သည်။

www.burmeseclassic.com

အခန်း ( ၁၉ )

"ကိုကို ... ဘာဖြစ်လို့များ အရက်တွေ ဒီလောက်အထိ သောက်ရတာလဲ မေ့ကြောင့်လားဟင်"

"ဟုတ်တယ် ... မင်း ငါ့ကိုလိမ်ညာလှည့်ဖြား အမိဖမ်းလိုက်တာ ငါအရှမ်းခံစားရတယ် ... မင်း အတိတ်တွေကို သတိရပါတယ်လို့ ဝန်ခံသင့်တယ် ... တောက် ... ငါ ငါ မင်းကို ခွင့်မလွှတ်နိုင်ဘူး ... "

ကိုတောက်ဆိုတဲ့ ဒရိုင်ဘာက သူ့ချစ်သူပါဟု ပြောတာလည်း မင်းထင်သော် ဘယ်လိုမှ မေ့ပစ်လို့ မရနိုင်ဘဲ ဖြစ်ရသည်။ ဒေါသတွေပေါက်ကွဲနေရ၏။ ဘယ်သူ့ဖြောင့်ဖြတဲ့စကားကိုမှ နားမဝင်ဘဲ အရှမ်းပေါက်ကွဲနေသည်။

"ကိုကိုရယ် ... မေမှားပါတယ် ... တကယ်တော့ မေ့မိထွေး ဒေါ်ဒေဝီနိုင်က ဒရိုင်ဘာလက်ထဲ အတင်းအပ်လိုက်တာပါ





မေ အိပ်ဆေးမိပြီး ဘာမှ မသိရပါဘူး ... မေ သတိရတော့ သူ့ကို ရိုက်ပြီး ထွက်ပြေးလာတာပါ"

"မပြောနဲ့ ဘာမှဆက်မပြောနဲ့တော့ မင်းစကားတွေကို ငါ မယုံတော့ဘူး ... မင်း လိမ်ညာနေတာပဲ မင်းအမှန်တွေကို ပြောခဲ့ဖူးလို့လား ... "

"မေ့စကားတွေကို ယုံပေးပါ ... မေ မလိမ်ပါဘူး ... ဒေါ်ဒေဝီနိုင်ကို တွေ့မှ မေ့အတိတ်တွေကို သတိရတာပါ ... မေလေ မမပုံကို ချစ်ပါတယ် ... ဒေါ်ဒေဝီနိုင့်ကို လက်စားချေချင်တာ တစ်ခုတည်းနဲ့ အမှားတွေကို ကျူးလွန်မိတာပါ ... "

"တော်ပြီကွာ ... ဆက်မပြောနဲ့တော့ ... မင်းစကားတွေကို ငါမယုံဘူး ... မင်းကိုမုန်းတယ်"

"ဝုန်း ... "

"ဒိုင်း ... "

"တောက် ... "

"မေ တောင်းပန်ပါတယ် ... ကိုကိုရယ်၊ မေ့ကို မုန်းပါ ခွင့်မလွှတ်ပါနဲ့ မေ သေပါရစေ"

မေကြိမ်းပြင်ပေါ် ဝုတ်တုတ်လေးထိုင်၍ ချုံးပွဲချငိုပစ်လိုက်မိသည်။ ကိုကို ဝုန်းဒိုင်းကြဲအောင် ပစ္စည်းတွေအား ပစ်ပေါက် ရိုက်ခွဲနေသဖြင့် ဒေါ်ညာပါ တားနေရ၏။ မေ့ကြောင့် ကိုကိုအကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး ပျက်စီးပြိုလဲသွားမှာကိုတော့ မေမလိုလားနိုင် ... ကိုကို့အနားကနေ မေထွက်သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ကိုကို ဒေါသတွေထွက်မနေပါနဲ့တော့ ... မေက လူလိမ်လူညာ ယုတ်မာကောက်ကျစ်သူပါ ... မေပဲ ကိုကို့အနားကနေ ထွက်သွားပေးပါ့မယ်"

"ထွက်သွား ... အခုထွက်သွား မင်းမျက်နှာကို မကြည့်ချင်ဘူး ... မင်းလို ယုတ်မာကောက်ကျစ်တဲ့ မိန်းမကို ငါအမုန်းဆုံးပဲကွ ..."

"ထွက်သွားပါ့မယ် ကိုကို ... မေ့ကို ခွင့်မလွှတ်ပါနဲ့ မေ့ကြောင့် ကိုကို ဘဝမပျက်စီးစေရပါဘူးနော်"

"သွား ... ထွက်သွားစမ်း ... မင်း ငါနဲ့အဝေးဆုံးမှာပဲနေ မင်းကို ကွာရှင်းမယ် ... အို ဘာမှကွာရှင်းနေစရာမလိုဘူး ... မင်းနဲ့လက်ထပ်ထားတဲ့ စာချုပ်ကိုဖြဲပစ်လိုက်ရင် ပြီးပြီ ..."

"ကိုကို မလုပ်ပါနဲ့ မေတောင်းပန်ပါတယ် ကိုကိုရယ်နော် မေ့ကိုပဲ သတ်ပစ်လိုက်ပါ ..."

ကိုကိုလက်ထဲကနေ လက်ထပ်စာချုပ်တွေကို လုယူပြီး မေ ပြေးထွက်လာခဲ့သည်။

"မင်းမျက်နှာကို မကြည့်ချင်ဘူး ထွက်သွားစမ်းပါ ... ငါနဲ့ မင်းဝေးသထက်ဝေးတဲ့နေရာ အဝီစိပဲဖြစ်ဖြစ် မင်းထွက်သွား ..."





မေသွေးရူးသွေးတန်းနှင့် အောက်ထပ်သို့ပြေးဆင်းလာခဲ့သည်။ ဒေါ်ညွှာက ပြေးဖက်ထားလိုက်၍ မေ့ခြေလှမ်းတွေ ရပ်တန့်သွား၏။ မျက်ရည်ပေါက်တွေက မေ့ပါးပြင်လေးပေါ် တလိမ့်လိမ့်စီးဆင်းကျနေသည်။

"မေထွက်သွားလို့ မဖြစ်ဘူး ... ညဥ့်နက်နေပြီ ... ဘယ်သွားမှာလဲ"

"မေ ထွက်သွားပါရစေ ... ကိုကိုနဲ့ဝေးရာကိုပါ မေ့ကြောင့် ကိုကို ဂုဏ်သိက္ခာတွေ ပွန်းပဲ့နိမ့်ကျသွားလိမ့်မယ် ... မေ့ကို သွားခွင့်ပြုပါ ဒေါ်ညွှာရယ်"

"မေ ဘယ်သွားမှာလဲ မေ့မှာ သွားစရာနေရာရှိလို့လား ဒုက္ခတောထဲ ရောက်သွားလိမ့်မယ် မေ ..."

"ဒက်ဒီ့ဆီပြန်မယ် ... မေ့ မိထွေး ဒေါ်ဒေဝီနိုင်ဖြစ်စေချင်တဲ့ ဘဝကို မေခံယူမယ် ... မေ သေပါရစေ"

ဒေါ်ညွှာကတားဆီးပြီး မေ့ကိုချော့မော့ နှစ်သိမ့်၍ ကိုကို့အနားကို ပြန်သွားစေသည်။

"မောင်မင်းထင်သော်က မင်းကိုအရမ်းချစ်ပါတယ် ... မူးပြီး အသိလွတ်နေလို့ပါ မေရယ် ... ပြန်သွားပါ ... မနက်ကျမှ မောင်မင်းထင်သော် အမူးပြေမှ ဆွေးနွေးဆုံးဖြတ်ပါ"

မေ နာခံပြီးကိုကို့ အနားသို့ ပြန်ရောက်လာသည်။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



အသိမဲ့စွာ အိပ်စက်နေ၏။ အဝတ်အစားတွေပင် မလဲနိုင်။ မေမထိရဲ ကိုကို့ဒေါသတွေကို မေကြောက်လာ၏။ တည်ကြည်ခန့်ညားတဲ့ ကိုကို မျက်နှာပေါ်မှာ နာကြင်ကြေကွဲရိပ်တွေနှင့် ညှိုးနွမ်းနေသည်။

"မေ့ကြောင့်ပါ အစောကြီးထဲက မေ အမှန်တွေကို ဖွင့်ပြောပြသင့်တာပါ ... မေ မှားပါတယ်"

ကိုကိုတစ်ယောက်ထဲလည်း မေပြစ်မထားရက်ပေ။ ကိုကို့အနားမှာ မေကျေးကျွန်ဘဝနှင့်ပဲဖြစ်ဖြစ် နေထိုင်လိုသည်။ သူ့မခုတင်ပေါ်မှာ ငုတ်တုတ်လေးထိုင်နေမိ၏။ မျက်ရည် တလိမ့်လိမ့်ကျဆင်းနေသည်။

"အင်း ... အား"

"ကိုကို ... "

"အင်း ... ပုံ ကိုယ်မှားသွားတယ်ကွာ ... ပုံ့အပေါ် သစ္စာမဲ့မိသွားတယ် ... ပုံ ... ပုံရယ် ကိုယ်တောင်းပန်ပါတယ် ပုံ့ကိုချစ်တယ်"

"ဟင် ... "

ကိုကိုတမ်းတ ညီးညူနေတာက မမပုံကိုပဲ ဖြစ်နေသည်။ ဟုတ်မှာပါ ကိုကိုနဲ့ မမပုံတို့က ငယ်ချစ်တွေ မေ့ကြောင့်ဝေးသွားရတာ ... မမ ပုံမိသားစု ကိစ္စ ရှုပ်ထွေးနေစဉ် မေက ကိုကို့ထံ အရယူဖြစ်ခဲ့သည်။





"ပုံ ... ပုံရယ် ... ကိုယ့်နှလုံးသားတွေ နာကျင်နေတယ်၊ ကိုယ့်အနားမှာ နေပေးပါလားကွာ"

"ကိုကို ... "

"ပုံ ... "

"အမလေး ... "

ကိုကိုက မေ့ခန္ဓာကိုယ်လေးအား ရုတ်တရက် ဖွေ့ဖက်ပြီး နမ်းရှိုက်ဖို့ ကြိုးစားနေသည်။ မေ ရုန်းဖယ်နေမိ၏။ မမပုံအဖြစ် ကိုကိုက နမ်းရှိုက်ဖို့ ကြိုးစားနေတာပါ ... မေနာကျင်ရသည်။

"ပုံ ... ပုံရယ် ကိုယ့်ရင်ခွင်ထဲမှာနေပါ ... ကိုယ့်နှလုံးသားတွေ အရမ်းနာကျင်ရတယ် ... မီးတွေ ထတောက်မတတ်ပဲကွာ"

မမပုံ အမှတ်နှင့်ပဲဖြစ်ဖြစ် မေ့ကို ဖက်ထားနိုင်ပါတယ် ကိုကိုရယ် ... ဖက်ပါ မေလေ ဘယ်လိုဘဝမျိုးနဲ့ပဲ ဖြစ်ဖြစ် ကိုကို့အနားမှာ နေချင်ပါတယ်လေ ... ။

"ပုံ ... ပုံ ကိုယ်အရမ်းစိတ်ပင်ပန်းတယ် ... ပုံ့အနားကနေ ခွာက်သွားလို့ ကိုယ်ပူလောင်ရတာပါ"

ကိုကိုပြန်၍ ငြိမ်သက်သွားသည်။ မေ စိတ်သက်သာရာရသွား၏။ မမပုံ အမှတ်နှင့်ချစ်သူလို အလွန်အကျူး မဆက်ဆံခဲ့။ ကိုကိုနှင့် တွေ့ဆုံခဲ့ရတဲ့ အဖြစ်တွေကို မမအမှတ်ရနေခဲ့သည်။

"မေ မှားပါတယ်ကိုကို ... အဖြစ်မရှိတဲ့ ကိုကို့ဘဝကို မေ



www.burmeseclassic.com

www.burmeseclassic.com



မဖျက်ဆီးသင့်ပါဘူး ... "

မေနှောင်တတွေ အကြီးအကျယ်ရနေမိသည်။ အရက်သမားကြီးဘဝကိုတော့ မခံယူလိုက်ပါနဲ့နော် ... မေ အိပ်မရ မျက်လုံးတွေကြောင်စီနေခဲ့သည့် ကိုကိုနှင့်အတူတူယှဉ်အိပ်ရမှာ ကိုကိုမနှစ်သက်မှာ စိုးရိမ်၍ ခုတင်အောက်ကြမ်းပြင်မှာပဲ အိပ်စက်မိ၏။ သူမ အိပ်ရာမှ နိုးတဲ့အချိန်တွင်း ကိုကိုအဝတ်အစားတွေပင်လဲနေသည်။

"ကိုကို ... "

"မင်း ငါ့ကို ခေါ်စရာမလိုဘူး ... ဘာကိုကိုလဲ ... ဆရာဝန်ကတော်ဖြစ်ချင်တာ တစ်ခုတည်းနဲ့ မင်းလုပ်ချင်တာလုပ်ပစ်လိုက်တာပဲ ... ငါနဲ့ အဝေးဆုံးမှာနေပါ"

"ဟုတ်ကဲ့ပါ ကိုကို ... "

မေကြမ်းပြင်ပေါ်မှာ အိပ်နေတာတွေ့တွေ့ သူစိတ်မကောင်းဖြစ်သွားရပေမယ့် မေ့ကို ခွင့်မလွှတ်နိုင်ခဲ့။ ဆရာဝန်ကတော်ဖြစ်ချင်တဲ့ မိန်းမပဲ ဟန်ဆောင်လိမ်ညာ လှည့်ဖြားတတ်တဲ့ မိန်းမတွေကို သူမုန်းသည်။

"ကိုကို့ကို ကွာရှင်းပေးပါမယ် ... မေ ဆုံးဖြတ်လိုက်ပါပြီ အရက်တွေ မသောက်ပါနဲ့တော့နော်"

"မင်းနဲ့ မဆိုင်ဘူး ... ငါ့ကို လာပြီး အမိန့်မပေးနဲ့ ကျန်တာကတော့ မင်းသဘောပဲ ... "





"ကိုကို့ဘဝ မနစ်မွန်းစေချင်ပါဘူး ... မေကြောင့် အရက်တွေ မသောက်ပါနဲ့ ကိုကို ... အမြဲတမ်း ခန့်ညားတည်ကြည် ရှင်သန်သူပါ ... မေ အဝေးကို ထွက်သွားမှ ကိုကိုစိတ်ချမ်းသာမယ်ဆိုရင် မေထွက်သွားပေးပါ့မယ်နော်"

မေ့ကို သူဆတ်ခနဲ ကြည့်၍ တားဆီးဖို့ စိတ်ကူးမိသေးသည်။ အလကား မိန်းမ မာယာတွေ များနေတာပဲဟု ထင်မိ၏။ သူ့စိတ်တွေ လွတ်လို့ မဖြစ်ဘူး ... ဒရိုင်ဘာ ကိုတောက်နဲ့လည်း ဘယ်အတိုင်းအတာအထိ ငြိစွန်းခဲ့လဲ ... သူကိုတောင် အလွယ်တကူ သူမ ခန္ဓာကိုယ်အား ပေးအပ်ခဲ့သည်။ မေက မရိုးသားဘူး ပုံနှင့် သူချစ်သူသက်တမ်း တလျှောက် ပုံဆီက ဖြားယောင်းသွေးဆောင်မှု လုံးဝမရှိခဲ့။ ပုံအနေတည်ခဲ့သည်။

"ငါ မင်းကိုကယ်တင်လိုက်တာ ... ငါ့ဘဝကြီးတစ်ခုလုံး အောက်ထိုးမိုးမျှော် ရှုပ်ထွေးစေခဲ့တယ် ... ဂုဏ်သိက္ခာတွေလည်း ကျဆင်းခဲ့ရတယ် ... မင်းကိုချစ်ပြီး ငါ့တာဝန်ယူခဲ့တာကွ ... ပုံနဲ့ငါ ချစ်သူတွေဖြစ်ကြတာ အားလုံးသိတယ် ... ငါ့ အသိုင်းအဝိုင်းကရောပဲ ဖြစ်ပေမယ့် မင်းကိုငါလက်ထပ်ခဲ့တယ် ... တရားဝင်ဇနီးမယား အဖြစ် ကြေငြာခဲ့တယ် ... အားလုံး ငါ့ရဲ့ မဆင်မခြင်လုပ်ရပ်တွေပဲ ... အသုံးမကျတဲ့ကောင် ... မိန်းမတစ်ယောက်ရဲ့ မာယာထောင်ချောက်ကို တိုးဝင်တယ် ... တွေးမိတိုင်း အရမ်းရှက်ရစေတယ်

www.burmeseclassic.com



သွားပြီ ... ငါဘာမှ ဆက်လုပ်လို့ မရတော့ဘူး မင်းသိရဲ့လား"

"အဲဒီ့ အမှားတွေအတွက် မေဘယ်လို ပေးဆပ်မှ ကိုကို ကျေနပ်မှာလဲဟင် ... ကိုကို့စိတ်တွေ သက်သာမယ့်နည်းလမ်းတွေ ကို ပြောပြပါ"

"မသိဘူးကွာ ... မသိဘူး ... ငါဘာမှ မပြောချင်တော့ဘူး ငါပဲ သေပစ်လိုက်မှ အေးမယ်ကွာ ... "

"ကိုကို ... "

သူ ထွက်လာခဲ့သည်။ မေ့ကို မျက်နှာချင်း မဆိုင်လိုပေ။ ကိုတောက်စကားတွေကိုလည်း သူမေ့ပစ်၍ မရနိုင်။ စိတ်တွေ ခြောက်ခြားနေသည်။ မေထွက်သွားမယ်ဆိုတော့လည်း မကြွချင် နိုင်ပဲ တားဆီးထားချင်သည်။ သူ ကားကိုဆက်မမောင်းနိုင်တော့ဘဲ လမ်းဘေးမှာ ထိုးရပ်ပစ်လိုက်၏။ မေ့အတွက် ပူပင်စိတ်တွေ ဖြစ်ပေါ်လာသည်။

"မင်းထင်သော်ရော ဒီကောင်မလေးကို ကွာရှင်းပစ်လိုက်စမ်း ပါ ... မင်းဘဝကြီး တစ်ခုလုံးကို နင်းခြေဖျက်ဆီးပစ်ခဲ့တဲ့ မိန်းမ"

သူ့စိတ်တွေ ပူလောင်ပြင်းပြလျက် မေ့ကိုလည်း သတိ လွမ်းမိနေသည်။ မေ့မျက်နှာလေးက အပြစ်မဲ့သလို ငယ်ရွယ်သည့် မိန်းကလေးတစ်ယောက်အား သူက မဆင်မခြင်လက်ထပ်လိုက် တာက သူပဲ ...





"ရှင် မှားတာလေ မင်းထင်သော် ... ကျွန်မအပေါ် သစ္စာ ဖောက်တာက ရှင်ပဲ ... မေ မဟုတ်ဘူး"

ပုံပြောတဲ့ စကားတွေက အမှန်ပင် သစ္စာမတည် ကိုယ်ကျင့် တရားတွေ မထိန်းချုပ်နိုင်သူက သူပဲ မေက ငယ်ရွယ်သူပါ သူ့ကား ကို ဆက်၍ မောင်းလာခဲ့သည်။ ဆေးရုံတာဝန်တွေပင် လစ်ဟင်း လာခဲ့ရသည်။ တာဝန်ကျေပြွန်တဲ့ ဆရာဝန်က မိန်းကလေးတစ် ယောက်အတွက် ဘဝတွေကို နင်းခြေပစ်ဖို့ လုပ်ဆောင်နေ၏။ မင်း ဘယ်လောက်ရှက်စရာ ကောင်းလဲ ... မေ့ကို ကွာရှင်းလိုက်ရင် ရော သူ့စိတ်တွေ လုံခြုံသွားမလားပဲ ... ရင်တွေ စူးနစ်ရသည်။

"မေ့ကို မင်းစွန့်ပစ်နိုင်လို့လား ... မင်းထင်သော် မင်းနှလုံး သားတွေကို မင်းအသိဆုံးပါကွာ ... မင်းစိတ်တွေ တည်ငြိမ်ရင့်ကျက် စမ်းပါ"

သူ ဆေးရုံကိုရောက်တော့ မေ့ဆီဖုန်းဆက်ပြီး ဘယ်မှ မသွားဖို့ သူ့ကိုစောင့်နေဖို့ ပြောမည်ဟု ကြံစည်မိသေးသည်။ တွန့် ဆုတ်နေ၏။ မေ့လုပ်ရပ်ကို ခွင့်လွှတ်နိုင်ဖို့ အချိန်တွေက လိုအပ်နေ သေးသည်။ သူ့အပြန်တွင် ပုံနှင့်တွေ့သေး၏။ သူ့စိတ်တွေက မေ့ ဆီပဲ ပြန်ချင်နေခဲ့သည်။

"မင်းထင်သော်ရယ် ... ရှင့်ကိုယ်ရှင် လိမ်ညာမနေစမ်းပါ နဲ့ ရှင်ချစ်တာ မေနှင်းမှုံလွှာပါနော်"

ပုံ့စကားတွေကို သူငြင်းဆန်ပစ်ဖို့ထက် ငြိမ်သက်စွာ ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်နေခဲ့သည်။

"မင်းထင်သော် ... "

"ဟင် ... "

"ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းနော် ... ဟုတ်တယ် မဟုတ်လား"

"ကိုယ် ပြန်တော့မယ် ... "

"မိန်းမကို အရမ်းလွမ်းသွားပြီလား ... ကောင်းပါတယ် တည်ဆောက်ပြီးတဲ့ အိမ်ထောင်တစ်ခုကို အလွယ်တကူ ဖြိုဖျက်ဖို့ မကြိုးစားပါနဲ့ မင်းထင်သော် ... ရှင်က ပညာတတ်တစ်ယောက်ပဲ"

ပုံကို အလျှင်အမြန် နှုတ်ဆက်၍ ပြန်ထွက်လာခဲ့သည်။ မေ့ရဲ့ အကြေအလည် ဆွေးနွေးရမယ် ... မေ ဟိနေရာကိုထွက်သွားမှာ လည်း စိုးရိမ်စိတ်တွေ လွှမ်းကဲလာ၏။ အိမ်ကိုပဲ အမြန်ဆုံးမောင်း ထွက်လာခဲ့သည်။ တိုက်ထဲဝင်လိုက်တော့ ဒေါ်ညွှာက မေမရှိတော့ ဘူးဟု ပြောလိုက်၏။ ဒေါ်ညွှာ လက်ထဲမှာ စာတစ်စောင်ကိုင်ထား သည်။

"စာတစ်စောင်ထားခဲ့တယ် ... ဖတ်ကြည့်ပါဦး မောင်မင်း ထင်သော် ... ဒေါ်ညွှာရင်တုန်လိုက်တာ မေလေးမှာသွားစရာ နေရာမှ မရှိတာ ... ဒေါ်ဒေဝီနိုင်လက်ထဲ ပြန်ရောက်သွားရင် ဒုက္ခ ပါပဲ ... ရှာပါဦး ... "

ဒေါ်ညွှာပေးတဲ့ စာကိုဖတ်ကြည့်လိုက်တော့ ...





"ဒေါက်တာ ... "

တကယ်တော့ မေက လိမ်ညာလှည့်ဖြားပြီး ဒေါက်တာ့ကို ရယူခဲ့တာ မေဝန်ခံပါတယ် ... ဒေါ်ဒေဝီနိုင်ကြောင့်ပါ ... မေ့ကို ဒရိုင်ဘာလက်ထဲထိုးအပ်ခဲ့လို့ မေနာကြည်းပြီး သူတို့မ လက်ထပ် မယ့်ဆရာဝန်ကို အရယူခဲ့တာပါ ... ဒါပေမယ့်လည်း ဒေါက်တာ့ကို မေအရမ်းချစ်မိသွားတာလည်း ပါပါတယ် ...

မေ့စကားတွေကို ဒေါက်တာယုံကြည်နိုင်တော့မှာ မဟုတ်ပါ ဘူး ... မေ ဘာမှလည်း ရှင်းပြမနေချင်ဘူး မေ့ဘဝနဲ့ မေပဲလေ"

ဒေါက်တာ့အနားမှာက ဒေါက်တာမြတ်နိုးပုံပဲ ရှိနေသင့်တာ ပါ ... မေ ကွာရှင်းစာချုပ် ပို့ပေးလိုက်ပါ့မယ် ... ဘယ်လိုအကြောင်း နဲ့မှ ဒေါက်တာနဲ့ မမပုံကို ထပ်မနှောက်ယှက်တော့ပါဘူး ...

ဒေါက်တာ့ကို အရက်သမားကြီးဘဝနဲ့လည်း မေမဖြစ်ရက် ပါဘူး ... ဒါကြောင့် ဒေါက်တာနဲ့ အဝေးဆုံးကို ထွက်သွားဖို့ပဲ မေဆုံး ဖြတ်လိုက်တာပါ ...

မေ့ကို ကယ်တင်ပြီး ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက် ခဲ့တဲ့ ဒေါက်တာ့ကို ကျေးဇူးအများကြီးတင်ပါတယ်နော် ... "

နှုတ်ဆက်ခဲ့ပါတယ်

မေနှင်းမှုံလွှာ

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

"ညည်း ဒီအိမ်ကနေထွက်လာရမယ်ဆိုတာ ငါသိတယ် ... မေနှင်းမှုလှာ ... နောက်ဆုံးတော့ ညည်းငါ့အိမ်ပဲ ရောက်လာ ရတာ ပဲလေ ... "

"ဒက်ဒီ"

"သမီးလေး သမီးဘယ်လိုဖြစ်လာရတာလဲ"

"မေ့အပြစ်တွေအတွက် မေကိုကို့ဂုဏ်သိက္ခာကို အကျွမ်ခံ နိုင်တော့ဘူး ... ဒက်ဒီ။ ဒေါ်ဒေဝီနိုင်နဲ့ ဒရိုင်ဘာကိုတောက်တို့ရဲ့ ထိုးနှက်ချက်တွေကို မေတစ်ယောက်ထဲ ခံယူဖို့ ပြန်လာတာပါ"

ဦးပန်းတိုင် စိတ်ထိခိုက်ကြေကွဲမှုတွေနှင့် သမီးရောက်လာ တာကို ကြည့်မိသည်။ မိမိသိ၏။ ဒေါက်တာမင်းထင်သော်ကို သွားပြီး အရှက်ခွဲကြမှာ သေချာသည်။

"ဒက်ဒီ မိန်းမကျေနပ်အောင် သမီးနေထိုင်ပါ့မယ် ...





ကျေးရှုးပြုပြီး ကိုကို့ဂုဏ်သိက္ခာမဲ့အောင် မလုပ်ပါနဲ့တော့"

မေဆုံးဖြတ်လိုက်သည်။ ကိုကို့ကို အထိခိုက်မခံတော့ဘူး။ ဒေါ်ဒေဝီနိုင်ခြေဖဝါးအောက်ပဲ ဝပ်ဆင်းခယတော့မည်ဖြစ်၏။ ဒေါ်ဒေဝီနိုင်ကတော့ အောင်မြင်သူတစ်ယောက်အနေနှင့် အပြုံး တွေ ဝေနေသည်။

"ညည်းကိုပြောသားပဲ ... ညည်းနဲ့တန်တာ ဒရိုင်ဘာလို့ ဆရာဝန်ကိုမှ သွားမှန်းတာကိုး"

"ဒေဝီ ... "

"ရှင့်ပါးစပ်ကို ပိတ်ထားစမ်းပါ ... ဝင်မတားနဲ့နော် ရှင့်သမီး ဒရိုင်ဘာနဲ့ညားပြီးရင် ရှင့်အရှက်လည်း တော်တော်အကွဲခံပေ တော့"

"ကိုယ့်ကို ကြိုက်သလိုလုပ်ပါ ဒေဝီ ... သမီးလေးဘဝကို တော့ မလုပ်ပါနဲ့ ထွက်သွားပါစေ"

"မရဘူး ... ဒရိုင်ဘာကိုတောက် လက်ထဲအပ်ရမယ် ... ကောင်မကို ခွင့်မလွှတ်နိုင်တော့ဘူး ရှင်ဝင်မပါနဲ့နော်"

ဒေဝီနိုင် လူမဆန်စွာဖြင့် မိမိတို့သားအဖအပေါ် ရက်စက် တော့မည်ဖြစ်သည်။ သမီးလေးကိုတော့ ဘယ်နည်းနဲ့မှ အထိမခံ နိုင်။ မိမိလုပ်သင့်တာတွေ လုပ်ရမည်ဖြစ်၏။ သမီး အတွက် [illegible] ရှေ့နေက စီစဉ်ပေးလိမ့်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ"

"ဟင်"

"ဝင်မပါနဲ့တော့ သမီးဘဝနားခိုရာအတွက် ဒရိုင်ဘာပဲဖြစ် ဖြစ် ဘာပဲဖြစ်ဖြစ် ယူပါ့မယ်"

"သမီးလေးရယ် "

ဒက်ဒီ ထောင်ခြောက်တစ်ခုထဲ တိုးဝင်မိနေပြီဆိုတာ မေ သိသည်။ ကိုကို့အတွက် ဒေါ်ဒေဝီနိုင် ကျေနပ်တဲ့အထိ နေထိုင်ပေး ဖို့ ဆုံးဖြတ်ထား၏။ ကိုကို့ ဝုဏ်သိက္ခာအတွက် မေအပြတ်ရှင်းပေး ရမည်ဖြစ်သည်။

"ကောင်းပြီလေ ... ဒီနေ့တော့ ညည်းအနားယူလိုက် ... ညည်းနဲ့ ကိုတောက် မင်္ဂလာညလေးမှာ အားအင်တွေပြည့်နေ အောင်ပါ ... "

"ဒေါ်ဒေဝီနိုင် စိတ်တိုင်းကျပဲ စီစဉ်ပါ ... "

"မေနှင်းမှုံလွှာ ငါကိုများ ညည်းကမလေးမစားနဲ့ မာမီလို့ ခေါ်စမ်းပါ ... ခေါ်လေ"

"မခေါ်နိုင်ဘူး ... ရှင့်ကိုတော့ ဘယ်တော့မှ ကျွန်မ ဒအေ နေရာမှာထားမှာ မဟုတ်ဘူး ... ကျွန်တာတော့ ရှင်ကြိုးလုပ်ချင်ရာ လုပ်လို့ရတယ်"

"တောက် လုပါးဝလိုက်တာ"





ဒေါ်ဒေဝီနိုင့်ကို မေသက်ဆိုင်ရာကို တိုင်၍ရပါလျက် ကိုကို့ နာမည်နှင့် ဒက်ဒီကြောင့်လည်း သည်းခံပစ်လိုက်သည်။ ကိုကို့ကို လည်း သဲကြီးမဲကြီး မထိုးနှက်စေရန် မေပဲအနစ်နာခံလိုက်မည်ဖြစ် ၏။ မေ့ဘဝပဲလေ ... အရင်က မိမိနေထိုင်ရာ အိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။

"ကိုတောက် ခရီးထွက်သွားလို့ ညည်းသက်သာတယ်မှတ်ပါ မေနှင်းမှုံလွှာ ... အခုတော့ အနားယူလိုက်ဦးပေါ့အေ"

ဒေါ်ဒေဝီနိုင်ကတော့ မိမိအနိုင်ရလိုက်၍ ပီတိတွေဖြစ်နေ သည်။ မေနှင်းမှုံလွှာ ညည်းလိုကောင်မလေးမျိုးကများအေ ညည်း ဒရိုင်ဘာမယားပဲ ဖြစ်စေရမယ် ... ငါကတော့ ငါ့တူမအတွက် လှုပ်ရှားရဦးမယ်လေ ... တေးမ ... ပုံ ...

"ကိုပန်းတိုင် ... ရှင်လုပ်ရမယ့် ကိစ္စက ကျွန်မနာမည်နဲ့ ဒီမြေကို လွှဲပေးဖို့ပဲ အချိန်ဆွဲလို့ မရတော့ဘူးနော် ... "

"စိတ်ချပါ ဒေဝီရာ ... ကိုယ်လုပ်ပေးမှာပါ"

"မနက်ပဲလုပ်ပါ ... ကျွန်မကတော့ လုံးဝ အချိန်မစောင့် နိုင်ဘူး ... ကိုတောက်နဲ့ ရှင့်သမီးယူရင် နည်းနည်းပါးပါးပေးမှာ"

မိမိရင်တွေနာကျင်ရသည်။ ချောမောလှပတဲ့ သမီးလေး ဒရိုင်ဘာကိုတောက်လို လူယုတ်မာတစ်ယောက်ရဲ့ ဇနီးမယား ခံယူရမှာလား ... ပြီးတော့လည်း ဒေဝီနဲ့ဖောက်ပြန်

www.burmeseclassic.com



ဒေဝီနိုင်လက်အောက်မှာတော့ မနေတော့ဘူး ... ဒေဝီနိုင့်ကို အရှုံးသတ်လိုက်သည်။

"မနက်ဖြန် မင်းဖြစ်ချင်တာတွေ လုပ်ပေးပါ့မယ် ဒေဝီ ... လာပါ အိပ်ကြရအောင်"

"ကောင်းပြီ ... "

ဒေါ်ဒေဝီနိုင် အောင်မြင်သူကြီးအဖြစ် မောက်မားဝင့်ကြွားနေသည်။ ကိုတောက်ကိုလည်း ဖယ်ရှားပစ်ရမယ် ... ဒင်းက မိမိအား တွယ်ကပ်ချင်းနေချင်သေး၏။ ခွေးကောင် မိမိကတော့ စည်းစိမ်တွေအပြည့်နှင့် ကိုပန်းတိုင်ကိုလည်း ခေါက်ပစ်လိုက်တော့မည်ဖြစ်သည်။ ကိုတောက် ခရီးထွက်နေတယ် ... မိမိဆီက ပိုက်ဆံတွေယူသွား၏။ အခုက ကိုပန်းတိုင်ဆီက မြို့ကြီးပါမို့ပဲ ... ကိုတောက်ဆီက ဖုန်းဆက်တော့ အတော်ပဲဖြစ်သွားသည်။

"မမဒေဝီလား ... ကျွန်တော် အရမ်းသတိရလို့ ဆက်လိုက်တာပါ ... "

ကိုပန်းတိုင်ရှိနေ၍ မိမိသာလေး အပြင်ထွက်လာခဲ့သည်။

"ကိုတောက် နင်ဘယ်ကနေပြန်လာတာလဲ ... အတော်ပဲ ကောင်မလေးရောက်နေပြီ"

"မေနှင်းမှုံကို စိတ်မဝင်စားပါဘူး ... မမဒေဝီ လောလောဆယ် ကျွပ် ဟိုတယ်မြမာလာမှာ ရပ်နေတယ် ... ခင်ဗျားနဲ့လည်း မတွေ့ရတာ ကြာပြီ ... မဝေးပါဘူး လာခဲ့ပါ ... "



"ဟဲ့ ... ငါလာလို့ ဘယ်ဖြစ်မလဲ ကိုပန်းတိုင်ရှိတယ် ... မင်းအတွက် ငါလုပ်ပေးမှာပါ မေနှင်းမှုံလွှာကို ရအောင်ယူစမ်းပါ ငါ့တူမ ချစ်သူကိုလုယူသွားတဲ့ကောင်မကို ပညာပေးချင်လို့"

"ဟုတ်ပါပြီ ... ကျွပ်ယူမှာပါ ရှေ့ဆက်မေနဲ့ပဲ ကျွပ်ဘဝခရီးဆက်တော့မယ် ... ဒီည နှုတ်ဆက်ပွဲလေး ကျင်းပချင်တယ်"

"ကိုပန်းတိုင်ရှိတယ်ဟဲ့ ... မနက်ဖြန် သူ့ဆီက လွှဲပြောင်းရယူစရာတွေ ရှိတယ် ... ငါ မလာနိုင်ဘူး"

"လာစမ်းပါ ... မမဒေဝီရယ် ကျွန်တော်အရမ်း တမ်းတနေမိလို့ပါ ... စိတ်ဆာနေတယ်"

"ခွေးကောင် ... "

ဦးပန်းတိုင် အနားကပ်ပြီး မိမိကနူးနှပ်ရဦးမည်။ မြို့ကို အရယူရမယ် ကိုတောက်ကိုလည်း မိမိမလွှန်ဆန်နိုင်။ ဒီကောင်နဲ့က လုပ်စရာတွေ လုပ်ထားခဲ့တာဖြစ်သည်။

"မမဒေဝီလာခဲ့ပါဗျာ ... ကျွန်တော် လုံးဝမနေနိုင်တော့ဘူး ... နှုတ်ဆက်ပွဲလေးပါ"

"ဘယ်အချိန်ရှိပြီလဲ ... ခွေးကောင် နင့်ကိုအလိုမလိုက်နိုင်တော့ဘူး တော်ပြီ ... "

မိမိ ဖုန်းပိတ်လိုက်ပြီး အလှည့်တွင် မိမိနောက်မှ ကိုပန်း

www.burmeseclassic.com


နိုးလေးပြည့်စာပေ

www.burmeseclassic.com



တိုင်ရပ်နေသည်။

"ကိုပန်းတိုင် ... "

"မင်းနဲ့ကိုတောက်က ဘာလဲ ... "

"ဘာရမလဲ ရိုးရိုးပါ ... ကျွန်မရဲ့ သမက်လောင်းလေ အမြန်လာဖို့ခေါ်နေတာပဲ ... "

"ဟုတ်လား ... "

"ဒေဝီ ... "

"ဘာလဲ ... "

"မင်းနဲ့ကိုတောက် ဖောက်ပြန်နေတာ ငါမသိဘဲနေမလား"

"ဘာရှင့် ... "

"မင်းလင်ကကိုတောက်ပဲ မင်းနဲ့ကိုတောက် ငါ့ကိုအကွက်ဆင် ထောင်ချောက်ထဲ ဆွဲသွင်းခဲ့ကြတာ"

"ရှင် ဘာတွေလာပြောနေတာလဲ ရှင့်မှာ သက်သေရှိလို့လား ... ပြလေ ... လူတစ်ယောက်ကို ရမ်းစွပ်စွဲလို့ရမလား ... မကျေနပ်ရင် သက်ဆိုင်ရာကို တိုင်လိုက်လေ ... "

"ငါ မတိုင်ဘူး သက်ဆိုင်ရာကို တိုင်လို့ရတဲ့ ဖြေရှင်းနည်း မဟုတ်ဘူးဆိုတာ ငါသိပါတယ် ... "

ကိုပန်းတိုင်ရဲ့ အကြည့်တွေက ကြောက်စရာကောင်းလောက်အောင် ဝင်းတောက်မာထန်နေသည့် ဒေါ်ဒေဝီနိုင်ကို





တကြိမ်တခါမျှ ထိုကဲ့သို့ မကြည့်ဘူးပေ ... ။

"ရှင်က ကျွန်မကို အာခံချင်တာလား ကိုပန်းတိုင် ... ရှင်ရဲ့ အမြင်းကျောထထားတဲ့ သက်သေအထောက်အထားတွေက ကျွန်မတို့ဆီမှာနော် ... ရှင်အရှုက်ကွဲမယ် ရှင့်သမီး ဘာဖြစ်သွားမယ်ဆင်လဲ ... "

"ဟုတ်တယ် ... အဲဒီကိစ္စကို ငါအပြတ်သားဆုံး ဖြေရှင်းဖို့ ဆုံးဖြတ်ထားတယ်"

"ကျွန်မတို့က အင်တာနက်ကိုတင်လိုက်မှာနော်"

"မိန်းမယုတ်မ ကောက်ကျစ်စဉ်းလဲလွန်းတဲ့မင်းလို မိန်းမကို အပြတ်ရှင်းပစ်ရလိမ့်မယ် ... ငါ့ ဂုဏ်သိက္ခာထက် လူ့လောကကြီးထဲမှာ နင်လုံးဝ မရှိသင့်တော့လို့ပဲ"

"ရှင် ... ရှင်"

"အင့် ... "

"သေစမ်း ... မင်းအတွက် ငရဲပဲထိုက်တန်တယ်"

"အင့် ... "

"အား ... ရှင် ... ရှင်"

ကိုပန်းတိုင်က မထင်မှတ်စွာဖြင့် မိမိရင်ဝကို ပူးကပ်လျှက်အားနှင့်ထိုးသည်။ ရင်ဝမှာ စူးအောင့်သွား၏။ အမလေး သေပြီထင်တယ် ... ကိုတောက်ရေ မမကိုလာကယ်ပါဦး ... ကိုတောက်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ရင် အကောင်းသားပဲ မျက်လုံးတွေ ပြာဝေလာသည်။

"ငါလုပ်ရမယ့် အလုပ်က မင်းကိုသတ်ပစ်လိုက်ဖို့ပဲ ... ငါ အလုပ်ပြီးသွားပြီ ဒေဝီနိုင်"

"ရှင် ... ရှင် ရက်စက်တယ် ... တောင်းပန်ပါတယ်နော် ကျွန်မကို ဆေးရုံပို့ပေးပါ ... ဒေဝီကို ချစ်တယ်ဆို ... မသေပါရစေနဲ့"

ဒေဝီနိုင်က လက်အုပ်ချီလျက် ဒူးထောက်တောင်းပန်မေမယ့် ဦးပန်းတိုင်ကတော့ ဆုံးဖြတ်ချက်ခိုင်မာပြီး ဖြစ်သည်။

"အင့် ..."

"အား ..."

နောက်ဆုံး တစ်ချက်ထိုးချလိုက်ပြီး ဓားကိုဆွဲထုတ်ပစ်လိုက်သည်။ ဦးပန်းတိုင် ခြေရင်းမှာ ဒေဝီနိုင် ခန္ဓာကိုယ်ကြီးက လဲကျသွား၏။ မိမိကျောခိုင်းပစ်လိုက်သည်။

"ဒက်ဒီ ... ဘယ်လိုလုပ်လိုက်တာလဲ ... ဖြစ်မှဖြစ်ရလေ ဒက်ဒီရယ် ... ဒေါ်ဒေဝီနိုင့်ကို ဆေးရုံပို့ရအောင်ပါ"

"သူသေပြီ ..."

"ဒက်ဒီ ... ဒက်ဒီကရော"

"သွားအဖမ်းခံမယ် သမီး ... ရဲစခန်းကို ဒက်ဒီသွားမယ် သမီးဘာမှမကြောက်နဲ့ သတ္တိရှိရှိ ရင်ဆိုင်ပါ ... သမီးကို ဒက်ဒီ မိတ်





ဆွေ ရှေ့နေကြီးက လာကူညီလိမ့်မယ် ... သမီးရသင့်တဲ့ ဒက်ဒီ ငွေးစိမ်ဥစ္စာတွေ သူပေးလိမ့်မယ်"

"သမီး ဘာမှမလိုချင်ပါဘူး ဒက်ဒီ ... မေတစ်ယောက်ထဲ ဘယ်လိုရင်ဆိုင်ရမလဲ ... မေကြောက်တယ်"

"မကြောက်နဲ့ အားမငယ်နဲ့ သမီးအတွက် ဒက်ဒီအားလုံး စီစဉ်ထားပြီးပြီနော် ... အခု ဒက်ဒီသက်ဆိုင်ရာကို ဖုန်းဆက်မယ် ဒက်ဒီ အဖမ်းခံလိုက်မယ် ... သက်ဆိုင်ရာကပေးတဲ့ အပြစ်ကို ဒက်ဒီ ခံယူမယ် ... သမီး မေ သတ္တိရှိဖို့ပဲ လိုအပ်ပါတယ်"

"ဒက်ဒီရယ် ..."

ဒက်ဒီ ရင်ခွင်ထဲ မေ တိုးဝင်ဖက်တွယ်ထားမိသည်။

"မငိုပါနဲ့ သမီးလေးရယ် ... ဒက်ဒီ့ကြောင့်ပါ အသုံးမကျတဲ့ အဖေကြောင့်ပဲ ... ခင်းတို့ရဲ့ သွေးဆောင် ဖြားယောင်းမှုထောင်ချောက်ထဲ တိုးဝင်မိသွားတယ် ... မိသားစုပါ ပြိုကွဲခဲ့ရတယ်လေ"

"ဒက်ဒီ ..."

"ပြော ..."

"မာမီ နားခေါင်းမှာစာပ်တဲ့ အောက်စီဂျင်ကို ဘယ်သူဖြုတ်ပစ်လိုက်တာလဲ ..."

"ဒေဝီနိုင်ပဲ ..."

"ရက်စက်လိုက်ကြတာ"



www.burmeseclassic.com

"ဒီမိန်းမကို ဒီလိုလုပ်မှပဲ ဖြစ်တော့မယ် သမီး ... ဒက်ဒီ မှာချင်တာကလေ အရာအားလုံးကို သမီးသတ္တိရှိရှိ ရင်ဆိုင်ပါ ဒက်ဒီ ထောင်ထဲမှာ အပြစ်ကျခံပြီးရင် ပြန်လာမယ် ... သမီး သတ္တိရှိပါ"

ဒက်ဒီ ဖုန်းဆက်လိုက်သဖြင့် သက်ဆိုင်ရာတွေကလာပြီး ဖမ်းကြသည်။ မေ့ကို သတ္တိရှိဖို့ အားမငယ်ဖို့ ဒက်ဒီက အထပ်ထပ် မှာကြားပြီး ဖမ်းဆီးခေါ်ဆောင်ရာနောက် လိုက်သွားသည်။ ဒေါ်ဒေဝီနိုင် အလောင်းကိုလည်း မှတ်တမ်းတင်တာတွေ လုပ် ဆောင်၍ သက်ဆိုင်ရာက သယ်ဆောင်သွားကြ၏။ နောက်ဆုံး တိုက်ကြီးထဲမှာ အိမ်ဖော်အဒေါ်ကြီးနှင့် အတူတူကျန်ခဲ့တာက မေ တစ်ယောက်ထဲပါ ... ဒေါ်ညွှာကို သတိရမိသည်။

"ကိုကိုရယ် မေ့ကိုလာကယ်ပါဦး ... မေ အရမ်းကြောက် တယ်"

ကိုကို့ဆီလှမ်းဖုန်းဆက်ဖို့ စိတ်ကူးမိပေမယ့် မေတို့ ကိစ္စ အရှုပ်တွေထဲမှာ ကိုကိုနာမည် ဝင်မပါစေလို၍ အဆက်အသွယ် မလုပ်ဖို့ ဆုံးဖြတ်ထားလိုက်သည်။

"မေ ... သမီး ဘာမှမကြောက်နဲ့နော် မနက်ဖြန် အန်ကယ် ရောက်လာမယ် ... သမီး ဒက်ဒီဖုန်းဆက် ထားပြီးပါပြီ"

ဒက်ဒီ မိတ်ဆွေရှေ့နေကြီးက ဖုန်းဆက်သည်။ အိမ်ဖော် အဒေါ်ချောကလည်း ဘာမှ အားမငယ်ဖို့ အားပေးနေ၏။ မနက်ဖြ





ဒက်ဒီ မိတ်ဆွေနဲ့ မေလိုက်သွားမယ်။ ဒီတိုက်ကြီးထဲမှာ မနေချင် တော့ပါဘူး။ ဒက်ဒီရဲ့ နောက်ဆုံးသမီးအတွက်ပဲ ထည့်သွင်းစဉ်းစား ၍ အပြတ်သားဆုံး လုပ်ဆောင်ခဲ့သည်။

"သမီးရဲ့ ရုပ်ရည်နဲ့ အဆင့်က ဒရိုင်ဘာမိန်းမ တစ်ယောက် လုံးဝ မဖြစ်စေရပါဘူး ... ဒက်ဒီကြောင့် သမီးလေးဘဝနိမ့်ကျခဲ့ရ တယ် ... ဒက်ဒီ ဂုဏ်သိက္ခာထက် သမီးလေး အနာဂတ်အရေး ကြီးပါတယ်ကွယ် ... ဒက်ဒီ မိတ်ဆွေက အားလုံးစီစဉ်ပေးပါလိမ့် မယ်"

မေ ကြောက်တယ် သတ္တိလည်း မရှိဘူး ... မနက်ဖြန် ဒက်ဒီ ရှေ့နေကြီး ရောက်လာရင် မေ ကြောက်စရာကောင်းတဲ့ ဒီမြို့ကြီး ထဲကနေ ထွက်သွားဖို့ ဆုံးဖြတ်ထားသည်။ မာမီ မေ့ဘဝ ဘယ်လို ခရီးဆက်ရမလဲ ဟင် ... ခက်ခဲ ကြမ်းတမ်းလွန်းပါတယ် ... မာမီ ကူညီပါနော် ... မေ ဆုတောင်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

"မေ ... "

"ဟင် ... "

သူမ မေးခဲ့ အိပ်ပျော်သွားရာမှ သူမနာမည်ခေါ်သံကြောင့် မေလန့်ပြီး ကိုကိုရောက်လာတာလားဟု မျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်သွားပြီး ထလိုက်သည်။

"ဟင် ... ရှင် ... ရှင် ... ကိုတောက် ဒီအထဲ ဘယ်လိုဝင် လာတာလဲ ... "

"မေရယ် ဒါများ ကိုယ့်ဆီမှာ ဒီတစ်တိုက်လုံး ဖွင့်စေနိုင်တဲ့ သော့တွေ ရှိတယ်လေ ... ဥပမာ ဒေါ်ချောက ကိုယ့်လူပဲ"

"ဟင် ... "

"ကိုယ် ဖုန်းဆက်လိုက်တော့ ... ဒေါ်ချောက အကျိုး အကြောင်းတွေပြောပြတယ် ... မေ့ကိုစောင့်ရှောက်ဖို့ ကိုယ်ရောက်





လာတာပါ ... "

"မလိုပါဘူး ... ဒေါ်ဒေဝီနိုင်လည်း မရှိတော့ဘူး ... ရှင် ထွက်သွားနော် ... ဒီတိုက်ထဲ ရှင်ဝင်ခွင့် လုံးဝမရှိတော့ဘူး"

"ရှိတယ်လေ ... မင်းကို စိတ်မချဘူး ... ကိုယ်စောင့်ရှောက် ဖို့ လိုအပ်တယ် ... မမဒေဝီမရှိတော့ မင်းကိုအရယူမှ ဖြစ်တော့မယ် လေ ... "

"ရှင် ... ရှင် ... "

"မင်းကို ကူညီမယ့်လူ တစ်ယောက်မှ မရှိဘူး ... ဒေါ်ချော က ကိုယ့်လူလေ ... မင်း အသာတကြည်နေစမ်းပါ ... ကိုယ့်ကိုယ် အားကိုးကိုးပါ ... ကိုယ့်ရင်ခွင်ထဲမှာ နားခိုပြီးပျော်ပါ ... "

"ရှင် ... ရှင် လူယုတ်မာ"

"အရင်ကလို မင်းထွက်ပြေးလို့ မလွတ်နိုင်တော့ဘူး မေ ကိုယ်က တမင်လျှော်ပေးလိုက်တာ မမဒေဝီကိုချစ်လို့"

"ဘာ ... "

"မမဒေဝီမရှိတော့ မင်းကို အရယူပြီး ငါချစ်ရတဲ့ မမဒေဝီ အစား မင်းကိုနှိပ်စက်ရမယ်လေ"

"ရှင် ... ရှင် ... ကျွန်မအနားမကပ်နဲ့နော် ... ကျွန်မ အရှင် ရဲ့ အသက်ကိုလဲပစ်မှာနော်"

"ဒီတစ်ခါတော့ မင်းမရတော့ဘူး မေနှင်းမှုံရွှာ မင်းကို

www.burmeseclassic.com

www.burmeseclassic.com



အရယူမှ မင်းလင်ဘဝနဲ့ စည်းစိမ်တွေကို ရမှာလေ"

"ရှင် ... ရှင်"

မေပြေးပေါက်မရှိတော့ ကိုတောက်ကဝိတ်ထားသည်။ ပြီးတော့ ဒေါ်ချောက ကိုတောက်ရဲ့လူ မေခန္ဓာကိုယ်လေးအား ကိုတောက်ကပွေ့ဖက်၍ ခုတင်ပေါ် လှဲချပစ်လိုက်၏။ မေ ကြောက်လန့်တကြားနှင့် တွန်းထိုးရုန်းကန်ပေမယ့် မလွတ်။ အင်အားခြင်း မမျှ သူ့လက်တွေက မေ့အင်္ကျီတွေကို ချွတ်ဖို့ကြိုးစားနေသည်။

"လူယုတ်မာ ရှင့်ကိုရဲတိုင်မယ် ... လွှတ်နော် လွှတ်"

"တိုင်လေ ... ကိုတောက်တို့က ထောင်လည်းမကြောက်ဘူး ... မင်းအရှက်မရှိရင် တိုင် ... ဒေါ်ချောက မင်းဖုန်းဆက်ခေါ်လို့ ကိုယ်ရောက်လာတာပါလို့ သက်သေထွက်ပေးလိမ့်မယ်"

မမဒေဝီ မရှိတော့ဘူးဆိုတော့ ကိုတောက် ငွေတွင်းပိတ်ပြီး ထို့ကြောင့်ပင် မေ့ကိုအရယူမည်။ မေက သူဌေးသမီး ဦးပန်းတိုင်း၏ သူ့ဂုဏ်သိက္ခာကို အနင်းခြေခံသွားတာပဲဖြစ်သည်။

"မင်း ငြိမ်ငြိမ်လေး ကိုယ်နဲ့ မင်္ဂလာဦးညကို ဖြတ်သန်းလိုက်ပါလား မေရယ် ... မင်းမှာ အားကိုးရာမှ မရှိတာပဲ"

"ကျွန်မမှာ တရားဝင်လက်ထပ်ထားတဲ့ လူရှိတယ် ... ရှင် တရားစွဲခံရမှာနော်"



"မေရယ် ... မင်းလုပ်ကြည့်လေ ဒေါက်တာမင်းထင်သော် နာမည် မှုခင်းဂျာနယ်မှာပါစေချင်လို့လား ... ကိုတောက်က သေမထူး နေမထူးဘဲ"

မေဘာယ်လိုမှ ရုန်းကန်တွန်းဖယ်ပစ်လို့ မရ။ မေ့ဘဝတော့ ဆုံးပါပြီ ဒက်ဒီရဲ့ မနက်ဖြန်တောင် မေ့ဘဝ ကံကောင်းစေဖို့ အချိန်မပေးပါလား ... မေ ကံဆိုးမိုးမှောင်ကျတာပဲ မေ တဖြည်းဖြည်းနှင့် အင်အားတွေ ချိနဲ့ မောပမ်းလာသည်။ ကိုတောက်ပြုသမျှ နုရတော့မည့် အနေအထားဖြစ်သွား၏။ မလှုပ်ရှားနိုင် မေဖြစ်ချင်ရာဖြစ် မျက်ဝန်းတွေကို စုံမှိတ်ပစ်လိုက်သည်။

"အား ... "

"ဟင်"

ကိုတောက် အော်သံကြီးထွက်ပေါ်လာပြီး သူ့မ ခန္ဓာကိုယ်လေးပေါ်မှ ခွာလိုက်သည်။ တုတ်ကြီးကိုင်ပြီး ရပ်နေသူက ဒေါ်ချော ...

"ဟင် ... ဒေါ်ချော ခင်ဗျားကြီးက သစ္စာမဲ့တာပဲ ... ကျုပ်ကျေးဖူးတွေကို ကန်တာပေါ့လေ"

"ဟုတ်တယ် ... ဒီကလေးမလေးအပေါ် နင်တို့ယုတ်မာ ဝက်စက်နေတာတွေ ငါကြည့်မနေနိုင်တော့ဘူး ... နင်ကိုငါ သတ်ပစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီးကများ ..."

"မေ ... ပြေးတော့ ဒေါ်ချော တံခါးတွေအားလုံး ဖွင့်ထားတယ် ... လွတ်အောင်ပြေး ... နောက်ကြောင်း ပြန်မကြည့်နဲ့ ဒီမှာ ဒေါ်ချော တာဝန်ယူထားမယ် ... ပြေးလေ ပြေး ဘာမှ မကြောက်နဲ့ ပြေးလေ"

ကိုတောက်က ဒေါ်ချောဆီကနေ တုတ်ကိုလုနေသည်။ သူ့လက်ထဲ တုတ်မရောက်ခင် ဒေါ်ချောက အတင်းပြေးခိုင်းနေ၍ မေ ထွက်ပြေးလာခဲ့၏။ မြို့ကြီးတွေက တခြိန့်တခြိ အကျယ်ကြီးတွေ ဖြစ်သဖြင့် တခြိကတခြိ ဖြစ်ပျက်နေတာတွေ ဘာမှ မသိနိုင်ကြ။ မေ လမ်းမကြီးအတိုင်း အားသွန်ခွန်စိုက် ပြေးနေ၏။ မိုးတွေက သဲသဲမဲမဲနှင့် တဝေါဝေါရွာချလာသည်။ ကိုကိုနှင့် တွေ့ဆုံခဲ့တဲ့ ညလေးတစ်ညကို အမှတ်ရလာသည်။

"ကျွန်မဒုက္ခကို ကယ်တင်ပါဦး ကိုကိုရယ် ... မိုးတွေက လည်း မညှာမတာ အရမ်းရွာနေတယ် ... ကိုကိုက ကျွန်မကို မုန်းတီးရွံ့ရှာပြီး မေ့ပစ်လိုက်တော့မှာပါ"

"ဝေါ ... ဝေါ"

"ဝေါ ... ဝေါ"

"ခြိမ်း ... ဂလိန်း"

ဒေါ်ချောရော ဘာတွေဖြစ်နေပြီလဲ ... ကိုတောက်ရန်က





လွတ်အောင်တော့ မေ အားသွန်ခွန်စိုက်ပြေးရမည်ဖြစ်သည်။

"တီ ... တီ"

"တီ ... တီ"

"ဟော ... ကားတစ်စီးလာပြီ ... တားရမယ် အကူအညီ တောင်းရမယ် ... ရပ်ပါ ရပ်ပါ ... ကျွန်မကို ကယ်ပါ ကယ်ပါ"

မိုးတွေထဲမှာ မေတအားအော်ဟစ်ပြီး တားဆီးနေမိသည်။

"ရပ်ပေးပါ ... ကယ်ကြပါဦးရှင် ... ကားရပ်ပေးပါ ကျွန်မ လူကောင်းပါ ... ဒုက္ခတွေ့နေလို့ပါ ကယ်ပါရှင်"

ကားက မရပ်ပေးဘဲ မေ့ကိုကျော်သွားသည်။ မေ အော်ဟစ်ရင်း ခေါင်းတွေချာချာလည်အောင် မူးလာပြီး လမ်းမပေါ်လဲကျသွား၏။ မေ့မျက်ဝန်းတွေထဲမှာ အမှောင်ထုက အထပ်လိုက်ကျသွားလေသည်။

"ဟင် ... မိန်းကလေးတစ်ယောက် တားနေတာပဲ ... မေများလား ... လမ်းပေါ်လဲကျသွားပြီ အရေးကြီးပါတယ် ဆိုမှကွာ"

ဒေါက်တာမင်းထွဋ်သော် ကားကိုဆက်မောင်းသွားတော့မလိုဖြစ်ပြီးမှ နောက်ပြန်ဆုတ်၍ ကားကိုရပ်ပစ်လိုက်၏။ မေ့ကို သတိရလာမိသည်။ မေနှင့်တွေ့ဆုံခဲ့တုန်းကလည်း ဒီလိုအချိန်မျိုး မိုးသဲသဲထန် ရွာသွန်းနေတဲ့ညမှာပါ ... သူကားပေါ်ကဆင်းပြီး မိန်းကလေးကိုကြည့်လိုက်တော့ ထူးဆန်းအံ့ဩဖွယ် မေနှင်းမှုံသာ



www.burmeseclassic.com

ဖြစ်နေ၏။ မေ့စာလေးကိုဖတ်ပြီး မေ့ကိုလည်း မစွန့်လွှတ်နိုင်သဖြင့် မေနေထိုင်ရာ လိပ်စာအား ပွဲထဲတွင် မေးပြီးလိုက်လာခဲ့ခြင်းဖြစ်လေသည်။ ကားမီးရောင်အောက်မှာလဲနေသူက မေမှ မေ ... သူ ဝယ်ပေးထားတဲ့ နက်ပြာရောင် ဝမ်းဆက်လေးနှင့်ဖြစ်သည်။

"မေ ... မေရယ် ဘယ်လိုဖြစ်လာရပြန်ပြီလဲ ... ကိုကို စိတ်မချလို့ လိုက်လာခဲ့တာပါ"

မေ့ကို ကားပေါ်ပွေ့တင်ပြီး ပို့ပေးထားတဲ့ လိပ်စာအတိုင်း မေတို့နေထိုင်တဲ့ မြို့ကြီးဆီ ကားမောင်းလာခဲ့သည်။ မေက သတိလစ်နေ၏။ ဒေါ်ဒေဝီနိုင် နေတဲ့လိပ်စာကို ပို့ကပေးလိုက်ခြင်းဖြစ်သည်။

"အန်တီဒေဝီက ဖုန်းဆက်တယ် မေနှင်းမှုံလွှာ သူ့ဆီရောက်လာပြီတဲ့ ... ဒရိုင်ဘာ ကိုတောက်နဲ့ပဲပေါင်းတော့မယ်တဲ့ ... ပုံ မအနဲ့ ဒေါက်တာမင်းထင်သော်ကို အရယူတဲ့ ... ရှင် ဘာဆက်လုပ်မှာလဲ မင်းထင်"

သူ ဆုံးဖြတ်လိုက်သည်။ မေ့ကို မစွန့်လွှတ်နိုင်။ ဒေါ်ဒေဝီနိုင် ဘယ်လောက်အထိ ကောက်ကျစ်ယုတ်မာနေမလဲ ... သူ့ ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး မေ ရှောင်ထွက်သွားတာ ဖြစ်ကြောင်းသူသိသည်။

"မေ့ကို မစွန့်လွှတ်နိုင်ဘူး ... ပုံကိုယ်လိုက်သွားမယ် မေ့ကို





မျက်နှာချင်းဆိုင် ကိုယ်တိုင်မေးမယ် ... မေက ကိုယ့်ရဲ့တရားဝင်ဇနီးပဲ"

ဒေါက်တာမင်းထင်သော် စဉ်းစားတွေဝေမနေတော့ဘဲ မေနေထိုင်တဲ့ မြို့လေးဆီ ကားမောင်းထွက်လာရင်း အုံ့ဆိုင်းထူးဆန်းစွာ လမ်းမှာပဲ မေနှင့်တွေ့ဆုံရသည်။ မိုးတွေကလည်း သည်းသည်းထန်နေ၏။ သူနှင့်တွေ့လို့ တော်ပါသေးရဲ့ မေတို့ခြံထဲရောက်တော့ ရဲတွေ ရောက်နေသည်။

"ခင်ဗျားက ဘယ်သူလဲ ... ဒီခြံနဲ့ ဘယ်လိုပတ်သက်နေလဲ"

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်သော်ပါ ... မေရဲ့ ခင်ပွန်းပါ ... ဒီမှာ ဘာတွေဖြစ်နေတာပါလဲ"

မေ့ကို နွေးထွေးအောင် လုပ်ပေးပြီး ဆရာဝန်အား ဖုန်းဆက်ခေါ်ပြီး အကူအညီတောင်းရသည်။

"ဒေါက်တာရယ် မေလေးမှာ ဘာအပြစ်မှ မရှိပါဘူး ... ကျွန်မက ဒေါ်ချောပါ ... ကိုတောက်အကူအညီနဲ့ ဒီတိုက်ထဲမှာ အိမ်ဖော် အလုပ်ရပြီး သူတို့လုယံဖြစ်ပေမယ့် သူ့ဒွေးဦးပန်တိုင်ချို့ သားအဖအပေါ် မတရားလုပ်နေတာ မကြည့်ရက်တော့လို့ပါ မေလေးကို ကယ်တင်လိုက်တာပါ ... ကိုတောက် သေသွားပေမဲ့ ကျွန်မ ရိုက်ပစ်လိုက်တာပါ ... လူယုတ်မာတွေ စာတ်သိမ်သွားပါပြီ ဥပဒေကပေးတဲ့ အပြစ်တွေကို ကျွန်မခံယူပါတော့မယ်"

www.burmeseclassic.com



အိမ်ဖော်မကြီး ဒေါ်ချောက အဖြစ်အပျက်တွေအားလုံးကို ရှင်းလင်းပြောပြသည်။ သူလည်း သက်ဆိုင်ရာကို လက်ထပ်စာချုပ် ပြလိုက်၏။ မေ ဘယ်လိုအဖြစ်အပျက်တွေကိုပဲ ရင်ဆိုင်ရပါစေ သူ အကာအကွယ်ပေးဖို့ ဆုံးဖြတ်ထားသည်။

"မေလေးကို စောင့်ရှောက်ပေးပါ ... သနားစရာကောင်းပါ တယ် ... မိတွေးအဏ်ကို တော်တော်လေး ခံနေရတာပါ"

"စိတ်ချပါ ဒေါ်ချောရယ် ... မေ့ကို စောင့်ရှောက်မှာပါ ဒေါ်ချောကိုလည်း အကောင်းဆုံး ရှေ့နေတွေ ငှားရမ်းပြီး စွမ်း ကာကွယ်ပေးပါ့မယ်"

"ဒေါ်ချောက အရေးမကြီးပါဘူးကွယ် ... မေလေးဘဝက အေးချမ်းစေချင်ပါတယ် ... သနားလို့ပါ"

သက်ဆိုင်ရာတွေက ဒေါ်ချောကို ဖမ်းဆီးသွားကြသည်။ တစ်ရက်ထဲမှာပဲ လူသတ်မှုနှစ်မှုဖြစ်ရတဲ့အတွက် လူစိတ်ဝင်စားဆုံး အမှုအခင်း ဖြစ်သွားရ၏။ နောက်တစ်နေ့မှ မေသတိပြန်ရလာ သည်။

"ကျွန်မ ဘယ်ကိုရောက်နေတာလဲ ... ကြောက်တယ် အရမ်းကြောက်တယ် ... ကိုကိုရေ ကိုကို မေ့ကိုလာကယ်ပါဦး"

"မေ ... မေ သတိထားပါ မေ့အနားမှာ ကိုကိုရောက်နေ ပါပြီ"



ကိုကို့အသံပဲ မေကောင်းကောင်းမှတ်မိပါတယ် ... သူမ မျက်လုံးလေးတွေ ပွင့်သွားပြီး ကိုကို့ကို အသေအချာကြည့်မိသည်။

"မေ ... "

"ကိုကို ... တကယ်ကိုကိုနော် ... မေဘယ်ရောက်နေတာ လဲ ... "

"ကိုကို့ ရင်ခွင်ထဲမှာပါ"

"မေ ... မေလေ ဟို ဟိုလူရော"

"သေသွားပါပြီ ... "

"ရှင် ... "

မေ့ကို စိတ်ငြိမ်ငြိမ်ထားဖို့ ပြောပြီး အဖြစ်အပျက်တွေ အားလုံး ရှင်းပြလိုက်လေသည်။

"ကိုကိုရယ် ... မေ မှတ်မိပါပြီ ... အတိတ်လည်း မမေ့ပါ ဘူး အဖြစ်အပျက်တွေက တုန်လှုပ်ခြောက်ချားစရာ ကောင်းပေ မယ့် မေ အားလုံး မှတ်မိပါတယ်"

ဒက်ဒီက မှာထားခဲ့သည် ဘယ်လိုအခက်အခဲမျိုးကို မဆို အတွင်ကိုရင်ဆိုင်ပါတဲ့ ... မေ့ အနားမှာ ကိုကိုရှိနေ၍လည်း အင်အား တွေ သတ္တိတွေက အပြည့်ရှိနေ၏။ မေ မလိမ်မညာဘဲ အဖြစ် အပျက်တွေကို ပြောပြမိလေသည်။

"ကိုကိုယုံပါတယ် မေရယ် ... ကံကောင်းလို့ မေ့ဘဝအေး



www.burmeseclassic.com

www.burmeseclassic.com



မနစ်မွန်းရတာပါ ... ကိုကို အရမ်းစိတ်ပူပြီး မိုးသည်းသည်းထန်ထန် ရွာနေတဲ့အထိ မကြောက်မရွံ့ မောင်းလာခဲ့မိလို့ပေါ့ ... ”

“ကိုကိုရယ် မေ့ဘဝမှာ ကိုကိုနဲ့တွေ့ဆုံရခြင်းက ကံကောင်းခြင်းတွေပါ ... မေတို့ မိသားစု ပြဿနာတွေက ဟိုးလေးတကျော်ကျော် ဖြစ်နေရပါတယ် ... ကိုကို့ဂုဏ်သိက္ခာတွေ မထိခိုက်စေချင်လို့ မေထွက်လာခဲ့တာ ... မေနဲ့ ကိုကိုတို့ အပြီးအပိုင် ကွာရှင်းလိုက်ကြရအောင်ပါ ... ကိုကို့ ညီမလေးနေရာမှာပဲ မေနေချင်ပါတယ်”

“ကောင်မလေး ဘာတွေပြောနေတာလဲ ... ကိုကိုနဲ့ တရားဝင် လက်ထပ်ထားတာလေ ... ဘယ်လို အကြောင်းနဲ့မှ မကွာရှင်းနိုင်ဘူး ... မေ့ကို မစွန့်လွှတ်နိုင်လို့ ကိုကိုလိုက်လာခဲ့တာပဲ မေ”

မေ့ခန္ဓာကိုယ်လေးအား မင်းထင်သော် တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။ အပြစ်ကင်းစင်တဲ့ မိန်းကလေးပါ။ နောက်နေ့တွင် မေ့ ဒက်ဒီရဲ့ မိတ်ဆွေရှေ့နေကြီးရောက်လာ၏။ မေ့ ဒက်ဒီအစီအစဉ်တွေကို ပြောပြခဲ့သည်။

“သူပိုင်ဆိုင်သမျှ ပစ္စည်းတွေအားလုံးက မေ့အတွက်ပဲ သူ့ဘဝကိုနင်းခြေပစ်မယ်တဲ့ ... ပန်းတိုင်ကို ထောင်ချောက်ဆင်ပြီး ကိုတောက်နဲ့ ဒေဝီနိုင်တို့က အမိဖမ်းလိုက်ကြတာမို့ သူဒီလိုလုပ်လိမ့်မယ်လို့ အန်ကယ်မထင်မိဘူး ... ပန်းတိုင်က လူရိုးလူတော်





ပါ အရှက်သိက္ခာကိုကာကွယ်ရင်းနဲ့ မိသားစုဘဝပျက်ရတယ်”

မေကတော့ ဒက်ဒီပြန်မလာမချင်း ဒီခြံကြီးထဲမှာ မနေလိုတော့ကြောင်း ပြောပြသည်။

“ဒက်ဒီ့အမှု သက်သာအောင် ကြိုးစားပေးပါ အန်ကယ် မေ ဘာစည်းစိမ်ဥစ္စာတွေကိုမှ မမက်မောပါဘူး ဖေဖေလွတ်မြောက်ရေးပဲ အရေးကြီးတယ်နော် ... ဒက်ဒီကို ကူညီပါ”

“စိတ်ချပါ သမီးရယ် ... အန်ကယ် အတတ်နိုင်ဆုံး ကူညီပါ့မယ်”

ရှေ့နေကြီး ပြန်သွားပေမယ့် မေက တခြားတစ်နေရာမှာ ပြောင်းနေဖို့ စီစဉ်သည်။

“အမှုမပြီးမချင်း မေ ဒီအနားတဝိုက်မှာပဲ နေရမှာပါ ကိုကို မေ ဘာကိုမှ မကြောက်ပါဘူး ... မေ့ကို စိတ်ချပါနော် ကိုကိုပြန်ပါ”

“ကိုကို မပြန်ဘူး ... မေနဲ့ပဲနေမယ် ဆေးရုံလည်းပြောင်းဖို့ စီစဉ်ထားတယ်”

“ကိုကို ... အဓိပ္ပါယ်မရှိတာပဲ ... အဲဒီလို မလုပ်ပါနဲ့ မေ့အတွက် ကိုကို ဒီလောက်အထိ ပေးဆပ်စရာမလိုဘူးထင်ပါတယ်”

“မေက ကိုကို့ဇနီးလေ တရားဝင်လက်ထပ်ထားတာနော် မေ့ ယောကျ်ားတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ် ..."

မေ့ကို ဆွဲပွေ့ယူပြီး ကိုကို့ရင်ခွင်ထဲမှာ ထွေးပွေ့ထားသည်။ မေ့နဖူးပေါ် ဝဲကျနေတဲ့ ဆံနွယ်လေးတွေကို ပွတ်သပ်ပေးရင်း မေ့ဘဝတစ်ခုလုံး အကာအကွယ်ပေးနေသည်။ မေ့ စိတ်တွေ ပျော်ရွှင်အားတက်ရ၏။ ကိုကို့ ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားလေသည်။

ရှင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com